ဒေါက်တာမိုလာ

သွားတစ်ချောင်း ၏ တန်ဖိုး

မောင်အတွာ နဲ့ ဒေါက်တာနီး ဆွေးနွေးခန်းများ



ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဖိုင်း – ဘဋ္ဌေးကြည်

ထုတ်ဝေသူ – ဒေါ်အေးအေးပြုံး
ပင်ပါးရုံစာပေ၊ အမှတ် ၂၂၂၊ အခန်း ၄၀၁
စံပယ်မာဃလမ်း၊ ဟံသာဝိုင်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးဇော်မြင့်ဝင်း
ကာလာဇုန်ပုံနှိပ်တိုက်၊ အမှတ် ၁၈၄(ဘီ)၊ ၃၁လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၅၀၀ ကျပ်

ပင်ပါးရုံစာပေ

အမှတ် ၁၂၊ ဘလောက် ၅၁၊ ဧည့်ဝတ်လမ်းနှင့် ၂၅ လမ်းထောင့်
နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၆၈၉ ၄၆၂၊ ၀၉ ၅၀၆ ၁၄၄၅၊ ၀၉ ၅၁၀ ၀၉၄၉။

ဒေါက်တာမိုလာ ၁၅၅၈ ၄
သွားတစ်ချောင်း၏ တန်ဖိုး/ ဒေါက်တာမိုလာ။ – ရန်ကုန်။
ပင်ပါးရုံစာပေ။ ၂၀၁၂။
စာမျက်နှာ ၁၈၃။ ၁၁.၅ စင်တီမီတာ ၁၇.၅ စင်တီမီတာ။
(၁) သွားတစ်ချောင်း၏ တန်ဖိုး

မာတိကာ

၁။ 'သွား'ပြရမှာ ကြောက်နေခြင်း ✦ ၇
၂။ သွားနဲ့ ဆား ✦ ၁၀
၃။ သွားနဲ့ မီးသွေး ✦ ၁၃
၄။ သွားနဲ့ ပရုတ်ဆီ ✦ ၁၅
၅။ ဒန်ပူစားတယ်ဆိုတာ ... ✦ ၁၇
၆။ သွားကြားထိုးတံနှင့် သွားကြားပွတ်ကြိုး ✦ ၁၉
၇။ သွားပိုးစားခြင်းနှင့် သွားတိုက်ဆေး ✦ ၂၂
၈။ သွားခိုင်ဖို့လိုတယ် ✦ ၂၄
၉။ သွားကျောက်ခြစ်လို့ သွားလှူပ်တာလား ✦ ၂၇
၁၀။ ရှေ့သွားအမြစ်ပဲ ရှိခဲ့ရင် ✦ ၂၉
၁၁။ ရှေ့အပေါ်သွား ပြတ်ထွက်သွားသော် ✦ ၃၁
၁၂။ ရှေ့ အပေါ်သွားတစ်ချောင်း မရှိခဲ့သော် ✦ ၃၃
၁၃။ နို့ပိုးစားသွားများ ✦ ၃၅
၁၄။ သွားဖာမယ်ဆိုရင် ... ✦ ၃၈
၁၅။ သွားဖာခြင်း ✦ ၄၀
၁၆။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ✦ ၄၃
၁၇။ အောက်အံသွား မရှိခဲ့ရင် ... ✦ ၄၅
၁၈။ အောက်အံသွား မစိုက်ခဲ့ရင် ... ✦ ၄၈
၁၉။ ပညာရှိ သွား ✦ ၅၁
၂၀။ ရှေ့က ကိုက်၊ နောက်က ဝါး ✦ ၅၄
၂၁။ သွားပေါ်က စိန် ✦ ၅၆
၂၂။ အာဒံနဲ့ ဝေလို ဖြစ်ချင်တယ် ✦ ၅၈
၂၃။ ရှုတတလေးမှသည် ... ✦ ၆၀
၂၄။ သွားလည်းပါ ကားလည်း ပါနိုင်တယ် ✦ ၆၂
၂၅။ ဘယ်သန် ညာသန် ✦ ၆၄
၂၆။ လက်မ စုပ်ခဲ့မိလို့ ... ✦ ၆၇
၂၇။ မညီလို့ ညှိတယ်ဆိုတာ ✦ ၇၀

"သွား" ပြရမှာ ကြောက်နေခြင်း

မောင်အတွာ ဆရာရေ ...၊ လူတွေတော့ 'အတွာ' ဖြစ်နေကြတယ်။

ဒေါက်တာနီး ဘာ 'အတွာ' လဲ။ လာပြန်ပြီ၊ ဘာပြောချင်တာလဲ။

မောင်အတွာ ဆောရီး ဆရာ၊ လူတွေကလေ 'သွား' ပြရမှာ ကြောက်နေကြတယ်လို့ ပြောတာပါ။

ဒေါက်တာနီး ဒါ ဆန်းတာမှတ်လို့ကွာ။ လူတွေကြောက်တဲ့ **အကြောက်တရားတွေမှာ သေခြင်းတရား၊ တိတ်ဆိတ်ခြင်း၊ အမြင့်မှာနေခြင်း၊ သွားဆရာဝန်**တို့ ပါနေတာ သဘာဝကွ။ မျက်စိဆရာဝန်တောင် လူတွေက မကြောက်ကြဘူး။ မျက်စိဖြစ်လို့ရှိရင် မျက်စိကို တန်းပြီးပြကြတာပဲလေ။

မောင်အတွာ ဒီလိုကြောက်ကြတာ မဟုတ်ဘူး ဆရာရေ။ ဆရာကလည်း ပြောချင်တာပဲ စွတ်ပြီးပြောနေတာပဲ။

ဒေါက်တာနီး ဒါဆို ဘာတုန်းကွ။ Dr. Know ဆိုပေမဲ့ ငါလည်း မသိတာတွေ ရှိသေးတာပဲ။

မောင်အတွာ ဒီလို ဆရာရေ ...။ သွားဆေးခန်းပြရင် ဟိုပိုး ဒီပိုးတွေ ကူးတယ်လို့ ပြောနေလို့ ဆရာရဲ့။

ဒေါက်တာနီး တကယ်တော့ ကြောက်စရာရှိရင် သွားဆရာဝန်က လူနာတွေကို ကြောက်ရမှာပဲ။ နေ့စဉ်နဲ့အမျှ ထိတွေ့နေတာတွေ၊ ရှိလို့ရှိမှန်း မသိတာတွေ၊ မပွင့်လင်းတာတွေ၊ နားမလည်တာတွေနဲ့ အဖြစ်အပျက်မျိုးစုံ ရှိနေတာ။ ဒီလိုအချိန်မှာ ဆရာဝန်က လူနာတွေနဲ့ပဲ ထိတွေ့နေတာလေ။ လူနာဆိုတာက ဆရာဝန်ဆီကို တစ်နှစ်တစ်ခေါက်တောင် ရောက်ကြတာမှ မဟုတ်တာကွာ။ မင်း စဉ်းစားကြည့်ပေါ့။ ဒါကြောင့် တိုးတက်တဲ့ တိုင်းပြည်တွေမှာ သွားဆရာဝန်ကို မလုပ်ချင်ကြဘူးကွ။ လူနာက ကြောက်ရတယ်

၂၈။ ခန္ဓာကိုယ်နှလုံးသားနှင့် သွားအသားနု ✦ ၇၃
၂၉။ အသုံးဝင်သော သွားပြစ်များ ✦ ၇၆
၃၀။ သွားအရာ ✦ ၇၉
၃၁။ သွားဆရာဝန်မရှိတဲ့ နေရာတွေမှာ ✦ ၈၂
၃၂။ ကိုယ်ဝန်ဆောင်မမနှင့် သွား ✦ ၈၅
၃၃။ သွားအာဟာရ ✦ ၈၈
၃၄။ ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင် ✦ ၉၁
၃၅။ သွားနာတိုင်း နုတ်မှာလား ✦ ၉၄
၃၆။ ကျဉ်နာခြင်းမရှိဖို့ ကြင်နာမှုလေးပေးပါ ✦ ၉၆
၃၇။ အချဉ်စားလျှင် ငုံမထားသင့်ပါ ✦ ၉၈
၃၈။ ကြိုးကြိုးသေးသေး စေ့နေရင် လှတာပဲ ✦ ၁၀၀
၃၉။ ကြိုးရင်တော့ ကျယ်မှာပဲ ✦ ၁၀၂
၄၀။ သွားတစ်ချောင်း၏ တန်ဖိုး ✦ ၁၀၄
၄၁။ နောက်ဆုံးပေါ် ဒုက္ခပေးတယ် ✦ ၁၀၆
၄၂။ မျက်လုံးနဲ့ သွား ကောင်းလို့
စိတ်နဲ့ ခန္ဓာကိုယ် ကောင်းရတယ် ✦ ၁၀၈
၄၃။ သွားနုတ်ခြင်း ✦ ၁၁၁
၄၄။ သွားနုတ်ပြီးရင် ... ✦ ၁၁၄
၄၅။ စားပြီးသောက်ပြီး အရည်ရွှမ်းသီး ✦ ၁၁၆
၄၆။ ကြင်ကြင်ကတော့ ကျဉ်နေတာပဲ ✦ ၁၁၈
၄၇။ ကြိုးတိုင်း ကျယ်မနေပါ ✦ ၁၂၀
၄၈။ ခဏခဏချိန်းတာ များတယ် ✦ ၁၂၂
၄၉။ သွားတု အသေစိုက်ထားသူများအတွက် ✦ ၁၂၄
၅၀။ နှုတ်ခမ်းနီနဲ့ သွား ✦ ၁၂၆
၅၁။ သွားဆရာဝန်နှင့် ကွမ်းချေးများ ✦ ၁၂၉
၅၂။ သွားအသက် ✦ ၁၃၂
၅၃။ နာကြောက် ... နောက်ကျ ✦ ၁၃၄
၅၄။ လူအိုသော်လည်း သွားမအို ✦ ၁၃၇
၅၅။ သွားကျဲလေး ✦ ၁၄၀
၅၆။ သွားမလှသူ မဖတ်ရ ✦ ၁၄၃
၅၇။ ကွန်ပျူတာနှင့် သွားဆရာဝန် ✦ ၁၄၅
၅၈။ သွားက ဆွေးတာလား၊ ပိုးစားတာလား ✦ ၁၄၈

ဆိုတာက ရာခိုင်နှုန်း ဘယ်သူ များနိုင်မလဲကွာ။ နောက်ပြီး ဒီလို ကူးစက်နိုင်တဲ့ ရာခိုင်နှုန်းကို မင်း ရှာကြည့်ကွာ။ အထောက်အထားတွေနဲ့ပေါ့။ ရာခိုင်နှုန်းနဲ့ တွက်ကြည့်ရင် ဘာရှိလဲကွာ။ ရှင်းရှင်းလေးပဲဟာ။

မောင်အတွာ ဒါဆို ဆရာက မကူးဘူးလို့ ပြောတာလား။

ဒေါက်တာနီး မင်း မရှင်းသေးဘူးပဲ။ ကူးစက်ရောဂါတွေက သွေးကကူးတယ်လို့ ဆိုတာပဲဟာ။ ဒါ မှန်တာပေါ့။ ဒါပေမဲ့ ခေတ်စနစ်တွေက ပြောင်းလဲလာပြီကွာ။ အရင်တုန်းက သွားကုတာတွေဟာ လမ်းဘေး လူစည်ကားရာ အရပ်ထဲမှာပဲ သွားနုတ်တာတွေ လုပ်ကြတယ်။ ငါ့ဆီမှာ ပီဒီယို ရှိတယ်။ မင်း လာကြည့်ပါလား။ အေး ...၊ ဒီခေတ်မှာတော့ ကူးစက်မှုကို ကာကွယ်မှုအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကျန်းမာရေးကိရိယာ သန့်စင်မှု လမ်းညွှန်ချက်တွေနဲ့အညီ လုပ်ဆောင်ပေးနိုင်တယ်။ ပြီးတော့ တတ်နိုင်သမျှ တစ်ခါသုံးတွေ သုံးကြတယ်ကွာ။ ဒီတော့ ဘာကြောက်စရာရှိလဲ။

မောင်အတွာ ဟုတ်တယ်နော်။ အရင်တုန်းက ဆရာတို့ လက်အိတ် မသုံးကြဘူး။

ဒေါက်တာနီး အေး၊ ခုတော့ မင်းသိတဲ့အတိုင်းပဲ။ လက်အိတ်မပါဘဲ မလုပ်ကြတော့ဘူး။ ခေတ်နဲ့အညီပေါ့။

မောင်အတွာ ဒါတင်ပဲလား ဆရာ။

ဒေါက်တာနီး နမူနာ ပြောမယ်ကွာ။ ကား မမောင်းတတ်သူ တစ်ယောက် အတွက် ကားတိုက်မှာကြောက်နေရင် ကားမောင်းတတ်မှာ မဟုတ်တော့ဘူး။ ဒီလိုလေးပဲ။ သွားဆေးခန်းပြရမှာ ကြောက်နေရင် သွားဆေးခန်းကို ပြရမှာမဟုတ်ဘူး။ ကားမောင်းတတ်ဖို့အတွက် စနစ်မှန်တဲ့နေရာကို သွားပေါ့။ သွားဆေးခန်းပြသရမှာ ကြောက်တဲ့သူလည်း မိမိယုံကြည်တဲ့နေရာ သွားပြီးပြပေါ့။ ဒါက လူနာရဲ့ရွေးချယ်ခွင့်ကွာ။ လူနာတစ်ယောက်က သွားဆေးခန်း မပြသရဲဘူးလို့ဆိုရင်တော့ ခန္ဓာကိုယ်တွင်း အစိတ်အပိုင်းတွေ ဆုံးရှုံးနိုင်တာပေါ့။ ပစ္စည်းကိရိယာနဲ့ သန့်စင်မှုကို သွားဆရာဝန်က လုပ်လိမ့်မယ်။ သွားလူနာက သွားရောဂါကို မိမိယုံကြည်တဲ့နေရာကို သွားပြသရမှာပေါ့။ ကူးမှာကို ကြောက်ပြီး နေရာတိုင်းကို မပြသရဲဘူးဆိုရင်တော့ တစ်ခုခုတော့ လွဲနေမှာပေါ့။ ဆရာဝန်အပိုင်း ဆရာဝန်လုပ်မယ်။ လူနာအပိုင်း လူနာလုပ်ရမှာပေါ့။

မောင်အတွာ ဒါတော့ မှန်တာပေါ့ ဆရာရယ်။

ဒေါက်တာနီး 'Something is better than nothing.' တဲ့။ မလုပ်တာထက် လုပ်တာက ကောင်းမှာပဲ။ မရှိတာထက် ရှိနေတာက

သာနေတာပဲ။ မသိတာထက် သိနေတာက ကောင်းနေတာပဲလေ။ လုပ်ရမှာ ရှိနေရင် လုပ်ကိုလုပ်နေရမှာပဲ။ သဘာဝတရားအရ အကြောက်တရားဆိုတာ ရှိတာပဲ။ အမှားအမှန် ဆုံးဖြတ်တတ်ဖို့ လိုတယ်။ ဥပမာ အမှားအမှန် မဆုံးဖြတ်နိုင်တဲ့ ကလေးတစ်ယောက်ကို သွားကုသတဲ့အခါ သွားဆရာဝန်တွေ စိတ်အညစ်ဆုံးပဲကွ။ အဲ ... ဒါပေမဲ့ အရွယ်ကြီးလာလည်း အကြောက်တရားကတော့ ရှိနေတဲ့သူက ရှိနေမှာပဲလေ။ ဘယ်လောက်ပဲရှိနေနေ မဖြစ်မနေ ပြသရမယ့်အချိန် ရောက်လာနိုင်တာပဲ။ ဒီတော့ အမှားအမှန် ဆုံးဖြတ်နိုင်တဲ့သူက အားသာတာပေါ့။ သွားဆေးခန်းပြသရမှာ ကြောက်နေတာက သွားရောဂါကို ဖိတ်ခေါ်နေသလို ဖြစ်မှာကြောက်လို့ ငါက ဦးစားပေး ပြောရတာကွ။

မောင်အတွာ ဒီတော့ အဓိက ဘာလိုတာလဲ ဆရာ။

ဒေါက်တာနီး လိုတာက သွားဘက်ဆိုင်ရာ ကျန်းမာရေးပဟုသုတပဲပေါ့ကွာ။



သွားနဲ့ ဆား

မောင်အတွာ ဆရာ၊ ဆားကို နေရာတိုင်းမှာ သုံးကြတယ်နော်။ သွားကို ဆားနဲ့တိုက်ကြတာ ဘာဖြစ်လို့လဲ။ အရင်တုန်းက တစ်သက်လုံး တိုက်နေကြတာ အခု ဘာဖြစ်လို့ ဆားနဲ့ သွားမတိုက်ရတာလဲ။

ဒေါက်တာနီး ဆားက မပါရင် မပြီးဘူးလေ။ အရသာကို ထူးထူးခြားခြား ခံစားရတာဟာ ဆားပဲလေ။ ဆားမပါတဲ့ဟင်း၊ ဆားမပါတဲ့ အစားအစာကို လူတွေ မစားနိုင်ကြဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဆားမပါတာနဲ့ ပါတာမှာ အရသာ လုံးဝပြောင်းသွားတယ်။ အရသာမှာကြည့်လေ။ လူတွေမှာ ရာနိုင်နှုန်းပြည့်နီးပါးကြိုက်တဲ့ အရသာက အချိုပဲကွ။ အချိုကိုတော့ လူတိုင်း ကြိုက်တာပဲ။ လူတိုင်း မစားနိုင်၊ လူတိုင်း မကြိုက်နိုင်တာက အစပ်နဲ့ အခါးတတ်ပဲကွ။ ဒီအရသာက တချို့ ကြိုက်ပြီး တချို့ မကြိုက်တဲ့အပြင် တို့တောင် မကြည့်ချင်ကြဘူး။

မောင်အတွာ ဟုတ်တယ်၊ ဟုတ်တယ်။ ဆေးတွေက အများအားဖြင့် အခါးတတ် ပါတယ်။ ဒါကြောင့် ခါးတာ၊ မခါးတာ ကြိုမသိဘူး၊ ဆေးဆိုတာနဲ့ ခါးမှာပဲလို့ ကြိုတွက်ပြီးသားပဲ။ ကလေးတွေဆိုရင် ဆေးသောက်ရမယ် ဆိုတာနဲ့ ပုံစံပြောင်းသွားပြီး ခါးမယ်လို့ တွက်ထားကြတယ်နော်။

ဒေါက်တာနီး အေး ... ဟုတ်တယ်ကွ။ အင်နဲတက်ကတော့ မြန်မာတွေက ပိုကြိုက်တယ်လို့တောင် ထင်ရတယ်။ ဘာလို့လဲဆိုတော့ အစားအစာတွေမှာ ကြည့်ပါလား။ ငံပြာရည်ချက်၊ ငါးပိထောင်း၊ ငါးပိကြော်၊ ငါးခြောက်တွေ ထမင်းပွဲတွေမှာပါမှ စားတတ်ကြတဲ့သူတွေ ရှိတယ်။ မပါရင် မစားချင်ကြဘူးလေ။ အစပ်နဲ့ အင်နဲတက်ဟာ လျှာကို ဆွဲဆောင်မှုရှိလို့ပေါ့။

မောင်အတွာ ဆရာ ...၊ ဆားနဲ့ အစားအစာ ရောက်နေပြီ။ ကျွန်တော် သိချင်တာက သွားနဲ့ ဆားကို သိချင်တာ။

ဒေါက်တာနီး အေးပါ။ မင်းကို ဆားရဲ့အရေးပါမှုကို ပြောတာပါ။ ဒီလို ဆားနဲ့ သွားကိုတိုက်တဲ့အခါ ပါးစပ်ထဲမှာရှိနေတဲ့ အနံ့အသက်တွေ ပျောက်သွားသလို ခံစားရတယ်။ ပါးစပ်ထဲမှာ သန့်ရှင်းမှုကို ရစေတယ်။ ခံတွင်းကို ရှင်းလင်းစေတယ်။ ဒါဟာ သွားနဲ့ ဆားရဲ့ ဆက်စပ်မှုပဲ။ ခံတွင်း ရှင်းလင်းတာဟာ သွား သန့်ရှင်းတာပဲလေ။

မောင်အတွာ သွား သန့်ရှင်းရုံပဲလား ဆရာ။

ဒေါက်တာနီး တချို့ငါးတွေကို ဆားစိမ်ထားရင် ငါးတွေက မပုပ်မသိုးတော့ ဘူး။ ဘက်တီးရီးယားတွေ သေစေနိုင်တယ်တဲ့။

မောင်အတွာ ဆရာပြောမှ သတိထားမိတယ်။ ကြာရှည်ခံ အစားအစာတွေကို ဆားနဲ့ပဲ စိမ်ကြတယ်နော်။

ဒေါက်တာနီး အေးပေါ့။ ဒါကြောင့် ရှေးအခါကတည်းက သွားတိုက်တဲ့အခါ ဆားနဲ့တိုက်ကြတာပေါ့။ ချက်ချင်း သိသာတာပေါ့။

မောင်အတွာ ဆရာ ...၊ ဒါဆို ဘာလို့ သွားတိုက်ဆေးကို သုံးနေကြသေးလဲ ဆရာ။ ဆားကိုပဲ သုံးခိုင်းပေါ့။

ဒေါက်တာနီး မဟုတ်ဘူးလေကွာ။ ဆားက ခံတွင်းကိုပဲ ရှင်းလင်းကြည်လင်စေတာ။ တခြားအချက်တွေ ကျန်သေးတယ်။ သွားတိုက်ဆေးက သွားပိုးစားတာကို ကာကွယ်တာတွေ၊ သွားအားလုံးကို တိုက်လို့ရနိုင်အောင် ဖန်တီးထားတာတွေ၊ ပိုးသတ်ဆေးတွေ၊ သွားဖုံးရောဂါ ပျောက်စေနိုင်တာတွေ၊ အနံ့ကောင်းစေနိုင်တာတွေ၊ ပြီးတော့ သွားမှာရှိနေတဲ့ စားကြွင်းစားကျန်တွေကို ဖယ်ရှားနိုင်တာတွေကို ဆောင်ရွက်ပေးနိုင်တယ်လေ။ ဒီတော့ မင်း ဆားကိုသုံးမလား၊ သွားတိုက်ဆေးကို သုံးမလား။ စဉ်းစားကြည့်ပေါ့။ ဈေးနှုန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင်လည်း မများဘူး။ ရှားပါးပစ္စည်းလည်း မဟုတ်တော့ ဘူး။ ဒီလောက် ပေါများတဲ့အချိန်မှာ ဆားကိုသုံးမယ့်အစား သွားတိုက်ဆေးပဲ သုံးမှာပေါ့ကွ။

မောင်အတွာ ဒါဆိုရင် ဆားနဲ့ သွားတိုက်ရင် ဆိုးကျိုးရှိလား။

ဒေါက်တာနီး ဆားဆိုတာ ပုံစံကြည့်ရင် သဲနုလေးတွေပဲ။ အပွင့်လေးတွေက ကြမ်းတယ်။ ဒီတော့ ဆားနဲ့ သွားတိုက်မယ်ဆိုရင် သွားမျက်နှာပြင်မှာ ရှိနေတဲ့ ကြွေသွားလွှာတွေ ပါးနိုင်တယ်။ ထိနိုင်တယ်။ ဒီတော့ ဆားနဲ့ သွားတိုက်ရင် သွားကို ပျက်စီးနိုင်တာပဲလေ။

မောင်အတွာ ဒါဆို ဆားကို သွားတိုက်ဖို့အတွက် မသုံးရဘူးပေါ့၊ ဟုတ်လား။

ဒေါက်တာနီး မသုံးရဘူး မပြောပါဘူး။ ဆားပွင့်လေးတွေကို ညက်အောင် ထောင်းပြီး ညက်ညက်ကလေးဆို သုံးလို့ရပါတယ်။ အကောင်း

သွားနဲ့ မီးသွေး

မောင်အဂ္ဂ အရင်တုန်းက သွားတိုက်တာကို ဆားတစ်မျိုးတည်း သုံးကြတာ မဟုတ်ပါဘူး။ မီးသွေးခဲလည်း သုံးကြတယ်နော်။

ဒေါက်တာနိုး အေး ...၊ ဟုတ်တယ်။ ဒီခေတ် လူတွေက ကံကောင်းတယ်ပြောရမှာပေါ့။ မီးသွေးဆိုလို့ အိမ်မှာ ထင်းမီးသွေးတောင်ရှိမှာမဟုတ်ဘူး။ ထင်းနဲ့ မီးမွှေးပြီး ချက်ပြုတ်တာတွေ မလုပ်ကြတော့ဘူး။ တောဘက်တွေတော့ ရှိမှာပေါ့။ အရင်တုန်းကတော့ မြို့မှာပါ ထင်းနဲ့ မီးမွှေးပြီး ချက်ပြုတ်ကြရတာ။

မောင်အဂ္ဂ မီးသွေးနဲ့ သွား ဘယ်လိုဆက်စပ်တာလဲ ဆရာ။

ဒေါက်တာနိုး ဆက်စပ်တာကို နောက်တော့မှ ပြောပြမယ်။ ငါတို့ ငယ်ငယ်တုန်းကလည်း ကျောင်းမှာ စာသင်ရတဲ့ နံနက်စောစော အိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက် ဆိုတဲ့အတိုင်း အိပ်ရာထတာနဲ့ တန်းပြီး မီးဖိုးချောင်ထဲကို အရင်သွားရတယ်။ မီးဖိုချောင်ထဲမှာ ဆားအိုးထဲ လက်နှိုက်ကြည့်တယ်။ ဆားအိုးက တစ်ခါတလေ အရည်ပျော်နေတာကိုး။ ဒီတော့ ဆားကို မနှိုက်မိတော့ဘူး။ ပြီးတာနဲ့ ညက မီးမွှေးပြီး ရေဖျန်းထားတဲ့ မီးသွေးကို ရှာတယ်။ မီးသွေးခဲသန့်သန့်လေး တွေ့တာနဲ့ သွားမျက်နှာပြင်တွေကို မီးသွေးနဲ့ တိုက်တာပဲ။ ဘယ်လိုတိုက်ရမယ်၊ ဘယ်နေ့ကို တိုက်ရမယ် ဆိုတာ သိတာမဟုတ်ဘူး။ အဲ ... သွားရဲ့အတွင်းဘက် မျက်နှာပြင်တွေကျတော့ မီးသွေးခဲနဲ့တိုက်လို့ ဘယ်ရမလဲကွာ။ စဉ်းစားကြည့်ပေါ့။ တကယ်လို့များ မီးသွေးခဲ မရခဲ့ရင် ပြာနုနုလေးတွေ လက်ဖဝါးပေါ်ထည့်ပြီး လက်နဲ့ပဲ ပွတ်ရတာပဲ။

မောင်အဂ္ဂ ဟာ ... ဆရာကလည်း ရွံစရာကြီး။ ဟုတ်ကောဟုတ်ရဲ့လား။

ဆုံးကတော့ ရေနွေးထဲ ဆားထည့်ပြီး ပလုတ်ကျင်းတာပဲ။ ဒါဆို သွားအတွက် ဆားနဲ့အသုံးဝင်တာကို ခံစားရမှာပေါ့။ ဒီတော့ကွာ သွားတိုက်ဆေးကိုသုံးပြီး ဆားနဲ့ပလုတ်ကျင်းလည်း ရတာပါ။ ဒါဆို နှစ်ခုစလုံး သုံးရတယ်။ ခံတွင်း ပိုသန့်စင်တာပေါ့။

မောင်အဂ္ဂ ဒါဆို လူတိုင်း လုပ်ကြမှာပဲနော်။

ဒေါက်တာနိုး မထင်နဲ့ ကိုယ့်လူရေ။ လွယ်နေတာတောင် မလုပ်ရင် ခက်တာဆို ပိုလုပ်မှာမဟုတ်ဘူး။

မောင်အဂ္ဂ မကြောက်သေးလို့ပေါ့နော်။

သွားနဲ့ ပရုတ်ဆီ

မောင်အတွာ ဆရာ ...၊ သွားဝေဒနာ ခံစားရတဲ့သူတိုင်းဟာ ပရုတ်ဆီကို သုံးတယ်နော်။ သတိထားမိလား။

ဒေါက်တာနီး ဟုတ်တယ်။ ပရုတ်ဆီ မသုံးရဘူး။ ဒါပေမဲ့ သုံးနေကြတာပဲ။

မောင်အတွာ ဆရာ့စကားကလည်း ဘယ်လိုကြီးလဲ။ ရှုပ်ကုန်ပါပြီ။ မသုံးရဘူး၊ သုံးနေကြတယ်နဲ့ မရှင်းဘူး။ ရှင်းအောင်ပြောပေးပါလား။

ဒေါက်တာနီး အေး ...။ ပထမဆုံး မေးရရင်တော့ ပရုတ်ဆီကို ဘယ် အချိန်မှာ သုံးကြသလဲကွာ။

မောင်အတွာ သွားကိုက်တဲ့အခါနဲ့ သွားနာပြီး ရောင်နေတဲ့အချိန်ပေါ့။

ဒေါက်တာနီး လူတိုင်းက သွားဝေဒနာ ခံစားတဲ့အခါ တစ်ခုခုကို လုပ်ချင်ကြတယ်။ သွားကိုက်လို့ သွားနာတာကို ခံစားချိုဆိုတာနဲ့ ခံစား ရတာကို ပြောင်းလဲပြီး ခံစားချင်ကြတယ်။ ဆိုလိုတာက သွားကိုက်တာ၊ သွားနာတာကို ခံစားနေရတဲ့အခါ သူ့ထက်နာကျင်တာတစ်ခုခုကို ခံစားရရင် ခံစားချက်က ပြောင်းသွားတယ်ကွာ။ ဥပမာဆိုပါစို့။ အောက်က သွားကိုက် တဲ့အခါ အောက်မေးရိုးတွေ၊ လည်ပင်းတွေကို ပရုတ်ဆီလိမ်းရောကွာ။ ပရုတ်ဆီရဲ့အပူက အကုန်လုံး ပြန့်သွားတယ်။ ပရုတ်ဆီအပူကို ခံစားနေရ တော့ သွားကိုက်၊ သွားနာတာက ခံစားရတယ်လို့ မထင်တော့ဘူး။ လျော့ သွားတယ်လို့ ထင်တော့တာပဲ။ ပရုတ်ဆီအာနိသင် ကုန်သွားတဲ့အချိန်မှာ လည်း သွားကလည်း မကိုက်တော့ဘူးလေ။ အမှန်က သွားကိုက်တာကကို အချိန်ကြာကြာ ကိုက်နေတာ မဟုတ်ဘူး။ ခဏလေးပဲ ကိုက်တယ်။ ပြီးတော့ ပျောက်သွားတယ်။ ပရုတ်ဆီလိမ်းလို့ ပျောက်တယ်ထင်တာပေါ့။ အဲ ... သိပ်မကြာပါဘူး။ နာလို့ ပရုတ်ဆီပြန်လိမ်းမယ်။ ပြန်ကောင်းသွားတယ်။ ပရုတ်ဆီက သွားကိုက်တာ၊ သွားနာတာကို ပျောက်တယ်လို့ ထင်လာတယ်။ သွားကိုက်တဲ့ ဖြစ်စဉ်ကိုက ခဏပဲ ခံစားရတာကွာ။ ဒီတော့ လိမ်းထားလည်း မထူးဘူးပေါ့။ တခြား ဆိုးကျိုးပဲ ခံစားရနိုင်တယ်လေ။

ဒေါက်တာနီး တကယ် ဟုတ်တာပေါ့ကွာ။ ငါတို့လို ရွယ်တူတန်းတူတွေက ဒီလို သွားတိုက်ကြတာတွေ ရှိပါတယ်။ လူတိုင်းတော့ မဆိုလို ဘူးပေါ့ကွာ။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းပေါ့။ ဒါက ငါ လုပ်ခဲ့ရတာ ပြောတာပေါ့။ ရွံစရာဆိုတာ မရှိပါဘူး။ ကလေးတုန်းကကိုး။

မောင်အတွာ အဲဒီလို မီးသွေးနဲ့တိုက်တော့ ဘာသတိထားမိလဲ။ ထူးခြား တာကို ပြောတာပေါ့။

ဒေါက်တာနီး အဲဒီတုန်းက သိတာတော့ မီးသွေးနဲ့တိုက်ပြီး ပါးစပ်တော့ ရှင်း သွားတယ်လို့ စိတ်ထဲ ထင်မိတာပဲလေ။ ဒါပေမဲ့ ဆားနဲ့ တိုက် ရသလောက်တော့ ပါးစပ်မရှင်းဘူးကွ။ ပလုတ်ကျင်းတဲ့အခါဆို ပါးစပ်ထဲက ထွက်တာက အမည်းရည်တွေပဲလေ။

မောင်အတွာ ဆရာ ...၊ သွားကို မီးသွေးနဲ့တိုက်ရတဲ့ ကောင်းကျိုး၊ ဆိုး ကျိုးလေး ပြောပြပါဦး

ဒေါက်တာနီး ကောင်းကျိုး၊ ဆိုးကျိုး ပြောရရင် မီးသွေးတို့၊ ပြာတို့နဲ့ သွား တိုက်တာဟာ နို့ဆီးယှဉ်ပြောရရင်တော့ ဒီခေတ်မှာဆိုရင် ဆိုး ကျိုး များတယ် ပြောရမှာပဲ။ မီးသွေးနဲ့ ပြာရဲ့အာနိသင်က သွားမျက်နှာပြင် မှာရှိတဲ့ အညစ်အကြေးတွေကို သန့်စင်နိုင်တယ်။ အနံ့အသက်တွေကို စုပ်ယူ နိုင်တဲ့သဘောတော့ ရှိပါတယ်။ ဒါပေမဲ့ နောက်ထပ် ဆိုးကျိုးတွေက ရှိသေး တာကိုး။

မောင်အတွာ ဘာတွေလဲ ဆရာ။

ဒေါက်တာနီး ကြမ်းတမ်းတဲ့ အပွင့်အမှုန်လေးတွေဟာ သွားမျက်နှာပြင် ကြွေသွားလွှာလေးတွေကို စားသွားတယ်။ ဆိုလိုတာက ပါး သွားတယ်ပေါ့။ ဒီတော့ ကြွေသွားလွှာပါးတာ မကောင်းဘူး။ ကြွေသွားလွှာ ကြောင့် သွားမျက်နှာပြင်က လှနေတာ၊ ကျန်းမာနေတာလေ။ သွားကို ကာ ကွယ်ပေးတာ ကြွေသွားလွှာပဲလေ။

မောင်အတွာ ကြွေသွားလွှာ ပါးတာများရင် ဘယ်လိုခံစားရလဲ။

ဒေါက်တာနီး သွားကျဉ်တာ ခံစားရနိုင်တယ်လေ။ သွားပျက်စီးတာပေါ့။

မောင်အတွာ ဒီတော့ ဘာလုပ်ရမှာလဲ။

ဒေါက်တာနီး မကောင်းဘူးဆိုတာသိလာရင် မလုပ်နဲ့တော့ပေါ့။ စောစောသိ စောစောပြင်ပေါ့။ သွားတိုက်ဆေးနဲ့ပဲ တိုက်ပေးပေါ့။ Do it now တဲ့။ အခုချက်ချင်းလုပ်၊ မကောင်းတာကိုရှောင်၊ ကောင်းတာကို ဆောင်ပေါ့။

ဒန်ပူစားတယ်ဆိုတာ ...

မောင်အတွာ အဘိုး၊ အဘွားတွေကို ငယ်ငယ်တုန်းက သွား ဘယ်လိုတိုက်တာလဲလို့ မေးဖူးတယ်။

ဒေါက်တာနိုး မင်းကလည်း အလာကြီးပဲ။ မင်းက သူတို့ကိုမေးတော့ ဘာပြောသံ ကြားသလဲ။

မောင်အတွာ သူတို့က သွားတိုက်တယ်ဆိုတာတောင် မရှိဘူးတဲ့။ ဒန်ပူစားတယ်လို့ ပြောတယ်။ ကျွန်တော်လည်း ဒန်ပူစားတယ်ဆိုတာ နားမလည်တော့ဘူး။ ဆရာကော သိရဲ့လား။

ဒေါက်တာနိုး အေး ...၊ အမှန်အတိုင်း ပြောရရင်တော့ ငါလည်း တိတိကျကျ မသိဘူးလို့ ဝန်ခံရမှာပါ။ ငါလည်း ကြားဖူးခဲ့တာပါပဲ။ ဒန်ပူစားတယ်။ နောက်ပြီး တချို့ကတော့ တန်ပူသုံးတယ်လို့ ဆိုကြတယ်။

မောင်အတွာ ဆရာကလည်း ဘာမှမသိဘူးကိုး။

ဒေါက်တာနိုး ငါဖတ်ဖူးတာတော့ ရှိတာပေါ့ကွာ။ တကယ်တမ်းကျတော့ ဒန်ပူစားတယ်ဆိုတာက သွားသန့်ရှင်းရေး လုပ်တာလို့ပဲ ပြောရမှာပေါ့။ ခုခေတ်ကျမှပဲ သွားသန့်ရှင်းရေးနဲ့ ပတ်သက်လို့ သွားတိုက်ဆေးကမျိုးစုံ၊ သွားတိုက်တံက ဒီဇိုင်းစုံပဲ။ ဘယ်ဟာကိုရွေးပြီး သုံးရမယ်ဆိုတာကို စားသုံးသူ လူတွေရော ဆရာဝန်တွေပါ တွေဝေကုန်တာပဲ။ တစ်မျိုးစီက သူ့အသုံးနဲ့သူဆိုတော့လည်း မတူဘူးပေါ့။

မောင်အတွာ ဒါဆို ဆရာဖတ်ဖူးတာက ဘယ်လိုဟာမျိုးလဲ။

ဒေါက်တာနိုး ဒန်ပူဆိုတာက တမာရိုးတစ်ခုပဲ ဆိုပါစို့။ တစ်ဖက်ကို ကြေမွအောင် ထုလိုက်တာပဲ။ ဒီတော့ တံမြက်စည်းလို၊ သွားတိုက်တံလို ဖြစ်သွားတာပေါ့။ ဒီတမာရိုးကိုသုံးပြီး သွားကြားတွေမှာကပ်နေတဲ့ အစာကိုရှင်းလင်းကြတယ်။ ဒါပေမဲ့ ထူးခြားတာက အဲဒီခေတ်ကတည်းက ဒန်ပူ သုံး

မောင်အတွာ ဘာလဲ ဆရာ၊ တခြားဆိုးကျိုးဆိုတာက ...။

ဒေါက်တာနိုး တခြားဆိုးကျိုးဆိုတာက မျက်နှာရောင်နေတဲ့အချိန်မှာ ပရုတ်ဆီလူးရောကွာ။ ပရုတ်ဆီအရှိန်ကြောင့် ရောင်နေတာ လျော့မသွားဘဲ တခြားနေရာတွေ ပိုပြီးပျံ့နှံ့လာတယ်။ ရောင်တာ ပိုကြီးလာတယ်။ မလိုလားအပ်တဲ့ ပြဿနာတွေပေါ့။

ဒေါက်တာနိုး အေး ...။ လိမ်းရုံတင်မကဘူး။ နောက်ထပ် ဘာလုပ်သေးသလဲ၊ သိလား။

မောင်အတွာ တချို့ သွားပိုးစားပေါက်ထဲကို ပရုတ်ဆီထည့်ကြသေးတယ်လေ။

ဒေါက်တာနိုး ဒါလည်း ဆိုးတာပဲ။ ပရုတ်ဆီကို သွားပိုးစားပေါက်ထဲ ထည့်လိုက်ရင် ပိုပြီးဆိုးလာနိုင်တာပဲ ရှိတယ်။ သွားပိုးစားပေါက်ထဲက အသားနုလွှာကို ထိနိုင်တယ်။ တချို့ကျတော့လည်း သွားနာနေတဲ့ သွားဖုံးတွေကို ပွတ်ကြတယ်။

မောင်အတွာ ဒါကကော ဘာဖြစ်နိုင်သလဲ ဆရာ။

ဒေါက်တာနိုး သွားဖုံးတွေပွတ်တော့ သွားဖုံးသားတွေ စားသွားပြီး အနာဖြစ်တာပေါ့။ သွားဖုံးအရောင်တွေက ဖြူသွားတယ်။

မောင်အတွာ ဒါဆို လူတွေက ဘာလို့ ပွတ်ကြ၊ လိမ်းကြတာလဲ။

ဒေါက်တာနိုး ပြောပြီးပြီပဲကွာ။ ခံစားမှုအာရုံ ပြောင်းတာလို့။ ပြောင်းတာကို မသိဘူး။ လိမ်းရင်၊ သုံးရင် ပျောက်တယ်လို့ ယုံကြည်နေလို့ပဲပေါ့။ ယုံကြည်ရလောက်အောင်လည်း တစ်ဆင့်စကား တစ်ဆင့်နားက ရှိတယ်။ သုံးတဲ့သူတွေမှာလည်း ပျောက်သလို ခံစားနေရတာတွေကြောင့်ပဲပေါ့။

မောင်အတွာ ဒါဆိုရင် တကယ်လို့များ သွားကိုက်၊ သွားနာလာရင် ပရုတ်ဆီမလိမ်းရဘူး၊ မသုံးရဘူးဆိုတော့ ဘယ်နည်းနဲ့ ဖြေရှင်းရမှာလဲ။

ဒေါက်တာနိုး တကယ်ဖြစ်လာရင်တော့ သွားဆရာဝန် ဖြေရှင်းပေးရမှာပဲလေ။

မောင်အတွာ မဟုတ်ဘူးလေ။ ဆရာဝန်ဆီ မသွားဖြစ်သေးတဲ့ အချိန်မှာ ဘာလုပ်မှာလဲ။

ဒေါက်တာနိုး ဆရာဝန်ဆီ မသွားဖြစ်သေးခင်မှာတော့ သွားကိုက်၊ သွားနာလာရင် အကိုက်အခဲပျောက်ဆေးကို စားပေးနိုင်ပါတယ်။ စားလို့ရတယ် ဆိုပေမဲ့လည်း စားတဲ့ဆေးကို လမ်းညွှန်ချက်အတိုင်း စားရမယ်။ ကိုယ်တိုင် စားနေလည်း ဆေးရဲ့ဆိုးကျိုး ခံစားနေရဦးမယ်။

မောင်အတွာ ဆရာ့ဟာလည်း ဘာဖြစ်ဖြစ် မလွယ်ပါလား။

ဒေါက်တာနိုး အေး ...၊ ဘာမှမဖြစ်ရင် ဘာမှလုပ်စရာမလိုဘူးပေါ့ကွာ။

သွားကြားထိုးတံနှင့် သွားကြားပွတ်ကြိုး

မောင်အတွာ ဆရာ ဒီတစ်ခါတော့ ကျွန်တော်မေးချင်တာ ရှိတယ်။

ဒေါက်တာနီး မေးချင်တာ မေးလေ။

မောင်အတွာ ဒီလိုပါ ဆရာ။ ကျွန်တော်တို့ စားသောက်ဆိုင်၊ ထမင်းဆိုင်တွေမှာ ချချထားတဲ့ သွားကြားထိုးတံအကြောင်းပဲပေါ့။

ဒေါက်တာနီး သွားကြားထိုးတံ ချထားတာ ဘာပြဿနာရှိလို့လဲ။

မောင်အတွာ ဒီလိုပါ ဆရာ။ စားသောက်ဆိုင်တွေမှာ သွားကြားထိုးတံ ချပေးတဲ့အတွက် အစာစားပြီး သွားကြားထိုးရတာ အကျင့်တစ်ခုလို့ ပြောနိုင်သလား။ ဒါမှမဟုတ် ထမင်းစားပြီးတိုင်း သွားကြားထိုးတံ သုံးသင့်သလားပေါ့။ နောက်ပြီး လူတိုင်းက သွားကြားထိုးတံကိုသုံးတာ ကြာလာလို့ အကျင့်ပါပြီး သုံးနေတာလည်း ရှိသေးတယ်လေ။

ဒေါက်တာနီး ဒါ မှန်တာပေါ့ကွ။ ချထားတော့ အကျင့်ပါနေတော့ သုံးတာပေါ့။ ဒါ ကောင်းတာပေါ့။ စားသောက်ဆိုင်ရဲ့ စေတနာပဲလေ။

မောင်အတွာ မဟုတ်ဘူးလေ ဆရာ။ ဆရာတို့က ညွှန်းညွှန်းနေတာ သွားကြား ပွတ်ကြိုးလေ။ တကယ်သုံးနေကြတာ သွားကြားထိုးတံ။ တကယ်တမ်း မှန်မှန်ကန်ကန်သုံးသင့်တာ ဘာလဲလို့ပါ။ ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။

ဒေါက်တာနီး ဒါဆို ငါလည်း ပြန်မေးမယ်ကွာ။ ဘာလို့ သွားကြားထိုးကြသလဲ။

မောင်အတွာ ဒါက ရှင်းရှင်းလေးဟာ။ သွားကြားညပ်လို့ပေါ့။ ဆရာတို့ပဲ စားကြွင်းစားကျန် မချန်ရဘူးဆို။

ဒေါက်တာနီး အေး ... ဟုတ်တယ်။ သွားကြားညပ်လို့ အစာကို ဖယ်ရှားတာ ကောင်းတယ်။ ဒါက ရှင်းလင်းရေးပဲလေ။ လုပ်ရမှာပေါ့။

ပြီးသားကို ပြန်မသုံးကြတော့ဘူး။ တစ်ခါပဲ သုံးတယ်။

မောင်အတွာ ဒါဆိုရင် အဲဒီခေတ်ကတည်းက တစ်ခါသုံးဆိုတာ ရှိတာပေါ့နော်။ ခေတ်မီတာပေါ့။

ဒေါက်တာနီး အေးပေါ့ကွာ။ တမာဆိုတာလည်း ရှားတာမှမဟုတ်တာ။ ခုတ်ပြီး ထောင်းသုံးတာပဲ။ တမာကထွက်တဲ့ အရည်ကလည်း သွားဖုံးအတွက် ကောင်းတယ်ဆိုပဲ။ ဒီတော့ သွားဖုံးအတွက်လည်း ကောင်းတယ်။ သွားကို သန့်စင်စေတယ်။ ဒါကြောင့် ပုဂံခေတ်ကတည်းက ဘုန်းတော်ကြီးတွေ သုံးကြတယ်လို့ ဖတ်ရတာပဲ။

မောင်အတွာ ပုဂံခေတ်ကတည်းကလား ဆရာ။

ဒေါက်တာနီး ဟုတ်တယ်ကွ။ ပုဂံခေတ်ကတည်းကပေါ့။

မောင်အတွာ ဆရာ ဒန့်ပူသုံးတာပဲလား။ ပြီးတော့ကော ...။

ဒေါက်တာနီး အေး ...၊ ရှင်ဒီသာပါမောက်က ဒန့်ပူသုံးပြီး လွှင့်မပစ်ဘူးတဲ့ကွာ။ ဒီတော့ ဒီဒန့်ပူချောင်းတွေက ကြာလာတော့ အများကြီး ဖြစ်လာတော့တာပဲလေ။ ဒီအချိန်မှာ ရှင်ဒီသာပါမောက်က ဒန့်ပူကိုကြည့်ပြီး အတွေးတစ်ခု ဝင်သွားတယ်တဲ့။

မောင်အတွာ ဘာလဲ ဆရာ။ ပြောပါတော့။ သိချင်လာပြီ။

ဒေါက်တာနီး အေး ...၊ ဒီဒန့်ပူတွေ တစ်နေ့တစ်ချောင်းနဲ့ နည်းနည်းချင်းစုပြီး များလာသလို ပညာရေးမှာလည်း ဒီလိုပဲ တစ်နေ့ကို နည်းနည်းချင်း လေ့လာခဲ့ရင် ကောင်းမှာပဲဆိုတဲ့ စိတ်ဆန္ဒလေးက ဒန့်ပူချောင်းလေးတွေကနေ ဖြစ်လာတယ်တဲ့ကွာ။

မောင်အတွာ ဒီလိုလား။ နေ့စဉ် နည်းနည်းချင်းလေးက တိုးတက်မှုတွေ ပြောင်းလဲဖြစ်လာတာကို ဆိုလိုချင်တာပေါ့နော်။

ဒေါက်တာနီး ဒါပေါ့ကွာ။ ဒန့်ပူလေးက သွားတွေကိုတိုက်တာ၊ သန့်စင်တာဟာ နည်းနည်းလေး ဆိုပေမဲ့ ကြာလာတော့လည်း ခံတွင်းကြည်လင်သန့်စင်စေတာပေါ့။

မောင်အတွာ ဒါလည်း ဟုတ်တာပဲနော်။

သွားကြားထိုးတံက သုံးရလွယ်တယ်။ ဈေးနှုန်းအရ သက်သာတယ်။ ဒီတော့ စားသောက်ဆိုင်တွေမှာ အလွယ်ချထားပေးတာဟာ စားသုံးသူက သူ့ဆိုင်မှာ နောက်ထပ် လာစားချင်အောင် လုပ်တာပဲလေ။ သွားကြားညပ်လို့ရှိရင် အစာမစားချင်တော့ဘူး။ စိတ်အနှောင့်အယှက် ဖြစ်တယ်။ ဒီလိုဖြေရှင်းလိုက်တော့ ဆက်ပြီး စားချင်တယ်။ ပိုရောင်းရတာပေါ့။ သွားကြားပွတ်ကြိုးက ဘာလို့ မထားသလဲဆိုရင် ဈေးနှုန်းအရ ဈေးကြီးတယ်။ နောက်ပြီး အသုံးပြုသူတွေက မသုံးတတ်သေးဘူး။ နောက်တစ်ချက်က သွားကြားပွတ်ကြိုးသုံးရတာ အလုပ်ရှုပ်တယ်လို့ မြင်ကြတယ်လေ။

မောင်အတွာ ဒါဆိုရင် တကယ်တမ်း လက်တွေ့မှာ သုံးသင့်တာက ဘာလဲ။

ဒေါက်တာနီး စနစ်မှန် သုံးသင့်တာကတော့ သွားကြားပွတ်ကြိုးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သွားကြားပွတ်ကြိုးတွေမှာ ဖယောင်းပါတယ်။ သန့်စင်ပြီး ပိုးသတ်ထားတဲ့ကြိုး ဖြစ်တယ်။ သွားကြားထိုးတံက ပိုးဝင်တတ်တယ်။ နောက်ပြီး သွားကြားထိုးတံက ကျိုးပြီး သွားကြားထဲ ကျန်နေတတ်တယ်။ သွားကြားထိုးတံကျိုးပြီး ကျန်ခဲ့ရင် သွားဖုံးရောင်တာ၊ ပြည်တည်တာတွေ ဖြစ်နိုင်တယ်လေ။

မောင်အတွာ ဒါဆိုရင် သွားကြားထိုးတံ မသုံးရဘူးလို့ ဆိုလိုချင်တာလား။

ဒေါက်တာနီး မဟုတ်ပါဘူး။ သွားကြားထိုးတံသုံးရင် သန့်ရှင်းရမယ်။ အားစိုက်ပြီး သုံးရင် ကျိုးနိုင်တယ်။ ထိုးလို့မရနိုင်တဲ့ သွားကြားကို အားစိုက်ပြီး ဖွတ်မထိုးရဘူး။ အစာဝင်နေလို့ ထိုးပြီးဖယ်ရှားတာဟာ အစာကို ပိုပြီး အထဲဝင်သွားနိုင်တယ်လေ။ ဒီတော့ သွားကြားထိုးတံက မသုံးတတ်ရင် အန္တရာယ်များတယ်။ သွားကြားပွတ်ကြိုးက သုံးနည်းကို သင်ထားရင် တစ်ကြိမ်ပဲ အခက်အခဲရှိတယ်။ နောက်တစ်ခါ လုပ်မယ်ဆိုရင် လွယ်လာတယ်။ သွားကြားပွတ်ကြိုးက အစာကိုရှင်းတဲ့အခါ ရှင်းရှင်းလင်းလင်း ဖယ်ရှားနိုင်တယ်။ သွားကြားထိုးတံက ထိုးရင်းထိုးရင်းနဲ့ ပိုဆိုးလာတော့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်။ လူတွေက သွားကြားထိုးတံသုံးရတာ လွယ်တယ်လို့ ထင်နေတာ။

မောင်အတွာ ဒါဆို အဖြေ ရှင်းရှင်းလေး ပြောပါလား။ သွားကြားပွတ်ကြိုးပဲ သုံးပါလို့။

ဒေါက်တာနီး ဒီလိုဖြေရင်တော့ မှားမှာပေါ့ကွာ။ သွားကြားထိုးတံ အားစိုက်ပြီး မသုံးဖို့၊ သန့်ရှင်းဖို့တော့ လိုတာပဲရှိတယ်။ သွားကြားညပ်တာ မှန်သမျှ ဖယ်ရှားသင့်တာချည်းပဲလေ။ ဒီတော့ တိတိကျကျ အဖြေပေးရရင်တော့ သွားကြားညပ်တဲ့ အစာကိုဖယ်တဲ့ စနစ်မှန်၊ နည်းမှန်ကိုပဲ သုံးပါ

လို့ ပြောချင်တာပဲ။ သွားကြားညပ်တာကို ဖယ်ရှားနိုင်လို့ ရောဂါပိုးမဝင်ရင် ဘယ်ဟာသုံးသုံး ကောင်းတာပါပဲ။

မောင်အတွာ ဒါဆို နားလည်ပါပြီ။ နောက်တစ်ခုက မည်ပဲဘဲ သုံးရင်ကော။

ဒေါက်တာနီး ဘာမှမဖြစ်ရင်တော့ မသုံးတာ ကောင်းတာပေါ့။ ညပ်တတ်သူတွေအတွက်ပဲ လိုတာလေ။

မောင်အတွာ ရှင်းပြီ ဆရာ။



သွားပိုးစားခြင်းနှင့် သွားတိုက်ဆေး

မောင်အတွာ ကျွန်တော် စျေးထဲမှာကြားခဲ့တာလေး မေးချင်တယ်။

ဒေါက်တာနီး ပြောလေ။ ဘာသိချင်ပြန်ပြီလဲ။

မောင်အတွာ ဒီလိုပါ ဆရာ။ သွားပိုးစားနေရင် သွားဆေးခန်းသွားစရာ မလိုဘူး။ သွားတိုက်ဆေးသုံးတာနဲ့ ရတယ်တဲ့။ ဒီတော့ သွားပိုးစားရောဂါရှိတဲ့သူဟာ သွားဆရာဝန်ဆီ ပြစရာမလိုဘဲ ရနိုင်သလားပေါ့။ ဒါ မှန်သလား စဉ်းစားနေတာ။ မသေချာလို့ မေးကြည့်တာပါ။

ဒေါက်တာနီး အေးကွ။ မင်းမေးချင်သလို၊ တခြားသူတွေလည်း မင်း ထင်သလို ထင်မှာပဲ။ ကောင်းတဲ့မေးခွန်းကွာ။ လူတွေအတွက် တွေဝေစေတာပေါ့။



မောင်အတွာ ဘယ်လို တွေဝေစေတာလဲ။

ဒေါက်တာနီး ဩော် ... လူတွေက သွားတိုက်ဆေးသုံးတဲ့အခါ သွားပိုးမစားဘူး။ ဒီတော့ သွားပိုးမစားတဲ့အတွက် သွားဆရာဝန်ဆီ မသွားလည်း ရတယ်လို့ ထင်တာပေါ့။ အဲဒါအပြင် သွားပိုးစားရောဂါရှိနေရင်တောင် မသွားရတော့ဘူးလို့ ရောပြီး ထင်ခဲ့ရင်တော့ တွေဝေစေနိုင်တာပဲလေ။

မောင်အတွာ ဒါ အမှန်ပဲလေ ဆရာ။ အဲဒါ ဘာဖြစ်သလဲ။

ဒေါက်တာနီး ငါလည်း မမှန်ဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ ငါမကြိုက်တာ တစ်ခု ရှိတယ်။ သွားပိုးစားရောဂါ ရသွားတဲ့သူတစ်ယောက်အတွက် သွားဆရာဝန်ဆီ မသွားလို့ကို မရဘူးကွ။

မောင်အတွာ ဆရာကလည်း သွားဆရာဝန်ဆီ လာချင်အောင် ပြောပြန်ပြီ။ ဘာကို ဆိုလိုချင်တာလဲ။

ဒေါက်တာနီး အေးပါ။ ငါ ရှင်းပြမယ်။ သွားတိုက်ဆေးသုံးတာက သွားပိုးမစားအောင်၊ သွားပုံးကျန်းမာရေးကောင်းအောင် သုံးတာလေ။ အဲ ... သွားပိုးစားနေတဲ့သူတစ်ယောက်ကျ သွားတိုက်ဆေး နောက်ဆုံးပေါ်နဲ့ သုံးသုံး၊ အကောင်းစားလို့ညွှန်းညွှန်း သွားပိုးစားရောဂါက ပျောက်မသွားဘူး။ ပိုပြီးမဆိုးတာပဲ ရှိမယ်ကွာ။ သွားပိုးစားရောဂါရယ်လို့ သတ်မှတ်ပြီးပြီဆိုရင် ဖြစ်တဲ့အတိမ်အနက်ပေါ်တည်ပြီး ကုသမှုကို ခံယူကို ခံယူရမယ်ကွာ။ **ကုသတယ်ဆိုတာထက် ပြုပြင်ယူရမယ်လို့ပြောရင် ပိုမှန်တာပေါ့။** မကောင်းတာကို ကောင်းအောင်၊ ဆိုးနေတာကို မဆိုးအောင်လုပ်ရတာပေါ့။

မောင်အတွာ သွားတိုက်ဆေးမှာ ပိုးသတ်ဆေးတွေ ပါတယ်ဆို ...။

ဒေါက်တာနီး ဟုတ်တယ်လေ။ သွားတိုက်ဆေးမှာ သူ့အာနိသင်နဲ့သူ ပါတယ်လေ။ ဒါပေမဲ့ သွားတိုက်ဆေးသုံးလို့ သွားကောင်းနေတဲ့သူတွေ သွားပိုးမစားနိုင်တာလေ။ သွားပိုးစားပြီးလူတစ်ယောက် ပိုမဆိုးတာလေ။ သွားပိုးစားတာ ရှိတာကိုတော့ ပြင်ရသေးတာပဲ။

မောင်အတွာ ဆရာ့ဟာကလည်း ဒါတွေပဲ ထပ်နေတာကိုး။ ရှုပ်နေတာကိုး။ ဆရာလိုချင်တာက သွားပိုးစားတဲ့သူဟာ သွားတိုက်ဆေးတစ်ခုခု သုံးရုံနဲ့ မလုံလောက်ဘူး။ သွားဆရာဝန်ဆီကို သွားကိုပြရမှာလို့ ပြောချင်တာမဟုတ်လား။

ဒေါက်တာနီး မှန်တာပေါ့။ အဝိပ္ပာယ်နဲ့ အသိမှား၊ အမှတ်မှားခဲ့ရင် လုပ်ရပ်လည်း မှားနေမှာပေါ့။ ကိုယ်တစ်ယောက်တည်း မှားရုံတင် မဟုတ်ဘူး။ အားလုံးအတွက် မှားနိုင်လို့ ပြောရတာပါ။

မောင်အတွာ ဟုတ်ပြီ ဆရာ။ တခြားသူတွေကိုပါ ပြောလိုက်ပါဦးမယ်။

သွားခိုင်ဖို့လိုတယ်

မောင်အတွာ ဆရာရေ ...၊ သွားခိုင်စေတယ်ဆိုတဲ့ သွားတိုက်ဆေးတွေ ရှိတယ်နော်။ သွားခိုင်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။

ဒေါက်တာနီး အေး ...၊ မင်းမေးတဲ့မေးခွန်း ကောင်းတယ်။ သွားခိုင်တယ်လို့ပြောတာက အဓိပ္ပာယ်နှစ်မျိုး ရှိတယ်။ အများစု နားလည်ထားတဲ့ သွားခိုင်တယ်ဆိုတာက အဓိပ္ပာယ်တစ်မျိုးကွ။

မောင်အတွာ ဟုတ်လား ဆရာ။ ကျွန်တော်က သိလို့မေးတာ မဟုတ်ဘူး။ သဘောရိုးပဲ မေးတာပါ။ လူတိုင်းထင်သလိုပဲ ကျွန်တော်က သွားခိုင်တာကို တစ်မျိုးပဲ အဓိပ္ပာယ်သတ်မှတ်ထားတာ။

ဒေါက်တာနီး အေး ...၊ အဲဒါကြောင့် ငါကပြောတာပေါ့။ သွားခိုင်တယ်ဆိုတဲ့ စကားလုံးက အမှုမဲ့ အမှတ်မဲ့ဆိုတော့ အဓိပ္ပာယ်က တစ်မျိုးပဲ ထင်ကြတာပေါ့။

မောင်အတွာ ဒါဆို ဆရာက သွားခိုင်တာကို ဘယ်လိုသိစေချင်တာလဲ။

ဒေါက်တာနီး အေး ...၊ သေချာနားထောင်ကွာ။ ရှင်းရှင်းလေး ပြောပြမယ်။ ပထမအချက် သွားခိုင်တယ်၊ သွားမာတယ်လို့ ဆိုကြတာက သွားရဲ့ဖွဲ့စည်းမှုကို ပြောတာကွာ။ သွားမာကျော ခိုင်ခံ့စွာ ဖွဲ့စည်းတည်ရှိနေရင် သွားအပေါ် ကျရောက်နိုင်တဲ့ ပြင်ပဒဏ်ကို ကာကွယ်နိုင်တယ်လေ။

မောင်အတွာ သွားအပေါ် ကျရောက်နိုင်တဲ့ ပြင်ပဒဏ်ဆိုတာ ဘာတွေလဲ။

ဒေါက်တာနီး ပြင်ပဒဏ်ဆိုတာ စားတဲ့အစားအစာကနေ ထိတွေ့ရတဲ့ အက်ဆစ်ဓာတ်၊ အပူ၊ အအေး၊ ထိခိုက်မှုတွေက ပြင်ပဒဏ်ပေါ့။ ဒီလို ပြင်ပဒဏ်ချက်တွေလာပေမဲ့ သွားဟာ ခိုင်ခံ့မာကျောနေရင် ဘာမှ မဖြစ်ဘူးပေါ့။ တကယ်လို့ ဒီဒဏ်တွေ မခံနိုင်လောက်အောင် သွားက ခိုင်ခံ့မှု မရှိရင် ထိခိုက်တာနဲ့ ပဲ့မယ်၊ အထိအတွေ့တွေကြောင့် သွားအတွင်းပိုင်းလွှာ

ကို ထိခိုက်မိမယ်ကွာ။ ဒီလို ပြင်ပဒဏ်ကို မခံနိုင်ရင် သွားရဲ့ပျက်စီးမှုကို တောင့်မထားနိုင်ဘူးပေါ့။ တစ်မျိုးပြောရရင် သွားတွေက ပွတာလို့ ပြောနိုင်တာပေါ့နော်။

မောင်အတွာ ဒါဆိုရင် သွားခိုင်ဖို့အတွက် ဒီလိုအခြေအနေဆို ဘာလုပ်ရမလဲ ဆရာ။ အတွာလုပ်ရုံပဲလား။

ဒေါက်တာနီး ဘာ အတွာလဲကွ။

မောင်အတွာ ဒီလိုပါ ဆရာ။ ဆရာပြောနေကျအတိုင်း သွားတိုက်ရုံတင်ပဲလားလို့ မေးတာပါ။

ဒေါက်တာနီး ဒါလည်း တစ်ချက်တော့ ပါတာပဲ။ ဖလူအိုရိုက်ပါတဲ့ သွားတိုက်ဆေးကို သုံးပြီး တိုက်ရင် သွားခိုင်တာပဲ။ နောက်တစ်ချက်က သွားရဲ့ဖွဲ့စည်းမှုကို ခိုင်ခံ့မာကျောစေတဲ့ ကယ်လ်စီယမ်ပါတဲ့ အစားအစာတွေ စားပေးတာပဲလေ။

မောင်အတွာ ဘာတွေလဲ ဆရာ။

ဒေါက်တာနီး နွားနို့၊ ကြက်ဥ၊ ဒိန်ချဉ်၊ ဒိန်ခဲနဲ့ ငါးကလေး စတာတွေက ကယ်လ်စီယမ်များတဲ့ အစားအစာတွေပဲလေ။

မောင်အတွာ တချို့က နွားနို့၊ ကြက်ဥ မကြိုက်ကြဘူး ဆရာ။

ဒေါက်တာနီး ဒါဆိုလည်းကွာ၊ မကြိုက်တဲ့သူကို တခြားနဲ့ကျွေးပေါ့။ ဥပမာ ကြက်ဥမကြိုက်တဲ့သူက မုန့်ဟင်းခါးထဲမှာ ကြက်ဥမွှေထည့်ပြီး စားပေါ့ကွာ။ ဒီလိုပဲ လှည့်ပြီး စားရမှာပေါ့။

မောင်အတွာ ကောင်းလိုက်တဲ့နည်း ဆရာ။ ကြိုက်သွားပြီ။

ဒေါက်တာနီး အေး ...၊ နောက်တစ်ချက်က သွားမခိုင်ဘူးလို့ ပြောတယ်ဆိုတာက သွားက အရိုးထဲမှာ မခိုင်ဘဲ လှုပ်နေတာလေ။ ဒါလည်း မခိုင်ဘူးဘဲ ပြောတာပဲလေ။

မောင်အတွာ ဟုတ်တယ်နော် ဆရာ။

ဒေါက်တာနီး အေး ...၊ အဲဒီလို သွားမခိုင်တာကလည်း ကြောက်စရာကောင်းတာပဲ။ သွားက အရိုးထဲမှာ မမြဲတော့ လှုပ်နေတဲ့အခါ အစာစားလို့ မကောင်းဘူးလေ။

မောင်အတွာ ဒါလည်း အစားအစာတွေ စားပေးလို့ မရဘူးလား။

ဒေါက်တာနီး ဒီလို သွားမခိုင်တာကျတော့ အစားအစားတွေထဲကဆိုရင် ဗီတာမင်စီပါတဲ့ အစားအစာတွေ စားပေးရတယ်ကွ။

မောင်အတွာ ဒီလိုစားရုံနဲ့ ကောင်းရောလား။

သွားကျောက်ခြစ်လို့ သွားလှူပ်တာလား

မောင်အတွ ဆရာ ...၊ ဘတ်စ်ကားပေါ်မှာ စကားတစ်ခွန်း ကြားခဲ့တယ်။ သွားဆေးခန်းမှာ ကျောက်တွေခြစ်လိုက်တာ သွားလှူပ်လာတယ် ပြောတယ်။ ဒါကို ဆရာ နားလည်အောင် ပြောလို့ရမလား။ ကျွန်တော် ကားပေါ်မှာတင် ကြားတာမဟုတ်ဘူး၊ ဆံပင်ညှပ်နေတုန်းလည်း တခြားလူတွေ အချင်းချင်း ပြောသံကြားတယ်။ သွားကျောက် မခြစ်နဲ့တဲ့။

ဒေါက်တာနီး အေး ...၊ သူတို့ ထင်မယ်ဆိုရင် ထင်ချင်စရာကိုး။ ကျောက် ခြစ်ပြီးတာနဲ့ သွားလှူပ်တာက ချက်ချင်းလို ထင်နေရတာဆို တော့ သူတို့အထင်တော့ မှန်တာပေါ့။

မောင်အတွ ဗျာ ...။ ဒါဆို သူတို့တွေပြောတာ မှန်တာပေါ့။

ဒေါက်တာနီး သာမန်ကြည့်ရုံနဲ့ ဆုံးဖြတ်ရင်တော့ မှန်ပါတယ်။

မောင်အတွ မရှင်းသေးဘူး ဆရာ။

ဒေါက်တာနီး အေး ...၊ ရှင်းပြပေးမယ်။ ဒီလိုကွာ ...။ မြေကြီးပျော့ထဲကို တိုင်စိုက်ထားတယ်ကွာ။ အဲဒါဆို ဘယ်လိုဖြစ်မလဲ။

မောင်အတွ တိုင်က လှူပ်နေတာပေါ့။

ဒေါက်တာနီး အေး ...၊ လှူပ်နေတဲ့ တိုင်တွေကို ကြိုးနဲ့တွဲချည်ထားရင် တိုင်တွေ ဘယ်လိုနေဦးမလဲ။

မောင်အတွ တိုင်က နည်းနည်းတော့ ငြိမ်သွားမှာပေါ့ ဆရာကလည်း ...။

ဒေါက်တာနီး ဒါဆိုရင် တိုင်မှာချည်ထားတဲ့ ကြိုးတွေကို ပြန်ဖြုတ်လိုက်ရင် ကောက္ခ။

မောင်အတွ ဆရာကလည်း ...၊ လူတိုင်းသိနေတာတွေ လာမေးတာပဲ။ ပြန်ဖြုတ်လိုက်ရင် ပြန်လှူပ်မှာပေါ့။

ဒေါက်တာနီး သွားကလည်း တိုင်နဲ့ အတူတူပါပဲကွာ။ ရှင်းရှင်းပြောရရင် သွားဖုံးနဲ့ မေးရိုးထဲမှာ သွားက ရှိနေတာ။ သွားဖုံး ရောဂါ

ဒေါက်တာနီး အေး ...၊ ဒါကျတော့ မရဘူး။ စနစ်မှန်၊ အချိန်မှန် သွား တိုက်ပေးဖို့ လိုသေးတယ်။ သွားကို ဂရုမစိုက်တဲ့သူတွေက သွားတွေ လှူပ်လာတယ်။ မခိုင်တော့ ကျွတ်သွားတော့တာပဲလေ။

မောင်အတွ သွားမတိုက်တာနဲ့ ကျွတ်သလား ဆရာ။

ဒေါက်တာနီး ဒီလိုအခြေအနေမှာ သွားမတိုက်ရုံတင် မကဘူး၊ တချို့က ဆေးလိပ်သောက်တယ်။ အမာတွေ ကြိတ်ဝါးမှုများတယ် ဆိုရင် တော့ အရမ်းသိသာတာပဲ။ ဆရာဝန်မလိုတော့ဘူး။ အသက်ကြီးတာနဲ့ သွား ကျွတ်ထွက်ကုန်ပြီလေ။

မောင်အတွ သိပြီ ဆရာရေ ...။



ဝင်လာတာနဲ့ မေးရိုးက ပွလာတာပေါ့။ သွားလှုပ်တာက သွားဖုံးရောဂါ ရှိတဲ့သူ တွေပေါ့။ ရိုးရိုးသွားဖုံးရောဂါ မဟုတ်ဘူးနော်။ အဆင့်မြင့် သွားဖုံးရောင်ရောဂါ ပဲ ဆိုပါစို့ကွာ။ ဒီလို သွားဖုံးရောင်ရောဂါ ရှိတဲ့သူတွေက သွားကလှုပ်နေတာ မသိကြဘူးလေ။ နဂိုကတည်းက လှုပ်နေတာကိုး။ သွားမျက်နှာပြင်မှာ ကျောက်ခဲတွေက ရှိသေးတယ်။ ကျောက်ခဲတွေက သွားတွေ တစ်ချောင်းပြီး တစ်ချောင်း ကြိုးချည်ထားသလို ရှိပြန်ရော။ ဒီတော့ လှုပ်နေတဲ့သွားက မလှုပ် တော့ဘူးလေ။ နောက်ပြီး လျှာကလည်း ဒီကျောက်ခဲတွေနဲ့ ပါးစပ်ထဲမှာ ယဉ်ပါးနေပြီ။ နေသားကျနေပြီလို့ ဆိုလိုချင်တာပေါ့။ အေး ...၊ အဲဒီလို ကျောက်ခဲတွေ အများကြီးနဲ့ သွားကို ဒီအတိုင်းထားရင် သွားကျွတ်လာတာပဲ။ ဒါပေမဲ့ ကျောက်ခဲတွေကို ဖယ်လိုက်တဲ့အခါ သွားလှုပ်နေတာ သိလာတယ်။ ကျောက်ခဲတွေ ရောဂါရှိနေတဲ့ သွားချောဖတ်တွေကို ဖယ်ရှားလိုက်ရင် သွား တွေရဲ့ ကျန်းမာရေး ကောင်းလာတယ်။ သွားကျန်းမာရေး ဆိုတာက သွားဖုံး ကျန်းမာတာပဲပေါ့။

မောင်အတွာ ဒါကြောင့် ကျောက်ခြစ်တယ်လို့ ပြောကြတာပေါ့နော်။

ဒေါက်တာနီး အေးပေါ့။ အဲဒီလို ကျောက်ခဲတွေ ခြစ်ထုတ်လိုက်ရင် နဂိုက လှုပ်နေတဲ့သွားက မြင်တွေ့လာရတော့ ကျောက်ခြစ်လို့ သွား လှုပ်တာလို့ ထင်လာတာပေါ့။ နဂိုအခြေအနေကို မသိကြဘူးလေ။

မောင်အတွာ ဒါကြောင့် လူနာတွေပြောတာ မှန်တယ်ပြောတာကိုး။

ဒေါက်တာနီး အေး ...၊ အဲဒီလို ကျောက်ခဲတွေ ခြစ်ထုတ်ပြီးတာနဲ့ သွားဖုံး ရဲ့ ကျန်းမာရေး ကောင်းလာတယ်။ သွားဖုံး ကျန်းမာရေး ကောင်းလာရင် သွားက မလှုပ်တော့ဘူး။ အဲဒီလို ကျောက်ခဲတွေကို ၆ လ တစ်ကြိမ် ခြစ်ထုတ်ပစ်ရမယ်လေ။ ဒါဆို **ကျောက်ခဲတွေ ခြစ်ထုတ်လို့ သွား လှုပ်တယ်ဆိုတာ မဖြစ်တော့ဘူးပေါ့။** စနစ်မှန်လုပ်ပေးရင် လုပ်ပေးသလောက် အကျိုးခံစားရတာပဲလေ။

မောင်အတွာ သဘောပေါက်ပြီ ဆရာ။ ဆက်ပြောပါဦး

ဒေါက်တာနီး အေး ...၊ မြေကြီးပျော့ထဲမှာ ထည့်တဲ့တိုင်ကို ကြိုးချည်တာ နဲ့စာရင် မြေကြီးမာလာရင် တိုင်ကလည်း မလှုပ်တော့ဘူးလေ။ ဒီလိုပဲ အရိုးမာ၊ သွားဖုံးမာမှာ သွားက မလှုပ်တော့ဘူးလေ။ ဒီတော့ ကျောက် ခဲနဲ့ သွားဖုံးကြား ဆက်စပ်မှု သဘောပေါက်ပြီပေါ့နော်။

မောင်အတွာ ဟုတ်ကဲ့ ဆရာ။ ကျွန်တော် ကျောက်ခဲတွေ အမြဲတမ်း ခြစ် ထုတ်တော့မယ်။

ရှေ့သွားအမြစ်ပဲ ရှိခဲ့ရင်

မောင်အတွာ ဆရာ ကျွန်တော့်ကိုပြောတဲ့အထဲမှာ ရှေ့သွား မရှိတာရယ်၊ ပဲ့နေတာရယ်တော့ ကျွန်တော် နားလည်ပြီဆရာ။ တကယ်လို့ နောက်ထပ် အဝှာဖြစ်နေတာဆိုရင်ကော ...၊ ဆောရီး ... ဆရာ။ အဝှာ ဆိုတာက သွားရဲ့အမြစ်ပဲ ကျန်နေတာဆိုရင်ကော ဆရာ။

ဒေါက်တာနီး အေး ...၊ သွားအမြစ်ပဲ ကျန်နေတာလို့ ပြောမရပြန်ဘူး။ ဒီ သွားအမြစ်က ဘယ်လိုကျန်ခဲ့တယ်၊ ဘယ်လောက် အရိုးထဲမှာ ရှိနေတယ်၊ အပြင်မှာ ဘယ်လောက်အထိ မြင်နေရတယ်၊ နောက်ပြီး သွား အမြစ်ရဲ့ ရောဂါတွေ ရှိနေတယ်လေ။

မောင်အတွာ ကျွန်တော် သိချင်တာက သွားအမြစ်ပဲကျန်တာဖြစ်နေရင် ဆရာတို့အနေနဲ့ သွားနုတ်လိုက်ရသလား မေးတာပါ ဆရာ။

ဒေါက်တာနီး အေးလေ။ ခုနက ဆရာပြောတဲ့ အခြေအနေလေးတွေ ရှိနေ တော့ သွားအမြစ်လို့ ယေဘုယျပြောလို့ မရဘူးပေါ့။ ယေဘုယျ မေးတာကိုပဲ ဖြေရရင်တော့ သွားအမြစ်ရှိနေရင်၊ အသုံးဝင်နေတယ်ဆိုရင် တောင် မနုတ်ကြဘူးကွာ။ ကုပြီး ပြန်သုံးလို့ရတယ်။

မောင်အတွာ ဆရာကလည်း သွားမရှိတော့တဲ့ အမြစ်ကို ကုလို့ရသေးလို့ လား။ သွားမရှိတော့တဲ့အတူတူ နုတ်ပစ်လိုက်ရင် ပြီးတာပဲ ဟာကို။

ဒေါက်တာနီး **တန်ဖိုးဆိုတာ တန်ဖိုးရှိနေလို့ တန်ဖိုးဖြစ်တာတဲ့။** မင်းပြော သလိုပဲ ထားပါတော့။ အဲဒီသွားက အသုံးမဝင်တော့ဘူး။ နုတ်ပစ်လိုက်ပြီ ဆိုပါစို့။ နောက်ဆက်တွဲတွေက တန်းစီပြီး ရှိနေတာနော်။ တစ်ချောင်းနုတ်၊ သုံးချောင်းစိုက်နော်။ နောက်ပြီး အရှုံစိုက်ဆိုလည်း မကြိုက် ကြဘူး။ နောက်တစ်ခါ အပေါ်နှုတ်ခမ်းက အထဲဝင်သွားတာက တော်တော်

ရှေ့အပေါ်သွား ပြတ်ထွက်သွားခဲ့သော်

ဒေါက်တာနီးနှင့် မောင်အတ္တာတို့ နှစ်ယောက်သည် ၃၃ လမ်းရှိ လေထန်ကုန်း လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ စကားပြောနေကြပါသည်။

မောင်အတ္တာ ဆရာ ...၊ ကျွန်တော့် အသိတစ်ယောက်ရဲ့သမီး ရှေ့အပေါ် သွား ပြတ်ထွက်သွားတယ်။ အဲဒါ ဘာဖြစ်လို့ ပြတ်သွားရတာလဲ။ သူ့အသက်ဆို ရှိမှ ၁၉-၂၀ ဝန်းကျင်ပဲ ရှိသေးတယ်။

ဒေါက်တာနီး ဩော် ... သွားလည်း အသက်နဲ့တော့ ဘယ်ဆိုင်မလဲကွာ။ ဖြစ်ချင်တဲ့သူက ဖြစ်မှာပေါ့။ ဒါပေမဲ့ ဖြစ်လာရတဲ့ အကြောင်းတရားတွေကတော့ တူမှာမဟုတ်ဘူးလေ။ သူ့သွားက သွားပိုးစားတာတို့၊ ထိခိုက်မိတာတို့ကြောင့် ဖြစ်တာနေမှာပေါ့။

မောင်အတ္တာ ထိခိုက်တယ်လို့တော့ မပြောဘူး ဆရာ။ သွားကြီးက မည်းပြီး ကိုက်တာတို့၊ ရောင်တာတို့တော့ ဖြစ်တယ်တဲ့။

ဒေါက်တာနီး အကြောင်းတစ်ခုခုတော့ ရှိနေပါလိမ့်မယ်။ အသက်ငယ်တာ၊ ကြီးတာနဲ့တော့ မဆိုင်ပါဘူး။ ကျန်းမာရေး အသိတရားနဲ့ ဆင်ခြင်တုံတရား မရှိတဲ့သူတွေကပဲ စောစော ခံစားရတတ်တယ်။

မောင်အတ္တာ ဟုတ်ပါတယ် ဆရာ။ ကျွန်တော်သိချင်တာလေး ဖြေပေးပါဦး။

ဒေါက်တာနီး မင်းဟာ သိချင်တာပဲ ရှိတာလေ။ မင်းပြောတဲ့ မေးခွန်းက မပြည့်စုံရင် ငါမဖြေတတ်ဘူး။ အဲဒီတော့ ငါက ပြန်မေးရရင် အဲဒီကလေးဟာ သွားက ပြတ်သွားပြီဆိုတော့ အဲဒီသွားကို ကုသမှုခံယူထားသေးလား။

မောင်အတ္တာ အဲဒါတော့ မသိဘူး ဆရာ။ ကျွန်တော့်ကို ပြောတာတော့ သွားပြတ်သွားတာပဲ ပြောတယ်။

ကြည့်ရဆိုးတာကွ။ အတုက အတုပဲ။ အားလုံးကို ခြုံကြည့်ရင် ကောင်းတာ မရှိတော့ဘူးနော်။ တကယ်လို့သာ မနုတ်ခဲ့ရင် မူရင်းသွားအတိုင်း ပြန်ရတယ်နော်။ ကုန်ကျစရိတ်ကို နှိုင်းယှဉ်ဦးမလား။ သက်သာတယ်။ အရသာအရ ပြောဦးမလား။ စားတဲ့ အစားအစာကို အရသာဖြစ်ပေါ်စေတာ သွားဖြစ်ဖို့ ဝန်းရံထားတဲ့ အာရုံကြောလေးတွေပဲ။

မောင်အတ္တာ ဟုတ်ပါပြီ ဆရာ။ ဒါဆို ဘယ်လိုကုသသင့်တာလဲ။

ဒေါက်တာနီး သွားမှာရောဂါရှိတာကို ကုမယ်။ အမြစ်တွင်း ကုသမှုပေါ့။ ပြီးရင် အိမ်ဆောက်သလိုပဲ။ သွားမြစ်တွင်းထဲကို တိုင်ထည့်ပြီး သွားပုံစံဖော်မယ်။ ပြီးရင် အဲဒီအပေါ်မှာ သွားပုံစံတူ၊ အရောင်တူလုပ်ပြီး စွပ်လိုက်တာပဲ။ ဒါဆို အရင်အတိုင်း ဖြစ်သွားပြီပေါ့။

မောင်အတ္တာ ဆရာပြောတော့ လွယ်လိုက်တာ။ ဒီလိုလုပ်တဲ့သူတွေကော ရှိကြလား။

ဒေါက်တာနီး ရှိတာပေါ့။ ဆရာဝန်တိုင်း လုပ်သလို လူနာတိုင်း လုပ်နေကြတာပဲ။ မသိနားမလည်လို့၊ ဒါမှမဟုတ် မခံစားချင်လို့ပဲ နုတ်ပစ်လိုက်ကြတာတော့ ရှိတယ်။

မောင်အတ္တာ ဆရာပြောတာ သဘောပေါက်ပြီ ဆရာ။ တတ်နိုင်သမျှ သွားအကောင်းကို မနုတ်တော့ဘဲ ရသမျှသွားကို ကောင်းမွန်အောင် ထိန်းသိမ်းထားတာကိုး။ တကယ်လို့ ဒီလိုလူတွေအတွက် ဆောင်ရန်၊ ရှောင်ရန် ရှိသေးလား။

ဒေါက်တာနီး ရှိတာပေါ့ကွ။ အကောင်းသွားတွေတောင် ဆင်ခြင်ရသေးတာ။ သွားတုက အမြစ်ကိုအားကိုးထားတဲ့ သွားဆိုတော့ ဆင်ခြင်စရာ ရှိတာပေါ့။ တတ်နိုင်ရင် အမာတွေ မစားရဘူး။ သွားတိုက်တဲ့ အခါ ပိုပြီး ဦးစားပေးတိုက်ရမယ်။ ၆ လ တစ်ကြိမ် စစ်ဆေးပေးရမယ်ပေါ့ကွာ။

မောင်အတ္တာ ဒီလောက်ကတော့ လုပ်သင့်ပါတယ်။

ဒေါက်တာနီး လက်တွေ့ကျတော့ လူတွေက ဂရုမစိုက်ကြဘူးကွ။ အတုနဲ့ အစစ် ကွာခြားချက် ရှိနေတာတော့ သိသင့်တယ်လေ။

မောင်အတ္တာ ဘယ်လိုပဲဖြစ်ဖြစ် သွားတစ်ချောင်း မဆုံးရတဲ့ တန်ဖိုးကြောင့် ဒီသွားရဲ့တန်ဖိုးက ပြန်ပြီးတက်လာတာပေါ့နော်။

ဒေါက်တာနီး အေးပေါ့။ တန်ဖိုးဆိုတာ တန်ဖိုးရှိလို့ပါဆို ...။

ဒေါက်တာနိုး အေး ...၊ နောက်ပြီးတော့ ရှိသေးတယ်။ သွားပြတ်တယ်လို့ ပြောပြီး ပြတ်သွားတဲ့ ပမာဏကိုလည်း ပြောဦးလေ။ သွားပြတ်တယ် ဆိုတာက ထိပ်ပိုင်းလား၊ အလယ်ပိုင်းလား၊ ဒါမှမဟုတ် အပေါ်ပိုင်း အကုန်လုံးလားဆိုတာ ရှိသေးတယ်။ အဲဒါကိုတော့ ငါ့ကို ပြည့်စုံအောင် ထည့်မေးပါလား။

မောင်အဝှာ ဆရာကလည်း ကျွန်တော် မသိပါဘူးဆို။ ကျွန်တော်သိတာက ပြတ်သွားတာ တစ်ခုလေးပဲ သိတယ်။ အဲဒီတော့ သွားအကုန်လုံးတော့ ပြတ်တာ မဖြစ်နိုင်ဘူး ဆရာ။ အဲဒါဆို ဘာလုပ်ရမလဲ။

ဒေါက်တာနိုး အေး ...၊ သွားရောဂါလည်း မရှိ၊ အပေါ်ပိုင်းလေးပဲ ပြတ်သွားတယ်ဆိုရင် ပြန်လည် အသုံးဝင်တဲ့သွားဖြစ်အောင် စွပ်ပေးလိုက်ရင် ရတာပဲ။ ဒီလို စွပ်ပေးလိုက်တဲ့အတွက် သွားရဲ့ သက်တမ်းကို ပိုရှည်စေတယ်။ ပိုပြီးလည်း လှလာနိုင်တယ်။ အရင်အတိုင်းပဲ ပြန်သုံးနိုင်လာတာပေါ့။

မောင်အဝှာ ဟုတ်ပြီ ဆရာ။ ဒီလောက်ဆို ရပါပြီ။ အဲဒီတော့ ဆရာပြောတဲ့ အထဲမှာ အလယ်ပိုင်းပြတ်တာကို သိချင်တယ် ဆရာ။ အကုန်လုံး ပြတ်တာမဟုတ်တော့ မသိချင်ပါဘူး။

ဒေါက်တာနိုး အေး ...၊ အလယ်တစ်ဝက်လောက် ပြတ်သွားရင်တော့ ဓာတ်မှန်ရိုက်ကြည့်ပေါ့ကွာ။ အဲဒီလိုရိုက်ပြီးမှ ရောဂါကို ကုသလိုက်ဦးပေါ့။ ရောဂါကုပြီးရင်တော့ ဒီသွားကို ပြန်ပြီးအသုံးဝင်အောင် စွပ်ပေးလိုက်ရုံပါပဲ။

မောင်အဝှာ ကျွန်တော်သိချင်တာ ဒါပဲ ဆရာ။ တကယ်တမ်း လက်တွေ့ကတော့ ကလေးမလေးကို ပြကြည့်မှ သိရမှာပေါ့။ မြင်မှသိ၊ သိမှယုံ ဆိုတာပဲပေါ့။ သွားအားလုံး ပြတ်သွားတာ ရှိခဲ့တဲ့အခါကျ ထပ်မေးပါမယ်။

ဒေါက်တာနိုး စကားလုံးကသာ ပြတ်သွားတာ ပြောတာကိုး။ နောက်ကွယ်မှာ ဖြစ်နိုင်တာတွေ၊ ဖြစ်နေတာတွေက ရှိနေသေးတော့ ဒီလိုဖြစ်ရင် ဒီလိုလုပ်ပါလို့ ပြောလို့မရဘူးလေ။ ဟုတ်ပြီလား။

မောင်အဝှာ ဟုတ်ကဲ့ ဆရာ။ ကျွန်တော် ပြန်ပြောလိုက်ပါ့မယ်။

ရှေ့အပေါ်သွားတစ်ချောင်း မရှိခဲ့သော်

မောင်အဝှာ ဆရာ ...၊ ဖုန်းလာနေတယ်။ ဆရာနဲ့ စကားပြောချင်လို့တဲ့။

ဒေါက်တာနိုး အမိန့်ရှိပါခင်ဗျား။ ကျွန်တော် ဘာအကူအညီပေးရမလဲ။

ဖုန်းပြောသူ ဟုတ်ကဲ့၊ ဆရာပါလားရှင်။ ကျွန်မ ဒေါ်ဝင်းဝင်းခိုင်ပါ။ ကျွန်မက ကျောင်းဆရာမပါ။ အခု မလာနိုင်သေးလို့ သိချင်တာလေး ဖုန်းဆက်ပြီး မေးရတာပါ။ ဒီလိုပါ ဆရာ။ ကျွန်မ ရှေ့သွားတစ်ချောင်း မရှိတော့ပါဘူး။ အပေါ်သွားပါ။ အဲဒါ ဘာလုပ်ရမလဲ မသိတာနဲ့ ဆရာ့ကို အရင် မေးတာပါ။

ဒေါက်တာနိုး ဆရာမရဲ့ရှေ့သွားက မရှိတော့တာ ဘယ်လောက်ကြာပြီလဲ။ ဆရာမရဲ့အသက်က ဘယ်လောက်ရှိပြီလဲ။ နောက်ပြီး သွားရဲ့ အခြေအနေ ဘယ်လိုရှိသလဲ။ အပေါ်သွားနဲ့ အောက်သွားရဲ့ ထိတွေ့မှုကကော ကွာဟမှုရှိရဲ့လား။

ဖုန်းပြောသူ ကျွန်မ သိချင်တာကို ဆရာက ပြန်မေးတာတွေ များနေပါလား။ ဘယ်လို ပြန်ဖြေရမှန်းတောင် မသိတော့ပါဘူး။

ဒေါက်တာနိုး ဆရာမရဲ့အမေးကို ပြန်ဖြေနိုင်ဖို့ ပြည့်စုံအောင် မေးရတာပါ။ တကယ်လို့သာ ဆရာမက လာပြီးပြတာဆိုရင်တော့ မေးစရာ သိပ်မလိုဘူးပေါ့။

ဖုန်းပြောသူ ကျွန်မကလည်း သွားမရှိတော့ဘူးဆိုတာနဲ့ ပြီးပြီထင်တာကိုး။

ဒေါက်တာနိုး အကြမ်းဖျင်းပြောရရင်တော့ သွားမရှိတော့ဘူးဆိုရင် ပြန်အစားထိုးပေးလိုက်ရုံနဲ့ ပြီးသွားပါပြီ။ ဘယ်လိုအစားထိုးမလဲ ဆိုတာတော့ သွားရဲ့အကျယ်အဝန်း၊ နုတ်ထားပြီး ကြာတဲ့အချိန်၊ သွားဖုံးရဲ့အနေအထား၊ အနီးအနားကသွားတွေရဲ့ ဖွဲ့စည်းပုံ၊ သွားဖုံးရဲ့ရောဂါ၊ လူနာရဲ့ လိုအင်ဆန္ဒ၊ အပေါ်သွားနဲ့ အောက်သွားရဲ့ ထိတွေ့မှုကို ချိန်ပြီး ဘယ်လိုပုံစံနဲ့ သင့်တော်မလဲ ဆုံးဖြတ်ရတာပါ။

နှိပ်စားသွားများ

မောင်အတွာ ဆရာ ...၊ ဟိုတစ်နေ့က ကျွန်တော် ဈေးထဲကိုသွားတော့ ကလေးတစ်ယောက်ကို တွေ့လိုက်တယ်။ သူ့ပါးစပ်က လူကြီးတွေ ကွမ်းစားပြီး မည်းနေသလိုပဲ။ ကလေးရယ်လိုက်တာ မည်းနေတာပဲ မြင်ရတယ်။ ပြီးတော့ သူ့သွားတွေက ငုတ်တုတ်လေးပဲ ကျန်တယ်။

ဒေါက်တာနီး အေး ... ဟုတ်တယ်။ နှိပ်စားသွားလို့ပဲ ပြောရမှာပဲ။

မောင်အတွာ ဆရာတို့ပဲပြောပြီး သွားပိုးစားတယ်ဆိုတာ မရှိဘူးဆို။ ကလေးသွားတွေကျ ပိုးစားတာပဲလား။

ဒေါက်တာနီး ဒီလို မဟုတ်ပါဘူးကွာ။ လူတွေပါးစပ်မှာ နှိပ်စားဆိုပြီး နှုတ်ကျိုးနေလို့သာ ပြောရတာပါ။ ပိုးက စားတာတော့ မဟုတ်ဘူး။

မောင်အတွာ ဒါဆို ဘာဖြစ်လို့ ရှေ့သွားတွေချည်းပဲ မည်းနက်နေရတာလဲ။

ဒေါက်တာနီး မင်းကို ငါမေးမယ်ကွာ။ ရှင်းရှင်းလင်းလင်းပဲ။ မင်း ဖြေရလည်း လွယ်တာပဲ။ အေး ... ငိုနေတဲ့ကလေးကို မိဘတွေ ဘာလုပ်လိုက်လဲ။

မောင်အတွာ နို့တိုက်လိုက်တာပေါ့။ နို့တိုက်ရင် အငိုတိတ်သွားတာပဲလေ။ အဲဒါ ဘာဖြစ်လို့လဲ။

ဒေါက်တာနီး အေး ...၊ အဲဒါအဖြေပဲပေါ့။ ငိုနေတာ အငိုတိတ်အောင် ကလေးကို နို့တိုက်တယ်။ အဲ ...၊ နို့တိုက်တယ် ဆိုတာက နို့ဘူးပေါ့။ နို့ဘူးကြီးကို ပါးစပ်ထဲထည့်ပြီး ငုံစို့ထားတယ်။ ကလေးကလည်း အိပ်ပျော်နေတယ်။ ဒါပေမဲ့ ကလေး အိပ်ပျော်နေတာတောင် နို့ဘူးကို မဖြုတ်ဘူးလေ။ နို့ဘူးထုတ်လိုက်ရင် ကလေးက ပြန်နိုးသွားမှာ စိုးတယ်လေ။

မောင်အတွာ ဒါ မှန်တာပဲ ဆရာရယ်။ ကလေးဆိုတာ နို့ဘူးစို့မယ်။ ဒါပေမဲ့ တချို့ ဘာမှမဖြစ်ပါဘူး။

ဗုန်းဗြောသူ ကျွန်မ သဘောပေါက်ပါပြီ။ ဒါဆိုရင် သွားအစားထိုးမယ်ဆိုရင် ဘယ်နှများနဲ့ အစားထိုးနိုင်မလဲ ဆရာ။ ကျွန်မရဲ့ အပေါ်ရှေ့သွားတစ်ချောင်းမရှိတဲ့ အနေအထားလေးအတိုင်း ပြောပြပေးပါလား ဆရာ။

ဒေါက်တာနီး ဟုတ်ကဲ့။ ဆရာမပြောတဲ့အတိုင်း ဆိုရင်တော့ နံပါတ်တစ် သွားအရှင် အံကပ်လေး တပ်ပေးနိုင်တယ်။ နံပါတ်နှစ်က သွားအသေစွပ်ပေးလို့ ရပါတယ်။ ဒီနည်းဟာ ဘေးတစ်ဖက်တစ်ချက်မှာ ရှိနေတဲ့ သွားနှစ်ချောင်းကို အားယူပြီး စွပ်တာပေါ့။ တတိယအချက်ကတော့ သွားမရှိတဲ့ နေရာလေးမှာပဲ မေးရိုးတွင်း ဝက်အူစုပ် သွားစိုက်နည်းသုံးပြီး အစားထိုးနိုင်ပါတယ်။

ဗုန်းဗြောသူ ဒါဆိုရင် ကျွန်မ သုံးမျိုးထဲက တစ်ခု ရွေးရမှာပေါ့နော်။

ဒေါက်တာနီး ဟုတ်ပါတယ် ဆရာမ။ နှစ်သက်ရာရွေးပြီး အစားထိုးနိုင်ပါတယ်။ နည်းသုံးမျိုးစလုံးမှာ အားသာချက်ကော အားနည်းချက်ပါ ရှိပါတယ်။ သွားအစစ်ကသာ အကောင်းဆုံးပဲလေ။

ဗုန်းဗြောသူ ဒါဆို ကျွန်မအနေနဲ့ ဘယ်နည်းလမ်းကို သုံးသင့်သလဲ ဆရာ။

ဒေါက်တာနီး ဆရာမရဲ့သွားကို ကြည့်ပြီးမှပဲ ဆုံးဖြတ်နိုင်ပါလိမ့်မယ်။

ဗုန်းဗြောသူ သဘောပေါက်ပြီ ဆရာ။ ကျွန်မ အားတဲ့အချိန်ကျမှ လာပြီး ဆွေးနွေးပါဦးမယ်။ ကျေးဇူးတင်ပါတယ် ဆရာ။

ဒေါက်တာနီး မင်းပြောတာလည်း မှန်တယ်လို့တော့ ပြောရမှာပေါ့။ လူတိုင်း မဖြစ်ရင် ဖြစ်တဲ့သူက ဘာလို့ဖြစ်ရတာလဲ စဉ်းစားပေါ့။ နံပါတ်တစ် အချက်၊ နို့ဘူးက အချို့ဓာတ်များတယ်။ နံပါတ်နှစ်က ကလေးကိုလည်း သွားသန့်ရှင်းရေး လုပ်မပေးဘူး။ နောက်ဆုံးတစ်ချက်က အိပ်နေတဲ့အချိန်တွေမှာ နို့ဘူးကိုမဖြုတ်ဘဲ တိုက်ထားတယ်လေ။ ဒီအချက်တွေ ရှိနေတဲ့သူက သူများထက် ဆိုးကျိုးခံရမှာပေါ့။

မောင်အတွာ ရှင်းပါပြီ။ ဒါနဲ့ ဆရာ ...၊ အိပ်နေတုန်း တိုက်တာနဲ့ ဘာလို့ သွားပိုးစားရတာလဲ။ အဲဒါတော့ နားမလည်ဘူး။

ဒေါက်တာနီး လူတွေရဲ့ ဇီဝကမ္မဖြစ်စဉ်မှာ အိပ်နေတဲ့အချိန်က တံတွေး အထွက်နည်းတယ်လေ။ တံတွေးကလည်း သွားတွေကို သန့်ရှင်းစေနိုင်တယ်။ အဲဒီလို အိပ်နေတဲ့အချိန်မှာ စို့ပြီးရှိနေတဲ့ နို့က သွားမျက်နှာပြင်က အလွှာလေးတွေကို လာကပ်တာပေါ့။ ဒီအချိန်မှာ သွားမျက်နှာပြင် အချဉ်ပေါက်ပြီး အက်ဆစ်က စားသွားတာဟာ ရှေ့သွားအားလုံးပဲ ဆိုရမှာပေါ့။

မောင်အတွာ ဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ။

ဒေါက်တာနီး ဖြစ်စေတဲ့ အကြောင်းတရားတွေကို ရှောင်ရှားတာဟာ နို့ပိုးစားတာကို ကာကွယ်တာပဲလေ။ နောက်ပြီး နို့ပိုးစား သွားဖြစ်စဉ်က မြန်တာ ထူးခြားတာပဲ။



မောင်အတွာ ဖြစ်စေတဲ့အကြောင်းတရားကို ရှောင် ဆိုတာကကော ဘာလဲ ဆရာ။ သိပ်မရှင်းဘူး။

ဒေါက်တာနီး မင်းကလည်းကွာ ပြောပြီးပြီပဲ။ အိပ်နေတဲ့အချိန်မှာ နို့ဘူးကို ချွတ်ထားရမယ်။ နို့ထဲမှာ သကြားလျှော့ထည့်ရမယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကလေး သွားတွေ ရှိနေပြီဆိုတာနဲ့ ခံတွင်းသန့်ရှင်းရေး၊ သွားသန့်စင်ရေးကို လုပ်ပေးမယ်ဆိုရင် သွားပိုးစား မရှိဘူးပေါ့ကွာ။ အကောင်းဆုံးကတော့ မိခင်နို့ပဲ တိုက်ဖို့ပေါ့။

မောင်အတွာ ဒါကတော့ ငွေမကုန်၊ မခက်ခဲ၊ အချိန်ပေးလုပ်ရတာဆိုတော့ လွယ်ပါတယ်။ လုပ်လို့ရပါတယ်။

ဒေါက်တာနီး အလုပ်နဲ့ အပြောမှာ ပြောတာက ပိုလွယ်တယ်နော်။

သွားဖာမယ်ဆိုရင် ...

မောင်အတွာ ဆရာ ...၊ ကျွန်တော့်အသိက စင်ကာပူသွားမလို့တဲ့။ သူ မသွားခင် သူ့အစ်မက သွားတွေကြိုစစ်ခဲ့ဖို့ ပြောတယ်။ သူက ပြောတော့ သွားဖာစရာရှိတယ်။ သွားမဖာခင် ဘာတွေလုပ်ရသလဲလို့ မေးတယ်။

ဒေါက်တာနီး ဒါက ဟိုဘက်ကအခြေအနေကို ကြိုသိလို့ ကြိုပြင်ဆင်ကြတာပါ။ ကြိုပြင်ဆင်တော့ ကြိုတင်ပြီး အချိန်ပေးရမယ့်ကိစ္စ၊ အချိန်ပေးနိုင်ရင် ရလဒ်ကောင်းတာပေါ့။ သွားဖာတယ်ဆိုတာက တကယ်တမ်းပြောရရင်တော့ ကြိုတင်ကာကွယ်တာပဲလေ။ နောက်တစ်မျိုး ပြောရရင် ပိုပြီး ဆိုးမလာအောင် ထိန်းသိမ်းထားတာ၊ ဖြည့်ဆည်းပေးတာပဲပေါ့။

မောင်အတွာ ကြိုတင်ကာကွယ်တယ်ဆိုတာက ကြိုတင်ကာကွယ်ဆေးလိုပဲ။ ဆေးထိုး၊ ဆေးသောက်ကို ပြောတာလား။

ဒေါက်တာနီး မဟုတ်ဘူးလေ။ သွားကို ဆေးထိုးပြီး ကာကွယ်လို့မရဘူး။ သွားမျက်နှာပြင်မှာရှိနေတဲ့ အပေါက်အချိုင့်တွေက ဆေးထိုးလို့ မရဘူး။ ကားလမ်းမှာရှိနေတဲ့ အပေါက်တွေလို ပြန်ဖြည့်မှပဲ ပြည့်မယ်။ လမ်းတွေပေါက်တာကို ပြန်ဖြည့်ရင်လည်း ကြိုတင်ပြင်ဆင်တာ လုပ်ရသေးတာပဲ။ သွားတွေကို မဖာခင်လည်း လုပ်ရမှာပေါ့။

မောင်အတွာ သွားမဖာခင်မှာ ဘာကြိုလုပ်ရသလဲ။ ချက်ချင်းလုပ်ရင် မရဘူးလား။

ဒေါက်တာနီး ချက်ချင်း ကောက်ကာငင်ကာလုပ်လို့ ရတာလည်း ရှိတယ်။ ဒါပေမဲ့ လုပ်မရတာတွေလည်း ရှိနိုင်တယ်။ အဲဒီလို အချိန်မျိုးမှာ အချိန်က မရတော့ဘူးဆိုရင် ဖာလို့မရဘူးပေါ့။

မောင်အတွာ ဘယ်လို အခြေအနေတွေလဲ။ ဘာတွေ ပြင်ဆင်ရမလဲ ဆရာ။

ဒေါက်တာနီး ချက်ချင်း သွားကိုဖာလို့မရတာက သွားမှာရှိနေတဲ့ အပေါက်ရဲ့

အတိမ်အနက်ပေါ့။ သွားကိုပျက်စီးစေတဲ့ ပိုးစားတာတွေဟာ သွားအသားနုနားကို ကပ်နေပြီဆိုရင် ဖာလိုက်တာ မကောင်းသေးဘူး။ ယာယီလေးပြုပြင်ပြီး ဆေးဖာ ဖာပေးရမယ်။

မောင်အတွာ ဒါနဲ့ စကားမစပ်။ ဆရာပြောတဲ့ ဆေးဖာ ဖာတယ်ဆိုတာ ဘာလဲ။

ဒေါက်တာနီး ဆေးဖာ ဖာတယ်ဆိုတာက သွားပိုးစားပေါက်ထဲကို ယာယီဆေးအာနိသင်ပါဝင်တဲ့ ပစ္စည်းဖို့တာကို ခေါ်တာပါ။ စမ်းသပ်ဖာထေးတာလို့ ခေါ်တာပေါ့။ သွားဖာပြီး ဘာတွေ လက္ခဏာပြသေးသလဲဆိုတာ စောင့်ကြည့်တာပေါ့။ တစ်ခါတည်း အပြီးဖာလိုက်ရင် သွားအတွက် မကောင်းဘူး။

မောင်အတွာ ဒါဆို ကြိုတင်ပြင်ဆင်တယ်ဆိုတာ ဘာလဲ ဆရာ။

ဒေါက်တာနီး ကြိုတင်ပြင်ဆင်တယ်ဆိုတာက သွားပိုးစားပေါက် အတိမ်အနက်ကို ခွဲခြားဖို့အတွက် သွားမျက်နှာပြင်ကို ဓာတ်မှန် (X ray) ရိုက်ကြည့်တာပဲ။ ဓာတ်မှန်ကိုကြည့်ပြီး လုပ်သင့်တဲ့ဆုံးဖြတ်ချက် ချရမှာလေ။ တစ်ခါတလေ ဆုံးဖြတ်ချက်မှားဆိုတာ နေရာတိုင်း၊ အခြေအနေတိုင်းမှာ ရှိနေတာကိုး။ မှားပြီးလို့ရှိရင် ပြင်ရခက်တယ်။

မောင်အတွာ ဒါဆိုရင် ဆရာ ဆိုလိုချင်တာက သွားကို ဓာတ်မှန်ရိုက်ရမယ်လို့ ဆိုလိုတာပေါ့။ သွားဖာတိုင်း ဓာတ်မှန်ရိုက်ရတော့မှာလား။

ဒေါက်တာနီး သွားဖာရမယ့်အချိန်တိုင်း ဓာတ်မှန်ရိုက်ရမယ်လို့ မဆိုလိုပါဘူး။ မျက်စိနဲ့မြင်ရတဲ့ အခြေအနေတွေ၊ သွားပေါက်မှာရှိနေတဲ့ အတိမ်အနက် အခြေအနေတွေကို ကြည့်ရသေးတယ်။

မောင်အတွာ တကယ်လို့များ ဆေးမဖာဘဲ ချက်ချင်းဖာလိုက်ရင် ဘာဖြစ်မလဲ။

ဒေါက်တာနီး သွားကိုက် သွားနာ ခံစားရမှာပေါ့။

မောင်အတွာ သွားကိုက် သွားနာ မခံစားရအောင် သွားမဖာခင်မှာ ကြိုတင်ပြင်ဆင်ဖို့ပြောတာ ဒါကြောင့်လား။

ဒေါက်တာနီး အေး ...၊ ကြိုတင်ပြင်ဆင်ပြီး သွားမဖာခင် စီစဉ်တဲ့အတွက် အချိန်စီမံခန့်ခွဲမှုမှာ အောင်မြင်စွာ ပြီးတယ်။ ရောဂါကို ကုသရာမှာ အောင်မြင်မှုရှိတယ်။ ရလဒ်ကောင်းကောင်း ရစေနိုင်တယ်။ သွားဆေးခန်းကို သွားရတဲ့အကြိမ် နည်းသွားစေနိုင်တယ်။

မောင်အတွာ ဒါဆို ကြိုတင်စစ်ဆေးရင် အကောင်းဆုံးပဲပေါ့နော်။

ဒေါက်တာနီး ဟုတ်တာပေါ့။

သွားဖာခြင်း

မောင်အတွာ ဆရာ သွားမဖာမီ လုပ်ဆောင်သင့်တာတွေ သိပြီးရင် တကယ် ဖာတော့ နာမှာလား။

ဒေါက်တာနီး နာမှာကြောက်တဲ့ လူအားလုံးဟာ နောက်ကျပြီး လာတာကြောင့် နာတာခံစားရလို့ သွားဖာတာ နာတယ်ဆိုပြီး ပြောကြတာပဲ။ သွားဖာတာနဲ့တော့ နာစရာမရှိပါဘူး။

မောင်အတွာ ဒါဆို တချို့လူတွေက ဘာလို့ နာကြတာလဲ။

ဒေါက်တာနီး သွားပုံစံကိုပဲ ကြည့်မယ်ဆိုရင် အပေါ်ယံအလွှာ ပိုးစားတာကို သွားဖာမယ် ဆိုပါစို့ကွာ။ အပေါ်ယံကြွေသွားလွှာ ပိုးစားတာကို သွားဖာရတာက တအား အခြေအနေကောင်းတယ်။

မောင်အတွာ ဘာအခြေအနေကောင်းတာလဲ။ ဆရာက ကောင်းတယ်ဆိုတာ လူနာအတွက် ပြောတာလား။

ဒေါက်တာနီး ဆရာဝန်အတွက်ရော၊ လူနာအတွက်ရော ကောင်းတာပေါ့။ ဆရာဝန်ဘက်က ကြည့်မယ်ဆိုရင် ကောင်းနေတဲ့သွားက ပိုးစားတာကို ကြိုတင်ကာကွယ်ပြီး ဖာတာဆိုတော့ ခံစားချက်လည်း မရှိဘူး။ ခိုင်ခံ့မှုလည်း ရှိတယ်။ လုပ်ရတာလည်း အဆင်ပြေတယ်။ လူနာဘက်ကလည်း ဒီလိုပဲပေါ့။ သွားကျန်းမာရေး သက်တမ်းကို ပိုရှည်စေတယ်။ ဒါတွေက လူနာအတွက်ရော၊ ဆရာဝန်အတွက်ရော ကောင်းတယ်လေ။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ကောင်းတယ်ဆိုတာ ဒီအခြေအနေတွေပေါ့ကွာ။

မောင်အတွာ ဒါဆိုရင် နောက်အလွှာကို ဆက်ပြီးပိုးစားတာကို ဖာခဲ့ရင်ကော ဘာအတွာရှိသေးလဲ။

ဒေါက်တာနီး ဘာအတွာလဲကွ၊ သေသေချာချာမေးပါ။

မောင်အတွာ ဆောရီး ဆရာ။ နာနိုင်သေးလားလို့ ပြောတာပါ။

ဒေါက်တာနီး ဒီအလွှာကျ လူနာဘက်ကကြည့်ရင် ကျဉ်တာ ခံစားရတာပေါ့။ ဒီတော့ လူနာ ခံရခက်ခဲတယ်။ လုပ်ရတာလည်း ကျဉ်နေတဲ့ သူက ငြိမ်ငြိမ်မနေတော့ အဆင်မပြေဘူးပေါ့။ ဒါဆိုရင် မီတော့ မီတာပေါ့။ နောက်ကျချင်နေပြီပေါ့။

မောင်အတွာ ဆရာ နောက်ကျတယ်ဆိုတာ ရှိသေးလား။

ဒေါက်တာနီး ရှိတာပေါ့ကွာ။ တကယ်လို့ သွားပိုးစားဖြစ်စဉ်က အောက်ဆုံး အတွင်းထဲ အသားနုလွှာကို ရောက်သွားပြီဆိုရင် ဒီအလွှာဟာ သွားမဖာဘဲနဲ့တောင် နာချင်နေတာလေ။ သွားဆရာဝန် မလုပ်ဘဲနဲ့တောင် နာတော့ ပြုပြင်လိုက်ရင် နာသလို ဖြစ်သွားတာပေါ့။ ဒီလို အခြေအနေမှာ ရောက်လာတော့ နောက်ကျတာပေါ့။

မောင်အတွာ ဒါဆိုရင် နောက်ကျတယ်ဆိုတာ သွားကို နုတ်လိုက်ရတော့ မယ်လို့ ပြောတာလား။

ဒေါက်တာနီး မဟုတ်ဘူးလေကွာ။ နောက်ဆုံးအဆင့်ဆိုတာက သူ့ထက် ဆိုးစရာ မရှိတော့ဘူး။ အလွှာအရလည်း နောက်ဆုံးပဲလေ။ ဒီလိုအခြေအနေမှာ သွားဖာတာတော့ မရဘူးပေါ့။ သွားတွေထဲက ရှိနေတဲ့ ပိုးစားပေါက်နဲ့ ရောဂါအခြေအနေကို ပြန်ကြည့်ရတာပေါ့။ ဒီလိုအချိန်ကျ သွားကိုဆေးထည့် ဆေးကုပြီးမှ မိမိလုပ်ချင်တဲ့ အမျိုးအစားနဲ့ လုပ်ယူလိုက်တာပဲ။ သွားကုသမှုက အောင်မြင်သွားရင် မနုတ်ကြတော့ဘူးပေါ့။ ဒါကြောင့် သွားတိုင်းကို အလွယ်တကူ မနုတ်ဘူး။ သွားနုတ်ပြီး နောက်ဆက်တွဲက အများကြီး ရှိတယ်ပေါ့။

မောင်အတွာ ဒါဆို ဒီခေတ်မှာ နာတိုင်း သွားမနုတ်တော့ဘူးပေါ့နော်။

ဒေါက်တာနီး အေးပေါ့ကွာ။ နာတိုင်း၊ ကိုက်တိုင်း သွားနုတ်ရမယ်ဆိုရင် သွားကကျန်မှာ မဟုတ်ဘူး။ သွားဆိုတာ တစ်ချောင်းကောင်းလို့ တစ်ချောင်း အသုံးဝင်လည်း မနုတ်ဘဲထားလို့ ရနေပြီပဲ။



အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

မောင်အတု ဆရာ သွားဖာတာကိုပဲ သွားမဖာခင်၊ သွားဖာနေစဉ်နဲ့ သွားဖာပြီးတဲ့အချိန်တွေမှာ ဘာတွေကို ဂရုစိုက်သင့်သလဲဆိုတာ သိချင်ပါတယ်။

ဒေါက်တာနီး လောကကြီးမှတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုပြီး ရှိနေတာပဲပေါ့ကွာ။ လူတစ်ယောက်မှာလည်း ငယ်ငယ်ကဖြစ်စဉ်၊ လက်ရှိဖြစ်စဉ်နဲ့ နောင် ဖြစ်လာနိုင်တဲ့ ဖြစ်စဉ်တွေက ရှိနေတော့ သွားဖာတာမှာလည်း ရှိတာပေါ့ကွ။

မောင်အတု ဆရာ ဆိုလိုတာက ဆောင်ရန်၊ ရှောင်ရန်တွေပဲလား။

ဒေါက်တာနီး ဒါလည်း ပါတာပဲ။ ခန္ဓာကိုယ်ထဲကို သက်မဲ့ပစ္စည်း ထည့်လိုက်တာဆိုတော့ ပြောင်းလဲခြင်းနိယာမကိုတော့ မျက်ကွယ်ပြုလို့ မရဘူး။ သဘာဝတရားကြီးက ပြောင်းလဲမှု၊ လူသားတို့ရဲ့ ပြောင်းလဲမှုတွေကြားကနေ သွားဖာထားတာရဲ့ ပြောင်းလဲမှုသဘောရည်း ရှိနေတာပဲကွ။

မောင်အတု ဆရာကလည်း ကြီးကျယ်လိုက်တာ။ လိုရင်းကိုပြောမှ ရှင်းမှာပေါ့။

ဒေါက်တာနီး မင်းပြောသလို ရှင်းရှင်းပြောရရင်တော့ သွားဖာတာဟာ သွားကို ကာကွယ်တာပဲ။ ဒါပေမဲ့ သွားဖာထားတာက တစ်သက်လုံး မွေးရာပါသွားလို ကောင်းနေတာမဟုတ်ဘူး။ ချို့ယွင်းချက်တွေက ရှိနေတယ်။ သွားဖာထားတဲ့ ပုံစံ(Design)၊ ပစ္စည်းအမျိုးအစား(Material)၊ သွားပိုးစားတဲ့ ပမာဏ အနည်းအများ၊ အကြီးအသေးတွေနဲ့ဆိုင်နေတော့ လူတိုင်း တစ်ပုံစံတည်း ဖြစ်မလာနိုင်ဘူးလေ။ လူတွေရဲ့အမြင်က သွားဖာထားတာဟာ ပါးစပ်ထဲမှာ ထည့်ထားတာ။ တစ်သက်လုံး အကောင်းလို့ မြင်နေရင် မှားသွားမယ်လေ။ ဒီအမှားကြောင့် ဂရုမစိုက်ခဲ့ရင်၊ နားမလည်ခဲ့ရင် မဖြစ်သင့်တာတွေ ဖြစ်လာနိုင်တယ်။

မောင်အတု ကောင်းလိုက်တာ ဆရာရယ်။

ဒေါက်တာနီး အမှိုက်ပုံးကို သန့်စင်အောင်လုပ်ပြီး အပေါ်ကနေ အဖုံးဖုံးထားသလိုပဲ သွားပိုးစားပေါက်ကိုလည်း အနှံ့စင်အောင်ပြုလုပ်ပြီး အပေါ်ကနေ အစာမဝင်အောင် ဖာလိုက်တာဟာ သွားတွေရဲ့ သက်တမ်းကို ပိုပြီး ဆွဲဆန့်ပေးလိုက်တာပဲလေ။

မောင်အတု ဒါဆိုရင် သွားဖာပြီးရင် ဆိုးကျိုးဆိုတာရှိသလား။

ဒေါက်တာနီး သွားဖာတဲ့ ဆိုးကျိုးမရှိပါဘူး။ စောစောလုပ်တော့ စောစော ရလဒ်ကောင်းရတာပေါ့။ စောစောကောင်းချင်ရင် စောစောပဲ စရတော့မှာ ပဲလေ။

မောင်အတု သိပြီ ဆရာ။

မောင်အတွ ဒါဆို ဖြစ်လာနိုင်တာတွေက ဘာတွေလဲ ဆရာ။

ဒေါက်တာနိုး ပထမတစ်ချက်ကတော့ သွားပိုးစားတာ ပြန်ဖြစ်နိုင်တယ်။ ဒုတိယတစ်ချက်က သွားဖာထားတာဟာ နှစ်ပေါင်း များစွာ ကြာရှည်ခံနိုင်ဖို့ မဖြစ်နိုင်ဘူး။ တတိယတစ်ချက် ပြောရရင် သွားကိုယ်တိုင်က ပဲ့တာတွေ၊ ကွဲတာတွေ ရှိနေနိုင်တယ်။ ဒီလိုအဖြစ်တွေ ရှိနေတတ်တာကို ကောင်းနေတာပဲဆိုပြီး ဒီအတိုင်းထားလို့ မရဘူး။

မောင်အတွ ဒါဆိုရင် ဘာလုပ်ရမှာလဲ။ ပြန်ပြီး အသစ်လုပ်ရမယ်လို့ ဆိုလိုတာလား။

ဒေါက်တာနိုး အသစ်ကို ရည်ရွယ်ပြီးတော့ ပြောတာမဟုတ်ဘူး။ ပြန်ပြီး စစ်ဆေးမှုခံယူရမှာကို သိစေချင်တာ။ နောက်တစ်မျိုး ပြောရရင်တော့ ဆာဗစ်ဇင်း(Servicing)ပေါ့။ ပြင်သင့်တာပြင်၊ အသစ်လဲသင့်ရင် လဲပေါ့။ ဒါမှ အကောင်းအဆိုး အခြေအနေကို ချက်ချင်း ပြုပြင်ပေးနိုင်မှာလေ။ နောက်မကျနိုင်ဘူး။ သွားမကောင်းလို့ ပြုပြင်ထားတာကလည်း ကောင်းဖို့ လိုနေတယ်။

မောင်အတွ ဒီလို သွားဖာပြီး ပြန်စစ်ဆေးမယ်။ မကောင်းရင် ပြန်ပြီး အသစ် ဖာမယ်ဆိုရင် ပြီးရောမဟုတ်လား။

ဒေါက်တာနိုး ဒီလိုပဲ လုပ်ရမယ်ဆိုတာ မဟုတ်သေးဘူး။ နောက်ထပ် ဂရုစိုက်စေချင်တာ ရှိသေးတယ်။

မောင်အတွ မပြီးသေးဘူးလား။

ဒေါက်တာနိုး အေး ...၊ သွားဖာပြီးပေမယ့်လည်း ဖာထားတဲ့သွားက ပိုပြီး သက်တမ်းရှည်အောင် အမာကိုမဝါးဖို့၊ သွားတိုက်တာ ပုံမှန်နဲ့ စနစ်မှန်ရှိဖို့ လိုအပ်တယ်လေ။ သွားဖာတယ်ဆိုတာလည်း တကယ်တော့ အတုပဲလေ။ အတုက အစစ်လောက် မကောင်းနိုင်ဘူးဆိုတာ မမေ့ခဲ့ဦးလေ။

မောင်အတွ သဘောပေါက်ပြီ ဆရာ။ ဆရာ ဆိုလိုချင်တာက သွားဖာတာကိုပဲ ဂရုစိုက်သင့်တာတွေ၊ သတိထားရမယ့်ဟာတွေ ဦးစားပေး ပြောချင်တာ မဟုတ်လား။

ဒေါက်တာနိုး ဟုတ်တာပေါ့ကွာ။ လူတွေရဲ့ သဘောသဘာဝက မသိရင် မသိသလို နေကြတယ်။ သိလာပြီ နားလည်လာပြီဆိုရင်လည်း အကြောက်တရားနဲ့ တန်ဖိုးထားတတ်တဲ့ သဘောသဘာဝကြောင့် ဂရုစိုက်တတ်ကြတယ်။ ကလေးတွေကတော့ မသိနားမလည်တော့ သတိ မထားမိကြဘူးလေ။

မောင်အတွ ဒါလည်း မှန်တာပဲ ဆရာ။

အောက်အံသွား မရှိခဲ့ရင် ...

မောင်အတွ ဆရာ ...၊ ကျွန်တော်တို့ ရှေ့သွားတွေပဲ ပြောပြောနေတာ။ တကယ်လို့များ အံသွားမရှိခဲ့ဘူးဆိုရင်ကော ဆရာ။

ဒေါက်တာနိုး ဘာအံသွားလဲကွ။ အပေါ်လား၊ အောက်လား၊ တစ်ချောင်းလား၊ နှစ်ချောင်းလား။ ရွေးပြောလေကွာ။

မောင်အတွ ဒီလိုပါ ဆရာ။ တကယ်လို့ အောက်က အံသွားတစ်ချောင်း မရှိခဲ့ဘူးဆိုရင် ဘာလုပ်ရမလဲ။ ဘာဆက်ဖြစ်မလဲ။ ဒီအတိုင်း ဆက်ထားမလားပေါ့။

ဒေါက်တာနိုး မင်းကလည်း မေးပြီဆိုတော့လည်း အများကြီးပါလားကွ။ ငါ တစ်ခုစီ ဖြေပြမယ်။ အံသွားတစ်ချောင်း မရှိခဲ့ဘူးဆိုရင်တော့ သိသိချင်းပဲ အမြန်ဆုံး ပြန်အစားထိုးလိုက်ပါလို့ ပြောချင်တယ်။

မောင်အတွ ဆရာပြောတာကို လက်ခံပါပြီ။ တကယ်လို့များ ပြန်အစားထိုးတယ်ဆိုရင် ဘယ်လိုလုပ်မှာလဲ။

ဒေါက်တာနိုး အကြိုက်တစ်မျိုးစီပေါ့ကွာ။ ဆရာဝန်အကြိုက်၊ လူနာအကြိုက် ဆိုတာက ရှိသေးတယ်။ ကျန်းမာရေးအရရော၊ ပိုပြီးကောင်းတာရော တွက်မယ်ဆိုရင်တော့ ပထမဆုံးတစ်ချက်က မေရိုးတွင်း ဝက်အူစုပ်နိုင်တာပဲ။ ဒုတိယ စဉ်းစားရင်တော့ အရှင်ထည့်ပေးပြီး အသုံးပြုတာ၊ တတိယ အချက်ကတော့ သွားနှစ်ချောင်းကို တံတားခင်းသလိုမျိုး သုံးတာပေါ့။

မောင်အတွ ဆရာ့နည်းတွေက များလှချည်လား။ သွားစိုက်ပါတယ်ဆိုမှ တစ်နည်းတည်း မဟုတ်ဘူး။ ဘာကွာလို့လဲ။

ဒေါက်တာနိုး ကွာတာပေါ့။ ကွာလို့ သူ့အကြိုက်၊ ကိုယ့်အကြိုက်ဆိုတာတွေ ရှိတာပေါ့။ တကယ်လို့များ ပထမနည်းကို ရွေးတယ် ဆိုပါတော့ကွာ။ ပထမနည်း ကောင်းတဲ့အချက်က မူရင်းသွားအတိုင်း အနေအထား

မပျက် ရပြီး ကျန်တဲ့သွားအကောင်းတွေကို အမှီမပြုတာပဲ။ တစ်ခုပဲရှိတာက ကုန်ကျစရိတ်၊ နည်းပညာ၊ လူနာရဲ့ သန့်ရှင်းမှုတွေ၊ အသုံးပြုမှုပုံစံတွေပဲပေါ့။ ဒါတွေပါ စဉ်းစားပေးလာရတယ်။

မောင်အတွာ ဆရာက ဒီနည်းကတော့ နည်းနည်ခက်တယ် ဆိုလိုတာလား။ မရနိုင်တာလား။

ဒေါက်တာနီး တိုးတက်လာတဲ့ နည်းပညာသစ်ဆိုတော့ အနည်းငယ်တော့ ချို့ယွင်းချက်တွေ ရှိနေသေးတာပေါ့။ မရနိုင်ပါဘူးတော့ မဟုတ်ဘူး။ လူတိုင်းရဲ့ စိတ်ဝင်စားမှု နည်းနေတာပါ။

မောင်အတွာ ဒါဆိုရင် ဆရာက ဒုတိယနည်းကို ညွှန်းတာပေါ့နော်။

ဒေါက်တာနီး အေးပေါ့ကွာ။ ဒုတိယနည်းက အရှင်စိုက်ပေါ့။ ဒီနည်းကိုလည်း ဆရာဝန် ကြိုက်တာပဲ။ ဒါပေမဲ့ လူနာတွေက အလုပ်ရှုပ်တယ်လို့ ယူဆပြန်ရော။ ဆရာဝန်ဘက်က ကြိုက်တယ်။ လူနာဘက်က မကြိုက်ဘူး။ လူနာက အသုံးပြုသူ၊ ဆရာဝန်က ညွှန်ကြားသူ။ ဒီလိုကွာခြားတော့ တကယ်တမ်း လက်တွေ့သုံးရသူက မခံစားနိုင်ဘူးလေ။ ဒီတော့ အရှင်ဆိုတော့ သူတို့မကြိုက်ရင် ချွတ်ထားတော့တာပဲ။ အသုံးမပြုဘူး။ အသုံးမပြုရင် အသုံးမဝင်ဘူးလေ။

မောင်အတွာ ဒါလည်း ဟုတ်တယ်။ ဒါဆို တတိယနည်း ကျတော့ကော။

ဒေါက်တာနီး တတိယနည်းက သွားမျက်နှာပြင်ကို ဦးစားပေးပြီး သုံးတာ။ ရှေ့ဘက်၊ နောက်ဘက်ကို အမှီပြုပြီး တံတားခင်းတာ။ ပြီးတော့ ချွတ်လို့မရဘူး။ အလုပ်မရှုပ်ဘူး။ ဒီတော့ လူနာကြိုက်တယ်။ ဆရာဝန်ဘက်က ကြည့်ရင် သွားအတွက် မကြိုက်ဘူး။ ဒါပေမဲ့ ဒီနည်းက လူတွေလက်ခံတယ်။ အသုံးပြုတယ်။ ဒီတော့ သွားဘက်ဆိုင်ရာ အသိပညာ ဗဟုသုတလေး လိုနေလို့ပေါ့။ တစ်သက်တာကို စဉ်းစားမလား၊ ခက်တာကို ဦးစားပေးမလား။ ရွေးလာရပြီလေ။

မောင်အတွာ ဒီလိုကျပြန်တော့လည်း ဆရာပြောတာ ဟုတ်တုတ်တုတ်ပဲ။

ဒေါက်တာနီး ဘယ်လိုပဲပြောပြော၊ အောက်ခံသွားမရှိခဲ့ဘူး ဆိုရင်တော့ ပြန်ကို စိုက်ပေးရမယ်ဆိုတဲ့ အသိရှိဖို့ လိုအပ်တာပဲ။

မောင်အတွာ ကျွန်တော် နောက်ထပ်တောင် မေးချင်သေးတာ၊ မမေးတော့ဘူး။ နောက်တစ်ခေါက်မှ မေးတော့မယ်။

ဒေါက်တာနီး ဆက်ပြောနေလည်း အများကြီး ရှိနေသေးတာပဲ။ သွားစိုက်တော့ သွားအရောင်လား၊ သတ္တုအရောင်လားပေါ့နော်။

မောင်အတွာ ဟုတ်တာပဲ။ ဒါတွေ ကျန်သေးတယ်။

ဒေါက်တာနီး ဘာပဲပြောပြော၊ သွားပြန်စိုက်ရင် သွားအရောင်နဲ့ အကောင်းဆုံးပါပဲ။ ထပ်ပြောရရင် တန်ဖိုးရှိလို့ တန်ဖိုးဖြစ်တာပဲကွာ။

မောင်အတွာ ဒီလောက်ဆို လုံလောက်ပါပြီ ဆရာ။

အောက်အံသွား ပြန်မစိုက်ခဲ့ရင် ...

မောင်အတွာ ဆရာ့ကို ကျွန်တော် အောက်အံသွားမရှိခဲ့တာကို မေးတုန်းက လုပ်ရမှာကိုပဲ ဖြေခဲ့တယ်နော်။ တကယ်လို့များ ဒီအတိုင်းထားပြီး ပြန်မစိုက်တာတို့၊ အစားမထိုးတာတို့ ရှိနေရင်ကော ဘာဖြစ်လာနိုင်မလဲ။ ဆိုးကျိုးရှိသလား ဆိုတာလည်း ပြောပြပေးပါဦး။

ဒေါက်တာနီး ရှိတာပေါ့ကွာ။ အကြောင်းတရားတွေရဲ့ နောက်ကွယ်မှာ ဆိုးကျိုး၊ ကောင်းကျိုး ရှိပေးရမှာပဲ။ မင်းပဲ စဉ်းစားကြည့်ပေါ့ကွာ။ တစ်ချောင်းမရှိတော့ဘူး ဆိုတာနဲ့ လျော့သွားပြီး လေးချောင်းနဲ့ အစားအစာကို ဝါးစား၊ ကြိတ်စားရမယ့် အခြေအနေကနေ သုံးချောင်းတည်းနဲ့ ဝါးရ၊ စားရဆိုတော့ ပထမတစ်ချက်ကကို အားပျော့သွားပြီလေ။ အိမ်တစ်အိမ်ဆောက်ရင်ပဲ ကြည့်ပါလား။ လေးတိုင်ရှိရမယ့် အိမ်တိုင်က တစ်တိုင်မရှိတော့ရင် ကျန်တိုင်သုံးတိုင်ရဲ့ အခြေအနေက ဘယ်လိုဖြစ်နိုင်မလဲပေါ့။ ဒါက ရိုးရိုးလေး စဉ်းစားတာပဲ။

မောင်အတွာ ဒါတော့ ဟုတ်တာပေါ့။ လက်ခံတယ်လေ။ မျှပြီး ညီညီဝါးရမယ့်ဟာ တစ်ချောင်းမရှိတော့ မညီညာတော့ဘူးပေါ့။ ဒါပဲလား ဆရာ။ နောက်ကော ရှိသေးလို့လား။

ဒေါက်တာနီး ဟ ... ရှိတာပေါ့ကွာ။ တစ်ချောင်းနုတ်လိုက်လို့ မရှိတော့ဘူးပေါ့ကွာ။ အဲဒီသွားရဲ့ရှေ့က တစ်ချောင်းက နုတ်ထားတဲ့ဘက်ကို ယိုင်လဲလာတယ်။ နောက်ပြီး နောက်ဘက်ကရှိနေတဲ့ သွားက ရှေ့ဘက်ကို ယိုင်လဲလာတယ်လေ။

မောင်အတွာ ဆရာ ...၊ သွားတွေက ပုံမှန်ရှိနေတာ မဟုတ်ဘူးလား

ဒေါက်တာနီး မင်းကလည်းကွာ ...။ ထိပါများတော့ နဲ့ ... တဲ့။ သွားတွေက ပုံမှန်ဆိုရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ကြိတ်ဝါး အားပါတယ်လေ။ မျက်နှာချင်းဆိုင်သွားတွေရဲ့ ဖိကြိတ်အားက သွားတွေကို ယိမ်းနွဲ့စေတယ်။ ဒီကြားထဲ သွားကလည်း သွားပုံးရောင်ရောဂါ ရှိနေတယ်ဆိုရင် ပိုဆိုးတာပေါ့။ အဲဒီလို ကြိတ်ဝါးအားတွေက နှစ်တွေကြာလာရင် လွတ်နေတဲ့ နေရာဘက်ကို ရွှေ့ပြောင်းလာတယ်။ ဒါက ဆိုးကျိုးပဲလေ။

မောင်အတွာ ဘာဆိုးကျိုးလဲ ... ဆရာ။

ဒေါက်တာနီး ဒီလို ယိုင်ပြီးလာတဲ့အခါ ကျန်တဲ့သွားတွေက ကျဲလာတာပေါ့။ ဒီလို ကျဲလာတာဟာ အစာညပ်ဖို့အတွက် အခွင့်အရေးကောင်းပဲလေ။ သွားတွေကို ဘယ်လောက်ပဲ သန့်စင်အောင်လုပ်နေနေ အစာညပ်တာကတော့ ရှိနေမှာပဲလေ။ တကယ်လို့များ သန့်စင်မှု ပုံမှန်မလုပ်နိုင်တဲ့အခါ ညပ်နေတဲ့အစာကြောင့် သွားဖုံးရောင်တာတွေ၊ သွားပိုးစားတာတွေ ဖြစ်လာပြီနော်။ ဒါတင်မကဘူး။ အစာညပ်တာရဲ့ နောက်ဆက်တွဲက စိတ်ကို အနှောင့်အယှက် ပေးနေတာပါပဲ။

မောင်အတွာ ဟုတ်တယ် ဆရာ။ ဒါတော့ လက်ခံတယ်။

ဒေါက်တာနီး အဲဒီလို ဖြစ်လာပြီး ကြာလာတဲ့အခါ မဖြစ်စလောက်ကလေး ကနေပြီး ကြီးလာပြီး သွားကိုက် သွားနာဝေဒနာ ခံစားရပြန်ရော။ အဲ ... နောက်ဆုံးတော့ စိတ်အလိုလိုက်ပြီး သွားနုတ်လိုက်ရင် သွားတစ်ချောင်း ဆုံးရှုံးရပြန်ပြီလေ။ တစ်ချောင်းကနေ နှစ်ချောင်းပေါ့။ ဒီလိုပဲ ပြန်မစိုက်ဖြစ်ခဲ့ရင် နှစ်ချောင်းကနေ သုံးချောင်း ဆက်ဖြစ်လာတာပဲ။ နှစ်တွေ ကြာလာရင် သွားတစ်ချောင်းမှ မရှိလာရတာ ဒါကြောင့်ပေါ့။

မောင်အတွာ အသက်ကြီးလာသူ တချို့မှာ သွားတစ်ချောင်းမှ မရှိတော့တာ ဒါကြောင့်နဲ့တူတယ်။

ဒေါက်တာနီး အေးပေါ့ကွာ။ သွားတစ်ချောင်းမရှိတာကို ပြန်အစားထိုးဖြစ်ခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလေ။ အသက်ကြီးတိုင်း သွားမကျိုးပါဘူးကွာ။ စနစ်မှန် မနေခဲ့လို့ ဆိုးကျိုးခံစားရတာပါ။

မောင်အတွာ ဆရာ ...၊ ဒါဆိုရင် သွားမရှိလို့ ပြန်မစိုက်ရင် အနီးအနား သွားတွေ ပျက်စီးနိုင်တယ်လို့ ပြောနိုင်တာပေါ့နော်။

ဒေါက်တာနီး ဒါတင်ဘယ်ကမလဲ။ မျက်နှာချင်းဆိုင်သွားကလည်း နုတ်ထားတဲ့နေရာမှာ လွတ်နေလို့ ရှည်လာတာတွေ ဖြစ်လာပြန်တာပဲ။ အဲဒီအချောင်း ရှည်ကျလာတော့ အနီးအနားက သွားက တစ်ခါ အစာညပ်လာတာပဲ။ ဆိုးကျိုးက နောက်ဆက်တွဲ တန်းစီပြီး ရှိနေတာပဲလေ။ တကယ်လို့ သာ ဒါတွေ နားလည်ခဲ့ရင် မဖြစ်ဘူးပေါ့။

မောင်အတွာ တကယ်လို့ နုတ်ထားပြီး သွားပြန်စိုက်ခဲ့ရင်တော့ ဘာမှမဖြစ်ဘူးပေါ့။

ပညာရှိ သွား

မောင်အတွာ ဆရာ အင်္ဂလိပ်လိုမှာ သွားအမည်ကို Wisdom Tooth (ပညာရှိသွား)လို့ခေါ်တာ ဘာလို့ပါလဲ။

ဒေါက်တာနီး အဓိပ္ပာယ်ရှိလို့ ခေါ်တာပေါ့ကွာ။ မင်းကမေးရင် ငါမေးတာ ပြန်ဖြေပေါ့ကွာ။ အဲဒီပညာရှိကကော ဘာလဲကွာ။

မောင်အတွာ ပညာတတ်တဲ့သူပေါ့။ ဆရာကလည်း ဒါများ လွယ်လွယ်လေး၊ မေးနေရသေးတယ်။

ဒေါက်တာနီး လွယ်တော့ လွယ်တာပေါ့ကွာ။ ဒါပေမဲ့ ပညာရှိ၊ ပညာတတ် လူတိုင်းလုပ်လို့ ရသလား။ ဘယ်အရွယ်တွေ မြင်ရတုန်း။ မင်း စဉ်းစားကြည့်ပါလား။

မောင်အတွာ ဆရာ မေးသလောက်တော့ လိုက်မမီပါဘူး။ ဘာပဲပြောပြော ပညာရှိမှန်သမျှ ပြောရရင် အသက်အရွယ် ရှိလာတဲ့သူပဲပေါ့။ လူကြီးဖြစ်ပြီပေါ့။

ဒေါက်တာနီး အေးပေါ့။ ဒီလိုပဲ ပညာရှိသွားဆိုတာ အသက်အရွယ်ကြီးတဲ့ အချိန်မှာ ပေါ်လာလို့ ပညာရှိသွားလို့ ခေါ်တာပေါ့။ တွေးခေါ် မြော်မြင်နိုင်တဲ့ အသိတရားတွေ၊ ဆင်ခြင်တုံတရားတွေရှိနေတဲ့ အရွယ်ပဲ။ အသက်အပိုင်းအခြားနဲ့ အတိအကျပြောရရင် အသက် ၁၈ နှစ် နောက်ပိုင်းပေါ့။ ပညာရှိသွားလို့ခေါ်တဲ့ အံဆုံးဟာ ၁၈ နှစ် နောက်ပိုင်းမှာ မြင်ရတယ်။ ပေါ်လာတယ်။

မောင်အတွာ ကောင်းတာပေါ့ ဆရာ။ နောက်ဆုံးကျမှ ပေါက်တာဆိုတော့ ပြဿနာမရှိဘူးပေါ့။

ဒေါက်တာနီး နောက်ဆုံးထဲမှာ မကောင်းတဲ့ နောက်ဆုံးပဲကွ။ နောက်ဆုံးမှ ပေါက်ပြီး နောက်ဆုံး ဒုက္ခပေးတာပဲ။

ဒေါက်တာနီး အေးပေါ့။ နောက်ပြီး ရှိသေးတယ်။ သွားတွေ မညီမညာဖြစ်လာတာတွေ၊ မေးရိုးအနေအထား လွဲလာတာတွေ၊ နားထင်က အဆစ်တွေ ရောင်ရမ်းနာလာတာတွေ ရှိသေးတယ်နော်။ ကြာလာရင် ဖြစ်လာမယ့်ဟာတွေပါ။ ဖြစ်လည်း ဖြစ်နေကြပါတယ်။

မောင်အတွာ ဒါဆို ကျွန်တော် သဘောပေါက်ပြီ ဆရာ။ တကယ်လို့ မရှိတာကို ဘယ်အချိန်ဆို ပြန်အစားထိုးလို့ ရပြီလဲ။

ဒေါက်တာနီး သွားနုတ်ထားပြီး ၃ လဆိုရင် စစ်ဆေးမှုခံယူပြီး ပြန်အစားထိုးအသုံးပြုမယ်ဆိုရင် လုပ်ရတာလည်း လွယ်၊ နောက်ဆက်တွဲ ပြဿနာလည်း မရှိဘူးပေါ့။

မောင်အတွာ နည်းနည်းလေး နောက်ကျရင်ကော ဆရာ။

ဒေါက်တာနီး လုပ်ပြန်ပြီ။ နောက်ကျရင် နောက်ကျသလောက်တော့ ဆိုးကျိုးရှိပါတယ်ဆို။ တစ်နှစ် နောက်ကျရင် တစ်နှစ် နောက်ကျသလောက် ခံရမှာပေါ့။

မောင်အတွာ ဒါဆို သဘောပေါက်ပြီ ဆရာ။



မောင်အတွာ ဘာလဲ ဒုက္ခပေးတယ်ဆိုတာ ...။ ဒီအချိန်မှာ ဒုက္ခ ရှိသေးလို့လား။

ဒေါက်တာနီး ရှိတာပေါ့ကွာ။ လူတိုင်းကိုတော့ မဟုတ်ပါဘူး။ ခံတွင်းသန့်စင်မှု မရှိတဲ့သူနဲ့ သွားပေါက်တာ ပုံမမှန်တဲ့သူတွေပဲ ဖြစ်တာလေ။ လူတိုင်းဖြစ်ရင် ဘယ်လွယ်မလဲ။

မောင်အတွာ ဒါဆို ဘယ်လိုလူတွေမှာ ဖြစ်တတ်တာလဲ။ နောက်ပြီး ဘာကြောင့် ဖြစ်ရတာလဲ။ ဖြစ်လာရင် ဘာလုပ်ရမလဲ ဆရာ။

ဒေါက်တာနီး ဟာ ... မေးတာတွေက များလှချည်လား။ ဒီအံဆုံးက တည့်တည့် မပေါက်ဘဲ စောင်းပြီး ပေါက်တာဆိုရင် မကောင်းဘူး။ လူတိုင်းက သွားပေါက်ပုံ တူတာမဟုတ်ဘူး။ စောင်းပေါက်တာတွေက အစာညပ်ဖို့ အခွင့်အရေးပိုရတယ်။ ဒီကြားထဲ သွားကလည်း မတိုက်ဆိုတော့ ပိုးဝင်တာပေါ့။ သွားတိုက်တဲ့လူအတွက်တောင် သွားတိုက်ရတာ ခက်ခဲတယ်။ သန့်စင်တာ မပြောင်ရင် ပိုးဝင်နိုင်တာပဲလေ။

မောင်အတွာ အဲဒီတော့ ပိုးဝင်ရင် ဘာဆက်ဖြစ်လို့လဲ။ သွားပိုးစားတာကိုပြောတာလား။

ဒေါက်တာနီး ပိုးဝင်တယ်ဆိုတာက သွားပိုးစားပြီး ဖြစ်လာတဲ့ပိုးလည်း ဖြစ်နိုင်တယ်။ သွားဖုံးရောင်တာလည်း ဖြစ်နိုင်တယ်။ နောက်ဆက်တွဲက **နာတယ်၊ ပြည်တွေထွက်တယ်၊ ပါးစပ်ဟလို့ မရဘူး၊ မျက်နှာ ရောင်တယ်။ အစာစားလို့ မရဘူး၊ ဖျားတယ်၊ ကိုယ်တွေပူလာတယ်။ တကယ်လို့ သာ အံဆုံးနှစ်ဖက်စလုံး တစ်ပြိုင်နက်ဖြစ်ရင် လေပြွန်တွေတောင် ပိတ်ပြီး သေတောင်သေနိုင်တယ်။** ကြောက်စရာမဟုတ်ပေမယ့်လို့ ကြောက်စရာကောင်းတာပဲလေ။

မောင်အတွာ ဒါဆို ဘာလုပ်ရမလဲ ဆရာ။

ဒေါက်တာနီး ဆေးတွေ စားရမယ်။ ပိုးသတ်ဆေး၊ အကိုက်အခဲပျောက်ဆေး၊ အရောင်ကျဆေးတွေ စားရမယ်။ ခံတွင်းသန့်စင်အောင် သွားတိုက်တာတွေ လုပ်ရမယ်။ **သွားတိုက်တာဟာ ပြောတော့ လွယ်လွယ်လေးပါ။ လုပ်ဖို့ ခက်နေတာလေ။**

မောင်အတွာ ဒါဆို အံဆုံးမရှိရင် ကောင်းတာပေါ့နော်။ ဆရာက အောက်အံသွားမရှိရင် ပြန်တောင် အစားထိုးခိုင်းတာ။ အံဆုံးကျဘယ်လိုလုပ်မလဲ။

ဒေါက်တာနီး **လောကကြီးမှာ ရှိသင့်တာတွေ၊ ရှိချင်တာတွေက အများကြီးထဲမှာ မရှိတာ အကောင်းဆုံးကတော့ အံဆုံးပဲကွာ။** မရှိလည်း

ဘာမှမဖြစ်ဘူး။ ဒီတော့ ရှိပြီးသား ဆုံးရှုံးသွားလည်း ပြန်စိုက်စရာ မလိုဘူးပေါ့။ မရှိလေ ကောင်းလေပဲ။ ရှိလို့ ရှုပ်နေတာပဲ။

မောင်အတွာ ဒါဆို ဒီ ပညာရှိသွားက မရှိရင် ကောင်းတာပေါ့နော်။

ဒေါက်တာနီး အေး ...၊ ပညာရှိဆိုတာလည်း ရှိသင့်တဲ့ ပညာရှိ၊ မရှိသင့်တဲ့ ပညာရှိ ရှိနေတာပဲ။ လောကကြီးကို အကျိုးပြုဖို့ လိုတယ်လေ။ ဒီ ပညာရှိသွားလည်း အသုံးမဝင်ဘူးဆို မရှိသင့်ဘူးပေါ့။

မောင်အတွာ ဟုတ်ကဲ့။ ရှင်းပါပြီ ဆရာ။



ရှေ့က ကိုက်၊ နောက်က ဝါး

မောင်အတွ ဆရာ ...၊ ဟိုမှာ အဘွားကြီးတစ်ယောက် အစာစားနေတဲ့ပုံကို ကြည့်ပါဦး။

ဒေါက်တာနီး သွားမရှိတဲ့သူတွေ အစာစားရင် ဒီလိုဖြစ်တာပဲလေ။

မောင်အတွ အဘွားကြီး အစာဝါးတာက မေးရိုးက ရှေ့ထွက်ပြီး မြို့စိမြို့စိနဲ့ ကြိတ်ဝါးနေလို့ပါ။ ကျွန်တော်တို့ ဝါးတဲ့ပုံစံနဲ့ မတူဘူးနော်။

ဒေါက်တာနီး မှန်တာပေါ့ကွ။ ဘယ်တူပါ့မလဲ။ သွားရှိနေရင်တော့ အတူတူပဲပေါ့။ သွားမရှိတဲ့သူတွေက အစာကိုစားရင် ဒီလိုပုံစံတွေ ဖြစ်သွားတတ်ကြတယ်။ စနစ်မှန်နဲ့ မနေခဲ့လို့ပေါ့။

မောင်အတွ စနစ်မှန်ဆိုတာ ဘာလဲ ဆရာ။

ဒေါက်တာနီး သွားရဲ့အလုပ်လုပ်ပုံကို စဉ်းစားကြည့်ကွာ။ ရှေ့သွားတွေရဲ့ပုံစံကို အရင်ကြည့်။

မောင်အတွ ပြားပြား ပါးပါးလေးပေါ့။ ပေါက်ပြားလိုပဲလေ။

ဒေါက်တာနီး အေး ...။ ဒီလိုသွားပုံစံ ဖြစ်ရတာကိုက အစားအစာတွေကို ကိုက်ဖဲ့ဖို့၊ ဖြတ်တောက်ဖို့ပဲပေါ့။ မင်းစားချင်တဲ့ ကြက်သားတုံးကို တစ်ခါတည်းမျိုချလို့ ရသလား။

မောင်အတွ မရဘူးလေ။ ကိုက်ပြီး ပါးစပ်ထဲ ထည့်ရတာပေါ့။

ဒေါက်တာနီး အေး ...၊ ဒီလိုမှ ကြိုးတဲ့အစာက သေးတဲ့အစာအဖြစ် ပါးစပ်ထဲကို ရောက်နိုင်မှာပေါ့။ ဘယ်လိုပဲပြောပြော ရှေ့သွားက ကိုက်ဖြတ်ဖို့ပုံစံရှိပြီး ကိုက်ဖြတ်တဲ့အခါပဲ ရွေးသုံးရမှာပေါ့။

မောင်အတွ ဟုတ်ပြီ ဆရာ။ ဒါဆို နောက်က အံသွားကျတော့ကော ...။

ဒေါက်တာနီး အေး ...၊ အံသွားက နောက်ဘက်မှာ ရှိနေတယ်။ အံသွားရဲ့ပုံစံကို ကြည့်မယ်ဆိုရင်လည်း မျက်နှာပြင် ဇရိယာကြီးကြီးနဲ့

ဘေးနှစ်ဖက်က မြင့်ပြီး အလယ်မှာ ချိုင့်နေတယ်။ အပေါ်သွားနဲ့ ထပ်ပြီးကြည့်ရင် ကြံ့ကြိတ်စက်လိုပဲလေ။

မောင်အတွ ဟုတ်တယ် ဆရာ။

ဒေါက်တာနီး အေး ...၊ အဲဒီလို **ရှေ့သွားက ကိုက်ဖြတ်ပြီး ရလာတဲ့ အစာကိုမှ နောက်အံသွားက ကြိလိုကြိတ်ပြီး ဝါးရတာကိုး**။ ဒါမှ စားရတဲ့ အစားအစာကို ပိုပြီး ကြေညက်လွယ်တဲ့ အစာအဖြစ် ပြောင်းလဲနိုင်မှာလေ။

မောင်အတွ အဲဒါနဲ့ ဟို အဘွားကြီး အစာစားတာ ဘယ်လိုဆက်စပ်တာလဲ။

ဒေါက်တာနီး သွားပိုးစားခဲ့လို့ဖြစ်ဖြစ် အကြောင်းအမျိုးမျိုးကြောင့် သွားတွေ နုတ်လိုက်ရပြီဆိုရင် အံသွားတွေ အရင်ဆုံး နုတ်လိုက်ရတယ်။ ဒီတော့ ပါးစပ်ထဲမှာ ဝါးစရာမရှိဘူးပေါ့။ ရှေ့သွားက နောက်မှ နုတ်လိုက်ရတာလေ။ အဲဒီလိုဖြစ်စဉ်ကို ကြည့်ရင် ဝါးစရာမရှိတော့ ရှေ့သွားကို ဦးစားပေးပြီး ဝါးပြန်ရော။ အစကတည်းက ရှေ့သွားက ကိုက်ဖြတ်ဖို့လေ။ ကြိတ်ဝါးတဲ့သွား မရှိတော့လည်း ကိုက်ဖြတ်မယ့်သွားကို ကြိတ်ဝါးသွား ပြောင်းလိုက်တော့ အောက်ကမေးရိုး ရှေ့ထွက်လာတယ်။ ဒါကို စနစ်မမှန်ဘူး ပြောတာပေါ့။ ဒီလိုဖြစ်အောင် အံသွားဆုံးရှုံးသွားတဲ့အခါ ချက်ချင်း အစားထိုးခဲ့မယ် ဆိုရင် ကျန်တဲ့သွားလည်း မပျက်စီးဘူး။ မေးရိုးလည်း ရှေ့မထွက်ဘူးပေါ့။ ဒါက စနစ်မှန် အသုံးပြုနည်းပဲလေ။

သွားပေါ်က စိန်

မောင်အတွ မြို့ထဲ လမ်းလျှောက်သွားလို့ရှိရင် တချို့လူငယ်တွေ ပါးစပ်ဟလိုက်ရင် အရောင်တွေလက်သွားတာ တွေ့ရတယ်။ အနီးကပ်လည်း မကြည့်ရတော့ မသိဘူး။ ဘာလုပ်ထားကြတာလဲ ဆရာ။

ဒေါက်တာနီး ဩော် ... ဒါလား။ သွားမှာ စိန်တပ်ထားတာပါ။ စိန်ဆိုတော့ သွားမျက်နှာပြင်ပေါ် အလင်းတန်းကျပြီး အလင်းပြန်ထွက်လာတော့ အရောင်လက်သလို ဖြစ်တာပေါ့။

မောင်အတွ လုပ်ချလိုက်ပြန်ပြီ။ လူငယ်တွေရဲ့ စိတ်ကူးနဲ့ အတွေးတွေက ကြောက်စရာပဲ။ ကြံဖန်ပြီး လုပ်တတ်တာပဲနော်။ တကယ်ကော စိန်တွေတပ်တာလား။ အစစ်တွေဆို ဈေးကြီးမှာပဲနော်။

ဒေါက်တာနီး သွားပေါ်မှာ စိန်တပ်တာက အစစ်လည်း သုံးတယ်။ အတုလည်း သုံးတာပေါ့။ အတုကတော့ သွားဘက်ဆိုင်ရာစိန်ပဲဆိုရမှာပေါ့။

မောင်အတွ စိန်အစစ်ဆိုရင်တော့ စိန်က တစ်ဖက်အချွန်ကြီး ရှိတယ်လေ။ အဲဒါ ဘယ်လိုလုပ်မလဲ။

ဒေါက်တာနီး အေး ...၊ အဲဒါကြောင့် စိန်အတုကို ထွင်တာပေါ့။ စိန်အစစ်သုံးရင် သွားမျက်နှာပြင်ပေါ်မှာ ဖောက်တပ်ရတာဆိုတော့ သွား ကျန်းမာရေးအနေနဲ့ပြောရရင် မလုပ်သင့်ဘူးပေါ့ကွာ။ စိန်အတုကတော့ သွားကို ထိခိုက်စရာမရှိဘူးလေ။ ကြိုက်ရင် တပ်၊ မကြိုက်ရင် ဖြုတ်ထားလို့ရနေတာကိုး။ ဒီတော့ တစ်မျိုးပြောရရင် ခန္ဓာကိုယ်တွင်း အလှဆင်ပစ္စည်းပဲပြောရမှာပေါ့။ အလှဆင်တယ်ဆိုတာ ကျန်းမာရေးအနေနဲ့လည်း ဆိုးကျိုးမရှိဘူးဆိုရင် ပြဿနာမရှိဘူးပေါ့။

မောင်အတွ ဒါဆို စိန်အစစ်တပ်ရင် ပြဿနာရှိတယ်ပေါ့။

ဒေါက်တာနီး စိန်အစစ်က ပြဿနာရှိတယ်လို့တော့ မဟုတ်ဘူးပေါ့။ ကိုယ့်ရဲ့ သွားကို ဖောက်လိုက်ရတဲ့အတွက် မကောင်းဘူးလေ။ မွေးရာပါ သွားကို မဖျက်ဆီးတာ အကောင်းဆုံးပေါ့။ ဒါပေမဲ့ တချို့က စိန်အစစ်ကိုပဲ တပ်ချင်ကြတယ်လေ။

မောင်အတွ ဒါဆိုရင် ဆရာရယ် ...၊ အဲဒီလို စိန်တပ်ဆင်ထားတဲ့လူတွေ အနေနဲ့ ဘာတွေ လိုက်နာသင့်သလဲ ဆရာ။

ဒေါက်တာနီး ထွေထွေထူးထူးတော့ မရှိလှပါဘူး။ **စိန်အစစ်သုံးတဲ့သူတွေကတော့ စိန်အစစ် လှုပ်လာလား၊ ပြုတ်ကျသွားသလားဆိုတာ စစ်ဆေးရမှာပေါ့။ စိန်အတုကတော့ အရေးမကြီးဘူးလေ။ ဘယ်လိုစိန်ကိုပဲ သုံးသုံး၊ သွားကျန်းမာရေးအတွက် သွားမျက်နှာပြင် သန့်နေအောင် သွားတိုက်တာတော့ လုပ်ပေးရမှာပဲ။ စိန်တပ်တဲ့နေရာမှာ အစားအစာတွေ ကပ်ငြိတွယ်ရင် အရောင်ပြောင်းလာပြီး မလှတော့ဘူးလေ။** ဒီအခါမျိုးကျ လုပ်ထားတာ အလကားဖြစ်တာပေါ့။ ဒီလို တပ်ဆင်ထားတဲ့သူတွေဟာ သွားသန့်ရှင်းရေးကို ပိုဂရုစိုက်ဖို့ လိုတယ်။

မောင်အတွ ဒါဆို ကျွန်တော်လည်း တပ်ချင်လိုက်တာ။

ဒေါက်တာနီး အေး ...၊ တပ်မယ်ဆိုရင် မင်းကိုယ်မင်း သွားသန့်ရှင်းရေး ပုံမှန်လုပ်နိုင်သလား စဉ်းစားကြည့်ပေါ့ကွာ။ ခံတွင်းညစ်ပတ်နေရင် ပြင်ပ ပစ္စည်းရှိနေတော့ ပိုပြီး အရှုပ်ဆိုးစေတာပေါ့။ လှချင်လို့လုပ်တာ မလှဘဲ ရုပ်ကို ပိုဆိုးသွားနိုင်တယ်။

မောင်အတွ ဒါဆိုလည်း သွားတိုက်တဲ့အလေ့အကျင့်ကိုပဲ မြဲအောင်လုပ်ပါတော့မယ်။



အာဒံနဲ့ ဝေလို ဖြစ်ချင်တယ်

မောင်အတွာ ဆရာ ...၊ ကျွန်တော့်အစ်မရဲ့သား ညက ဂျီကျတယ်။ ဘာလုပ်ရမလဲ။

ဒေါက်တာနီး ကလေးဆရာဝန်နဲ့ သွားပြရမှာပေါ့။

မောင်အတွာ မဟုတ်ဘူး ဆရာ။ ကျွန်တော့် ယောကျ်ားမက ပြောတယ်။ ဒီအရွယ်က သွားပေါက်လို့ ဂျီကျတာတဲ့။ ဆရာနဲ့ပဲ ဆိုင်မလားလို့ ပြောကြည့်တာပါ။

ဒေါက်တာနီး သြော် ... ကလေးက အသက်ဘယ်လောက်ရှိပြီလဲ။

မောင်အတွာ ၅ လ၊ ၆ လလောက်တော့ ရှိပြီပေါ့။

ဒေါက်တာနီး ကလေးဆရာဝန်က တခြား ထွေထွေထူးထူး ရောဂါမရှိဘူးလို့ ပြောရင်တော့ သွားပေါက်ချင်လို့ ဖြစ်နိုင်ပါတယ်။

မောင်အတွာ သွားပေါက်တာ အဲဒီလိုပဲ ဖြစ်တတ်သလား ဆရာ။

ဒေါက်တာနီး ဒီအရွယ်က စကားမပြောတတ်သေးဘူးလေ။ နာရင် ငိုမှာပေါ့။ သွားပေါက်တဲ့အခါ သွားဖုံးသားတွေက ယားယံပြီး မနေတတ်ကြဘူး။ ဒီတော့ ပါးစပ်ထဲကို လက်တွေထည့်တတ်ကြတယ်။ တချို့ကလေးတွေမှာ ဖျားတာတွေ၊ ဝမ်းလျှောတာတွေတောင် ဖြစ်တတ်ကြသေးတယ်။ ဒါကတော့ သဘာဝလို့ပဲ မှတ်ရမှာပေါ့။

မောင်အတွာ ဒါဆို ဘာလုပ်ရမလဲ ဆရာ။

ဒေါက်တာနီး ဒီလို သွားပေါက်ချင်လာပြီဆိုရင် ပါးစပ်ထဲက သွားပေါက်မယ့် နေရာမှာ နီဖောင်းဖောင်းလေးတွေ ရှိတယ်။ သွားပေါက်တဲ့အခါတိုင်း ဖြစ်တတ်တာလေ။ ဒါကြောင့် ကံကောင်းတဲ့အထဲမှာ အာဒံနဲ့ ဝေ ပါတယ်လို့ ပြောတယ်။ ထွေထွေထူးထူးလုပ်စရာ မလိုပါဘူး။ **ပါးစပ်ထဲကို သွားပေါက်စေနိုင်တဲ့ ကိရိယာလေးတွေကို ထည့်ပြီး ကိုက်ခိုင်းပေါ့။**

မောင်အတွာ အာဒံနဲ့ ဝေ သွားမပေါက်ဘူး ဆိုတာကို ခုမှ သိတယ်။

ဒေါက်တာနီး ဒါတင် ဘယ်ကမလဲကွ။ နောက်တစ်ခု ရှိသေးတယ်။ ဒါက လူတိုင်း လိုချင်ကြတယ်။

မောင်အတွာ ဘာလဲ ဆရာ ...။

ဒေါက်တာနီး အာဒံနဲ့ ဝေမှာ ယောကျ်ားမ မရှိဘူးတဲ့။

မောင်အတွာ ဗျာ ...၊ ကောင်းလိုက်တဲ့ အာဒံနဲ့ ဝေ။

ရှုတတလေးမှသည် ...

'လင်နဲ့မယား လျှာနဲ့သွား'

မောင်အတွာ ထပ်ခါထပ်ခါ ရွတ်ဆိုမိ၏။ လင်နဲ့မယားက လျှာနဲ့ ဘယ်လိုများ လမ်းလျှောက်သွားပါလိမ့်ဟု အတွေးဝင်နေမိသည်။ အဓိပ္ပာယ် ကိုလည်း နားမလည်။ ဘာကို ရည်ညွှန်းတာပါလိမ့်။ အာစရိကို မေးကြည့်မှ ပဲဟု ဆုံးဖြတ်လိုက်ရတော့သည်။

မောင်အတွာ လင်နဲ့မယား လျှာနဲ့သွားဆိုတာ ဘာကိုပြောတာလဲ ဆရာ။

ဒေါက်တာနီး ရှုတတလေး ထိခိုက်တတ်တာကို ပြောတာပါ။

မောင်အတွာ ရှုတတလေးဆိုတာ ဘာလဲ။

ဒေါက်တာနီး မထိခလုတ်၊ ထိခလုတ်ပေါ့။ အဲဒီလို မထိခလုတ်၊ ထိခလုတ် ရှုတတလေးက မထင်မှတ်ဘဲ အကြီးအကျယ် အန္တရာယ်ပေး တာနော်။

မောင်အတွာ လုပ်ပြန်ပြီ။ နည်းနည်းတော့ လျှော့ပြောပါဦး

ဒေါက်တာနီး လင်နဲ့မယားကို ဥပမာပြောမယ်။ လင်ဆိုတဲ့ ယောကျ်ားတွေ က အများအားဖြင့် ခန္ဓာကိုယ်ရော၊ စိတ်ရော မာမာပဲလေ။ မယားဆိုတဲ့ မိန်းမတွေက ခန္ဓာကိုယ်ရော၊ စိတ်ရော နူးညံ့ပျော့ပျောင်းတယ်။ ဒီလို လင်မယားတွေရဲ့ သဘာဝအရ **ယောကျ်ားတွေက မညားခင်မှာ စကား ချိုချိုတွေ ပြောတတ်တယ်။** ချစ်လှချည်ရဲ့၊ ကြိုက်လှချည်ရဲ့ပေါ့။ အဲ ...၊ **ညားပြီးပြန်တော့ မိန်းမတွေက စကားများများ ပြောတယ်။** 'ဘယ်မသွားနဲ့၊ ဘာမလုပ်နဲ့'ပေါ့။ **ကြာလာတော့ ယောကျ်ားနဲ့ မိန်းမကြားမှာ အဆင်မပြေ ကတောက်ကဆလေးတွေ ရှိလာတယ်။** ရန်ဖြစ်တတ်ကြတယ်။

မောင်အတွာ ဟုတ်တာပဲ အာစရိ။

ဒေါက်တာနီး ဒီလို ရန်ဖြစ်တာက မဖြစ်စလောက်ကလေးကနေ ကြီးကြီး ကျယ်ကျယ်ဖြစ်ပြီး ကွဲကြ၊ ကွာကြတဲ့အထိ ဖြစ်တတ်တာ ကြောင့် မကွဲခင် ထိန်းဖို့လိုတယ်။

မောင်အတွာ ဟုတ်တယ်၊ ဟုတ်တယ်။

ဒေါက်တာနီး အဲဒီလိုပဲပေါ့။ လျှာနဲ့ သွားကို ကြည့်။ သွားက အမာနဲ့တည် ဆောက်တယ်။ လျှာက ပျော့ပျော့ပျောင်းပျောင်းလေး လှုပ် ရှားနေတယ်။ ဒီလို လှုပ်ရှားနေတဲ့လျှာက သွားကိုထိတယ်လေ။ အဲဒီအချိန် မှာ သွားမှာ အစွန်းတွေ၊ အချွန်အတက်တွေ ရှိနေရင် လျှာကို ရှုတတလေး ဖြစ်စေတယ်။ ကြာလာတော့ မသိသာတဲ့အနာ ဖြစ်လာတယ်။ သိလို့ ခံစား ရတဲ့အချိန်မှာ ကုသခဲ့ရင် အချိန်မီနိုင်တယ်။ မကုသဘဲ အမှုမဲ့၊ အမှတ်မဲ့ နေရင် ရှုတတလေးက ဖြစ်လာတဲ့အနာက ကင်ဆာအနာအထိ ပြောင်းသွား စေနိုင်တယ်။ ကင်ဆာအနာ ဖြစ်သွားရင်တော့ နောက်ကျသွားပြီ။ ဒါကြောင့် 'လင်နဲ့မယား လျှာနဲ့သွား'ဆိုပြီး တင်စားခိုင်းနှိုင်းတာပေါ့။

ဒေါက်တာနီး လင်နဲ့မယားက လူမှုရေးရှုထောင့်ကကြည့်ရင် ဂရုပြုစရာ။ လျှာနဲ့သွားက ကျန်းမာရေးရှုထောင့်ကကြည့်ရင် သတိပြုစရာ ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ရှုတတလေးကိုတော့ လျှော့မတွက်နဲ့ပေါ့။

သွားလည်း ပါ။ ကားလည်း ပါနိုင်တယ်

မောင်အဝှာတစ်ယောက် ဈေးထဲတွင် သံပုရာသီးဝယ်နေစဉ် ကြားရသော စကားကို နားစွင့်လိုက်မိသည်။ အမျိုးသမီးတစ်ယောက် စာတစ်စောင်ကို ဖတ်ပြီး တစ်ဖက်သို့ အော်ပြောနေခြင်း ဖြစ်သည်။

'တော်တော် ငွေမက်တာပဲ။ သွားမပါဘဲ ကားပါတယ်ဆိုတဲ့ လူမျိုးကို ယူတာအေ့'

'ဟဲ့ ... ဘာပြောနေတာလဲ'

'ဒီမှာလေ ...။ စာစောင်ထဲမှာ ကြည့်ပါလား။ ကောင်မလေးက ငယ်ငယ်လေး ရှိသေးတယ်။ သူယူတဲ့ ယောကျ်ားကြီး အသက်က ကြီးနေပြီ။ မုဆိုးဖိုကြီးလေ။ ဒါများ ယူနေသေးတယ်'

'ဒါများ သွားမပါဘဲ ကားပါတယ်လို့ ဘာလို့ ပြောနေတာလဲဟဲ့'

'သွားမပါတော့ဘူးဆိုရင် အသက်က သေခါနီးနေပြီ။ ကားပါတယ်ဆိုတာက ချမ်းသာတယ်လို့ ပြောတာလေ'

မောင်အဝှာအတွက် ဆရာသမားကို ပြောစရာစကားလေးတော့ ရလာပြီဆိုပြီး ပြုံးလိုက်မိပါတယ်။ ဘာတဲ့ ...၊ သွားမပါရင် နေပါစေ။ ကားပါရင် ပြီးတာပဲတဲ့။ မောင်အဝှာ ဈေးကအပြန် ဆရာ့ဆီကို အလျင်အမြန်သွားပြီး သိချင်တာ မေးရပါတော့သည်။

မောင်အဝှာ ကျွန်တော်တော့ ဈေးထဲက ကြားခဲ့ရတာလေး မေးချင်တယ်။

ဒေါက်တာနီး ဘာတွေများ ကြားခဲ့လို့တုန်းကွ။ ထူးထူးခြားခြားပါလား။ တခြားအကြောင်းတွေတော့ ငါ မသိဘူးနော်။

မောင်အဝှာ ဒီလိုပါ ဆရာ။ 'သွားမပါရင်နေ၊ ကားပါရင် ပြီးတာပဲ'တဲ့။ ဒီစကားလေး သဘောကျတော့ သွားပါတဲ့ စကားလေးကို ဆရာ့ကို မေးချင်လို့ပါ။ ဆရာက ဟိုတစ်ခေါက်ကလည်း လင်နဲ့မယား လျှာနဲ့သွား

ကို ရှင်းပြတော့မှ ကျွန်တော် နားလည်သွားလို့ပါ။

ဒေါက်တာနီး အရင်တုန်းကတော့ ကားရှိတဲ့လူက သွားမရှိတဲ့လူလို့ ပြောရင် ယေဘုယျ မှန်နေပေမဲ့ ဒါတွေကို ပြောင်းလဲလို့ရပြီကွ။ ဒီခေတ်မှာ ကားလည်းပါ၊ သွားလည်းပါလို့ ပြောရင်ရနေပါပြီ။

မောင်အဝှာ ဆရာ ဘာဖြစ်လို့လဲဟင် ...။

ဒေါက်တာနီး သွားမရှိတဲ့သူတွေက အသက်ကြီးတဲ့သူတွေကို ဆိုလိုတာပဲလေ။ အသက်ကြီးသူတွေရဲ့ ဇရာလက္ခဏာတွေက ဆံပင်ဖြူ၊ ခါးကုန်း၊ မျက်စိမှုန်၊ သွားကျိုးတွေလို့ သတ်မှတ်တာပဲလေ။ ဒီတော့ သွားကျိုးတဲ့သူတွေဟာ သွားမရှိတဲ့သူတွေပဲ။ အသက်ကြီးတာနဲ့ သွားတွေ မရှိတော့ဘူးလို့ ဆိုလိုချင်တာပဲလေ။ သွားမရှိတာဟာ သွားတွေက ရေစီးကမ်းပြိုရောဂါနဲ့ သွားပိုးစားရောဂါကြောင့် သွားတွေ ဆုံးရှုံးကုန်တာပဲလေ။

မောင်အဝှာ အဲဒီတော့ ဆရာဆိုလိုချင်တာက သွားတွေ မကျိုးနိုင်ဘူးလို့ ပြောချင်တာလား။

ဒေါက်တာနီး အေးပေါ့ကွာ။ **သွားကို ၆ လ တစ်ကြိမ် ပုံမှန်စစ်ဆေးမှု ခံယူတာ၊ စနစ်မှန် သွားတိုက်တာ၊ အသုံးပြုတဲ့ ပစ္စည်းတွေက ရောဂါကို ကာကွယ်စေတာ၊ ရောဂါရှိလာရင်လည်း ကြိုတင်ကာကွယ်ထားတယ်ဆိုရင် သွားကျိုးတဲ့လူ မရှိနိုင်တော့ဘူး**ကွ။ လူတစ်ယောက် အသက် ၁၂၀ ရှည်စေသော်ဝ်လို့ ပြောရင် သွားရဲ့အသက်ကလည်း အသက် ၁၂၀ ရှည်စေမှာပဲလေ။ ဒီတော့ ဂရုစိုက်သူရဲ့ လိုက်နာမှုနဲ့ဆိုင်လာပြီလေ။ ဂရုစိုက်တဲ့သူက သက်တမ်းရှည်မှာပဲလေ။ ဒီတော့ အသက်ဘယ်လောက်ကြီးကြီး၊ ကားရှိရှိ မရှိရှိ သွားကတော့ ကျန်းမာအောင် ထားနေသရွေ့ သွားမရှိဘူးဆိုတာ မရှိတော့ဘူးပေါ့။

မောင်အဝှာ နားလည်ပြီ ဆရာ။ ဒီတော့ သွားပါရင် ကားပါနိုင်သလို ကားပါရင်လည်း သွားပါနိုင်တာပေါ့နော်။

ဘယ်သန် ညာသန်

မောင်အတွာ ဆရာ ...၊ လက်မှာတော့ ဘယ်သန်၊ ညာသန် ရှိတယ်တဲ့။ စာရေးရင်တောင်မှ ဘယ်သန်နဲ့ ညာသန်နဲ့ ရှိတယ်နော်။ အများစုကတော့ ညာသန်ချည်းပဲလေ။ ဘယ်သန်ဖြစ်နေရင်တော့ 'ဟာ ... ဘယ်သန်ကြီး' ဆိုပြီး ထူးခြားတယ်။

ဒေါက်တာနိုး ဒါပေါ့ကွာ။ မျက်လုံးနဲ့ကြည့်ရင်လည်း ညာကို ဦးစားပေးမိမှာပဲ။ နှစ်ဖက်ရှိတာတွေဟာ တစ်လှည့်စီသုံးရင် အသုံးဝင်တာပဲပေါ့။

မောင်အတွာ ဘာလဲ ...၊ တစ်လှည့်စီသုံးတယ်ဆိုတာ ...။

ဒေါက်တာနိုး ဒီလိုကွာ ...။ နှာခေါင်းက နှစ်ပေါက်ရှိတာနော်။ နှစ်ပေါက်စလုံးနဲ့ အသက်ရှူတယ်လို့ ထင်သလား။

မောင်အတွာ သိဘူးလေ။ နှာခေါင်းနှစ်ပေါက်ရှိတော့ နှစ်ပေါက်စလုံးက ရှူတာ မဟုတ်ဘူးလား။

ဒေါက်တာနိုး မတူဘူးကွ။ တစ်ဖက်က ပိုပြီးအားစိုက်တယ်။ ပြီးတော့ နောက်တစ်ဖက်ပေါ့။ ဒါကြောင့် နှာခေါင်းပေါက်ကိုတောင် တစ်ဖက်ကို နေ၊ တစ်ဖက်ကို လလို့တောင် ပြောတယ်။

မင်း မယုံရင် သေချာ အာရုံစိုက်ကြည့်ပါလား။ တစ်ယောက်နဲ့ တစ်ဒယောက် မတူဘူးနော်။ ဒါတောင် လူတိုင်း သတိမထားမိကြဘူးပေါ့။

မောင်အတွာ ဒါနဲ့ သွားကျတော့ကော ...။

ဒေါက်တာနိုး သွားမှာလည်း ဘယ်ဘက်ခြမ်းနဲ့ ညာဘက်ခြမ်း ရှိတယ်ကွာ။ သွားအားလုံး ရှိတဲ့သူတွေတောင် ဘယ်နဲ့ညာမှာ အားသန်တဲ့ဘက်ကို ရွေးပြီး အားစိုက်ဝါးကြတယ်။ ဒါတွေ မှားနေလို့ပြောတာ။

မောင်အတွာ ဘာဖြစ်လို့လဲ ...။

ဒေါက်တာနိုး **သွားက ဘယ်ညာ မျှဝါးပေးရမှာ။** ဒီလို ဘယ်သန်တဲ့လူက ဘယ်ဘက်ကိုရွေးပြီး ဝါးတဲ့အတွက် ဘယ်ဘက်က သွားတွေက ပွတ်အားပိုများတယ်။ ဒီတော့ သွားပိုတိုနိုင်တာပေါ့။ **မေးရိုးအရလည်း တစ်ဖက်သတ် စွေနေတာပေါ့။ မျက်နှာအချိုးအစားအရ ကြည့်ရင်လည်း စွေနေတယ်။** အလှပျက်စေတယ်။ တချို့ကျတော့ကွာ ညာဘက်သွားတွေက နာနေတယ်။ ကုလည်းမကုဘူး။ ဘယ်ဘက်ခြမ်းနဲ့ပဲ မှေးပြီး ကြိတ်ဝါးကြတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်လည်း သတိမထားမိဘူး။ တစ်ခြမ်းစွေနေတယ်လေ။ ဒါမျိုးကျလည်း ဘယ်သန်၊ ညာသန်လူတွေ မဟုတ်ပေမယ့်လို့ တစ်ခြမ်းပဲဝါးတာ မကောင်းဘူး။

မောင်အတွာ ဆရာ ဆိုလိုတာက ဘယ်သန်နဲ့ ညာသန်မှာ သွားဆိုရင်တော့ တစ်ဖက်တည်း မဝါးရဘူးလို့ ဆိုလိုချင်တာလား။

ဒေါက်တာနိုး အမြဲတမ်း သတိထားကြည့်လေ။ ဘယ်ဘက်နဲ့ ကြိတ်ဝါးသလား၊ ဒါမှမဟုတ် ညာဘက်နဲ့ ကြိတ်ဝါးသလားပေါ့။ ရှေ့သွားနဲ့ကိုက်မယ်၊ ပြီးရင် အစာတွေကို အံသွားဘက်ပို့ပြီး ကြိတ်ဝါးရင် မျှဝါးမယ်ဆိုရင်တော့ သွားတွေရဲ့ ကျန်းမာရေး ကောင်းမွန်တယ်။ သွားပျက်စီးမှု နည်းမယ်။ မျက်နှာရဲ့အလှ အချိုးညီမယ်ပေါ့ကွာ။

မောင်အတွာ ဆရာပြောမှ သတိထားကြည့်ချဉ်းမယ်။ သွားကိုတော့ အမှုမဲ့အမှတ်မဲ့ဆိုတော့ သတိမထားမိဘူး။

ဒေါက်တာနိုး အေး ...၊ ကြိတ်ဝါးတာတင် မဟုတ်ဘူး။ ဘယ်သန်နဲ့ ညာသန်ရဲ့ အကျင့်တစ်ခု ရှိသေးတယ်။

မောင်အတွာ ဘာလဲ ဆရာ ...။

ဒေါက်တာနိုး သွားတိုက်တံကို ကိုင်တဲ့အခါပေါ့။ ဘယ်သန်၊ ညာသန် ရှိတယ်လေ။ ပါးစပ်ကလည်း ဘယ်ဘက်ခြမ်း၊ ညာဘက်ခြမ်း ရှိနေတယ်။ ဒီတော့ သွားတိုက်တဲ့သူတွေ ဘယ်သန်၊ ညာသန် မတူကြတော့ **သွားတိုက်ရင်လည်း ဘယ်ဘက်နဲ့ ညာဘက် သန့်စင်တာချင်း မတူကြဘူး။** ဒီတော့ ဘယ်သန်သူဖြစ်ဖြစ်၊ ညာသန်သူဖြစ်ဖြစ် သွားတိုက်တဲ့အခါတိုင်း သွားမျက်နှာပြင်အားလုံး ညီအောင်တိုက်ဖို့လိုတယ်ကွ။ ဒါလည်း အမှုမဲ့အမှတ်မဲ့ပဲ မဟုတ်လား။

မောင်အတွာ ဟုတ်တယ် ဆရာရေ ...။ ဆရာပြောမှ ကျွန်တော်တောင် သွားတိုက်ရင် ဘယ်သန်လား၊ ညာသန်လား သတိမထားမိတော့ဘူးလေ။

လက်မ စုပ်မိခဲ့လို့

မောင်အတွာ ဆရာ ...၊ ကျွန်တော် ဘတ်စ်ကားပေါ်မှာ အမျိုးသမီး တစ်ယောက် တွေ့ခဲ့တယ်။ သူ့ပါးစပ်က ရှေ့က မစ္စေဘဲ ဟနေတာကို တွေ့လိုက်ရတယ်။ ဒါမျိုးတွေ ရှိသလား။

ဒေါက်တာနီး မင်းပြောတာကို မရှင်းဘူး။ ဘာလဲ၊ ဟနေတယ်ဆိုတာက...၊ မင်းမြင်ခဲ့တာကိုပဲ ပြောပါ။

မောင်အတွာ ဩော် ...၊ အတွာဖြစ်သွားလို့ပါ။ မဟုတ်ပါဘူး။ ဟို ... ဒီလိုပါ ဆရာ။ သူရဲ့ ရှေ့သွားတွေ မစ္စေဘူး ဆရာ။ အပေါ် ရှေ့သွားနဲ့ အောက် ရှေ့သွားတွေက ကျွန်တော်တို့တွေလို ပိတ်ပြီး ထိမနေဘဲ ဟနေတာကို မြင်ရတော့ သူ့ပါးစပ်က ဟနေသလို ဖြစ်နေတာပေါ့။ ဒါကို ပြောတာပါ။

ဒေါက်တာနီး ဩော် ... ရှင်းပြီ။ ဒါက လူတိုင်းတော့ မတွေ့ရတတ်ပါဘူး။ အလေ့အကျင့်တွေကြောင့်ပဲကွ။

မောင်အတွာ ပါးစပ်ဟနေတာတောင် အလေ့အကျင့် ရှိသေးလို့လား။

ဒေါက်တာနီး ရှိတာပေါ့ကွ။ တချို့လူတွေက အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတာလေးတွေ၊ ဥပမာ ... တို့တွေ ကျောင်းတက်တုန်းက ခဲတံကို ပါးစပ်ထဲထည့်ပြီး သွားနဲ့ကိုက်တတ်ကြတယ်လေ။

မောင်အတွာ ဒါတော့ ဟုတ်တာပေါ့။ ဒါနဲ့ ပါးစပ်ဟတာနဲ့ ဘာဆိုင်လို့လဲ။

ဒေါက်တာနီး ဆိုင်တာပေါ့ကွာ။ ခဲတံကိုကိုက်ရင် အပေါ်သွားလေးတွေရဲ့ မျက်နှာပြင်ကို ကြည့်မယ်ဆိုရင် အပွန်းအပဲ့လေးတွေ ရှိနေတယ်လေ။ အဲ ... ပါးစပ်ဟတာတော့ လက်မတွေစုပ်တာ မြင်ဖူးလား။

မောင်အတွာ မြင်ဖူးတာပေါ့။ ကလေးတိုင်းကို ကြည့်မယ်ဆိုရင် ငယ်ရွယ်တဲ့ အချိန်မှာဆိုရင် လက်မ၊ လက်ညှိုးလေးတွေကို စုပ်ကြတာပဲ။

ဒေါက်တာနီး တချို့က လက်မ၊ လက်ညှိုး စုပ်ရုံတင်မကဘူး။ လျှာကိုပါ ရှေ့တိုးတွန်းပြီး နေကြသေးတယ်။

ဒေါက်တာနီး အဲဒီလို သတိထားတော့မှ သွားတော့တိုက်တယ်လို့ လူတိုင်းက ဖြေတယ်၊ ဒါပေမဲ့ သွားတိုက်တာကြောင့် ရရှိတဲ့သန့်စင်မှုမတူညီတာကိုတော့ သတိမပြုမိဘူးလေ။

မောင်အတွာ လူတိုင်း မတွေးမိတာလေးဆိုတော့ ကောင်းတယ် ဆရာရေ။

မောင်အတွ ဒါနဲ့ ဘာဆိုင်လို့လဲ ဆရာရယ်။

ဒေါက်တာနီး ပုံမှန်အားဖြင့်တော့ သိပ်ပြီး ပြဿနာမပေးဘူးပေါ့။ အေး ... ဒီလို **လက်မစုပ်တာ၊ လက်ညှိုးစုပ်တာ၊ လျှာသုံးတာတွေက** အသက်ကြီးတဲ့အထိ ပါလာရင်တော့ သွားပြဿနာပေးတော့တာပဲ။

မောင်အတွ သွားပြဿနာဆိုတာက ဘာလဲ။

ဒေါက်တာနီး သွားပြဿနာဆိုတာ **အပေါ် ရှေ့သွားနဲ့ အောက် ရှေ့သွားတွေ ဟနေတာတွေပေါ့။ ဒါ လက်မ၊ လက်ညှိုး စုပ်လို့ပေါ့။** နောက်ပြီး အပေါ် ရှေ့သွားတွေ အပြင်ထွက်လာတာလည်း ဖြစ်လာနိုင်တာပဲ။ **ဒါကို နောက်တစ်မျိုး ပြောရရင်တော့ သွားခေါတာပေါ့။** ဒီလို သွားရဲ့ပုံစံတွေ ပုံစံမမှန်ဘဲ ဟနေတာ၊ ခေါနေတာတွေဟာ အလှအပကို ပျက်စေတယ်။ နောက်ပြီးတော့ **သွားတွေရဲ့ ကြိတ်ဝါးမှုပုံစံ မညီမျှတာတွေ ဖြစ်လာတာပေါ့။** ဒီတော့ ရှေ့သွားကို အသုံးဝင်အောင် မသုံးရဘူး။ ရှေ့သွားချင်းထိမှ အံသွားအတွက်လည်း အသုံးဝင်မယ့်ဟာကို အံသွားတွေပဲ ရွေးပြီးထိနေတော့ အံသွားတွေလည်း ကြာတော့ မခံနိုင်ဘူး။ အံသွားပြဿနာ ဝင်လာပြန်ရော။ အဲ ... ပြီးမသွားသေးဘူး။ **ကြိတ်ဝါးမှု ပုံမမှန်တဲ့အတွက် နားထင်နားက အဆစ်တွေ နာလာပြန်ရော။** တချို့ကျ အံသွားတွေပါ ပျက်စီးလာလို့ အံသွားတွေ ဆုံးရှုံးလာတယ်လေ။ ဒီတော့ ဒီ သံသရာကတစ်ခု၊ ပြီးတော့ မကောင်းတဲ့ဆိုးကျိုးက နောက်ဆက်တွဲဆိုးကျိုးတွေ ဝင်လာတော့တာပဲ။

မောင်အတွ ဟုတ်သားပဲ။ ဆရာပြောမှပဲ ရှင်းတော့တယ်။

ဒေါက်တာနီး မသိသာဘူး ထင်ရပေမဲ့ ကြာရင်တော့ မကောင်းဘူးနော်။ တဖြည်းဖြည်းနဲ့ ကြာမှ ပျက်စီးလာတာကိုး။

မောင်အတွ ဒီတော့ ဒါကို ဘယ်လိုလုပ်ရမလဲ။

ဒေါက်တာနီး ကလေးကတည်းက ဒီလိုအကျင့်တွေ ဖျောက်ဖျက်ပစ်ရမယ်ပေါ့။ အရင်ခေတ်ကဆိုရင် ဒီလိုဖြစ်မှာစိုးလို့ ကလေးလက်ကို ခါးတာတွေ၊ စပ်တာတွေ တို့ထားတတ်ကြတယ်။

မောင်အတွ ဒါနဲ့ ရရဲ့လား။

ဒေါက်တာနီး ရတာလည်း ရှိတာပေါ့။ မရတာလည်း ရှိတာပဲ။

မောင်အတွ ဒါဆိုရင် ကြိုတင်ရှောင်ရင် ရတာပေါ့နော်။ တကယ်လို့ အကျင့်စွဲသွားပြီ ဆိုရင်ကော ဘယ်လိုလုပ်မလဲ။

ဒေါက်တာနီး ဒီလိုအခြေအနေတွေ ရောက်သွားပြီဆိုရင်တော့ သွားတွေကို ပုံမှန်အနေအထားရောက်အောင် ရွှေ့ပြောင်းယူရတော့မှာပေါ့။

မောင်အတွ အဲဒီလို ရွှေ့ပြောင်းရင်ကော ရသလား။

ဒေါက်တာနီး ရပါတယ်။ ဒါပေမဲ့ ယေဘုန်းလုပ်ရင် ပိုကောင်းတယ်။ ပိုမြန်တာပေါ့ကွာ။

မောင်အတွ ဒါမျိုးတွေ မဖြစ်ရအောင် ဘာလုပ်ရမလဲ။

ဒေါက်တာနီး ထွေထွေထူးထူး မရှိပါဘူးကွာ။ **ကလေးတွေကို လက်စုပ်တာ မြင်တိုင်း အချိန်မီ တားဆီးပေးနိုင်ဖို့ပဲ လိုပါတယ်။ လက်စုပ်တာဟာ မကောင်းဘူးလို့ မိဘတွေ သိထားရမှာပဲလေ။**

မောင်အတွ ကျွန်တော်လည်း လျှောက်ပြောလိုက်တော့မယ်။ **လက်စုပ်တာ မကောင်းဘူးလို့**။

မည်လို့ ညှိတယ်ဆိုတာ ...

မောင်အတွာ ဆရာ ...၊ ခုတလော သွားညှိတဲ့အကြောင်းတွေ ကြားနေရတယ်။ နောက်ပြီးတော့ တစ်ခါတလေ ကလေးမလေးတွေ ပါးစပ်ထဲမှာလည်း သံကြိုးတွေ မြင်နေရတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ ဒါ စတိုင် (style) လား။

ဒေါက်တာနီး အေး ...၊ မင်းပြောမယ်ဆိုလည်း ပြောချင်စရာပဲကိုး။ စတိုင်လည်း မဟုတ်ပါဘူး။ တကယ်တမ်းကျ ဒီမှာက တိုးတက်မှုနောက်ကျနေတာကွ။ တခြားနိုင်ငံတွေမှာ သမားရိုးကျ လုပ်နေတာလို့ ပြောနိုင်ပါတယ်။

မောင်အတွာ ဘာရည်ရွယ်ချက်နဲ့များ ပါးစပ်ထဲထည့်ပြီး လုပ်နေကြတာလဲ။ ကြောက်စရာကြီး။

ဒေါက်တာနီး သွားဘက်ဆိုင်ရာ နည်းပညာမှာ အရင်တုန်းကတော့ Need-based-Dentistry တဲ့။ အဓိပ္ပာယ်က အရေးပေါ်လိုအပ်တာတွေ လုပ်နေရတယ်လို့ ဆိုလိုတာပဲ။ လူတွေမှာ သွားကိုက်တာ၊ သွားနာတာတွေရှိတော့ ဒါတွေကို အောင်မြင်အောင် တီထွင်နေကြတယ်။ အဲ ... အခု နောက်ပိုင်းကျတော့ သွားကိုက်၊ သွားနာတာကို အောင်မြင်အောင် ကုသနိုင်ပြီလေ။ နောက်တစ်ခုကတော့ Want-based-Dentistry တဲ့။ ဒါက ခေတ်မီပြီး တိုးတက်တဲ့နိုင်ငံတွေမှာ လုပ်လာတာပေါ့။ ဘာလဲဆိုတော့ လုပ်ချင်တာတွေကို တီထွင်လာတာပဲ။ လုပ်ချင်တာဆိုတာ သွားပုံမှန်ရှိနေတာကိုပဲ သွားပေါ်မှာ ချဲ့ထွင်ပြီး လုပ်တယ်။ ဥပမာဆိုပါစို့။ သွားက ကောင်းနေတယ်။ ပိုလှအောင်လို့ သွားပေါ်မှာ စိန်တွေ တပ်လိုက်တဲ့ဟာမျိုးပေါ့။ ဆန္ဒရှိတာတွေ လုပ်ကြတာပဲ။ အဲ ... နောက်ပြီးတော့ သွားတွေက မညီမညာဖြစ်နေတာတွေ ရှိတယ်။ မညီညာဘူးဆိုတာက ထပ်နေတာ၊ ခေါနေတာ၊ ကျဲနေတာ၊

ယိုင်နေတာတွေပေါ့။ မလုပ်လည်း ရတာပဲလို့ ပြောနိုင်တာပဲ။ ဒါပေမဲ့ ပိုပြီး လှလာအောင်၊ ပိုပြီး ထူးခြားလာအောင် သွားတွေကိုရွှေ့ယူပြီး လုပ်လာတယ်။ ဒီတော့ ချမ်းသာပြီး နည်းပညာမြင့်တဲ့အချိန်မှာ လုပ်နိုင်တာကိုး။

မောင်အတွာ ဒါကြောင့်ကိုး။ အရင်တုန်းက မကြားဖူးဘူး။ မမြင်ဖူးဘူးလေ။ ဆရာရယ် ...၊ သွားလှရုံသက်သက်နဲ့ လုပ်တာလား။

ဒေါက်တာနီး သွားမညီတဲ့သူတွေအတွက် သွားညီအောင်လုပ်တာဟာ သွားလှရုံသက်သက် မဟုတ်ဘူး။ ဒီလိုထင်ရင် မှားသွားမှာပေါ့။

မောင်အတွာ ညီသွားရင် လှသွားတာပဲလေ။ ဘာရည်ရွယ်ချက် ရှိသေးလဲ။

ဒေါက်တာနီး ရှိတာပေါ့ကွာ။ သွားညီအောင်လုပ်တာက သွားကိုလှစေရုံတင်မကဘူး။ သွားရဲ့ကျန်းမာရေးကိုလည်း ကောင်းစေတယ်။

မောင်အတွာ ဒီအတိုင်းထားလည်း သွားကျန်းမာရေးကကောင်းနေတာပဲဟာ။

ဒေါက်တာနီး မဟုတ်ဘူးလေကွာ။ မင်းကို ပြန်မေးမယ်။ သွားညီတဲ့သူနဲ့ မညီတဲ့သူ ဘယ်သူက ပိုပြီးအစာညှပ်မလဲ။

မောင်အတွာ သွားညီရင်တော့ အစာမညှပ်ဘူးပေါ့ ဆရာရယ် ...။

ဒေါက်တာနီး အေးပေါ့။ သွားမညီရင် အစာညှပ်မယ်။ သွားတိုက်ရ ခက်ခဲတယ်ပေါ့။ ဒီတော့ ဘာဆက်ဖြစ်မလဲ။

မောင်အတွာ ဆရာကလည်း ဒီလောက်တော့ သိတာပေါ့။ သွားကြားညပ်မယ်။ သွားတိုက်တာ မပြောင်ရင် သွားပိုးစားမှာပေါ့။

ဒေါက်တာနီး အေး ...၊ ဒါတင်မကဘူး။ **သွားတွေမညီတော့ အပေါ်သွားနဲ့ အောက်သွား ထိတာ မညီဘူး။ ထိချင်တဲ့ သွားတွေက ထိတယ်။ မထိတဲ့သွားက မထိဘူး။ ဒီတော့ အပေါ်သွား ၁၆ ချောင်း၊ အောက်သွား ၁၆ ချောင်းရှိတာကို စုံထိတော့မှ စားတဲ့အခါ သွားတွေသက်သာတယ်။ တကယ်လို့ အပေါ်သွား၊ အောက်သွားတွေမှာ ထိတာ တစ်ချောင်း၊ နှစ်ချောင်း ချင်းပဲ ရွေးထိတယ်ဆိုရင် ကြာတော့ ဒီသွားတွေရွှေ့ပြီး ပျက်စီးတယ်။ နောက် တစ်ခါ မေးရိုးဆစ်တွေ နာလာတယ်။** နောက်ဖြစ်နိုင်တာက သွားထိချက်မမှန်လို့ သွားတွေရဲ့ပြုန်းတီးမှု မညီမညာဖြစ်လာတယ်။ သွားတိုလာတာပေါ့။ ဒီလို သွားတွေပျက်စီးတဲ့အခါ ရောဂါမရှိတဲ့၊ ဖော်ပြလို့မရတဲ့ ရောဂါတွေ ဖြစ်လာတယ်။

မောင်အတွာ ဒါဆိုရင်တော့ ဆရာပြောတာကြီးကလည်း ကြောက်စရာကြီး။ ဖြခြောက်နေတာလား။

ဒေါက်တာနီး မင်းကလည်းကွာ ...။ အကြောင်းနဲ့အကျိုး ရှင်းပြတာတောင် ဖြခြောက်တယ် ပြောရသေးလား။ မင်းပဲ စဉ်းစားကြည့်ပေါ့။

ခန္ဓာကိုယ်နှလုံးနှင့် သွားသားနု

မောင်အတွာ ဆရာ တစ်ခါပြောဖူးတယ်။ အဲ ... ဘာတဲ့၊ သြော် ... သိပြီ၊ သိပြီ။ နှလုံးနဲ့ သွားထဲက အသားနုနဲ့ တူတယ်လို့ ပြောတယ်။ ဟုတ်သလား။

ဒေါက်တာနိုး တူတယ်ဆိုတာက နှိုင်းယှဉ်ပြီး ပြောတာပါ။ တစ်ချက်စီ နှိုင်းယှဉ်ပြမယ်ကွာ။

မောင်အတွာ ပြောပါဦး။

ဒေါက်တာနိုး အေး ...၊ ပြောမယ်ဆိုရင်လည်း ပထမဆုံး နှလုံးကို ဘာနဲ့ ဖုံးကွယ်ထားလဲကွာ။ ဒီလောက်တော့ မင်း သိနိုင်ပါတယ်။

မောင်အတွာ နှလုံးကို နံရိုးတွေနဲ့ ကာကွယ်ထားတယ်။ နှလုံးကို မြင်မှ မမြင်ရတာ။

ဒေါက်တာနိုး အေး ...၊ ဟုတ်တာပေါ့။ ဒီလိုပဲကွာ။ သွားကို ကြွေသွားလွှာတို့၊ ဆင်စွယ်နှစ်လွှာလို့ခေါ်တဲ့ အလွှာတွေနဲ့ ကာကွယ်ထားတယ်။ နှလုံးလိုပဲ သွားအသားနုကို မမြင်ရဘူးလေ။ နောက်ပြီး ထပ်မေးမယ်ကွာ။ နှလုံးကို အာဟာရပို့ရသေးလား ဆိုပါစို့ကွာ။ သွေးကြောကနေ အာဟာရဓာတ်တွေပေါ့။

မောင်အတွာ ဒါတော့ မသိဘူး ဆရာ။

ဒေါက်တာနိုး အေး ...၊ နှလုံးကိုလည်း နှလုံးကျုန်းမာဖို့အတွက် နှလုံးကို အာဟာရဓာတ်ပါတဲ့ သွေးကြောတွေ ရှိနေသလိုပဲ။ **သွားအသားနုထဲကို သွားတဲ့ သွေးကြောတွေ ရှိနေတာပဲကွ။** အဲ ...၊ နောက်ပြီး ထူးခြားတာတစ်ခု ရှိသေးတယ်။

မောင်အတွာ နှလုံးကလည်း လှုပ်စိလှုပ်စိနဲ့ ရှိနေသလိုပဲ။ သွားအသားနုကလည်း လှုပ်စိလှုပ်စိရှိနေတာပဲလို့ ပြောမလို့လား။

သွားညီတဲ့သူနဲ့ မညီတဲ့သူတွေရဲ့ နှိုင်းယှဉ်ချက်တွေက အများကြီးပဲဟာ။ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ။ သွားညီတဲ့သူတွေ စိတ်ပိုင်းဆိုင်ရာ ခံစားချက်ကတော့ ယုံကြည်မှုပဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိနေတဲ့ပုံစံ ပေါက်နေတယ်။ သွားမညီတဲ့သူက အမြဲတမ်း မယုံကြည်ဘူး။ ဒီတော့ တစ်ခါတလေ စကားပြောတိုင်း ပါးစပ်ကို လက်နဲ့ကာကာပြီး စကားပြောတယ်။ တချို့က လက်ကိုင်ပဝါအုပ်ပြီး ပြောတယ်။ တစ်ခါတလေ တည်တည်ကြည်ကြည် နေတာပဲ။ ဒါပေမဲ့ မျက်နှာက တည်တည်ကြည်ကြည် မရှိဘူး။ အဲဒါ ဘယ် အချိန်မှာလဲဆိုတော့ အပေါ်သွား အောက်သွား မထိတော့တဲ့အခါ ပါးစပ်ဟနေတာ ဖြစ်နေတာပေါ့။ တည်ကြည်တဲ့ပုံစံက အပေါ်သွား၊ အောက်သွားထိပြီး ပိတ်နေတယ်လေ။ ပါးစပ်ပိတ်မရတဲ့သူက ဘယ်လိုလုပ်ပြီး တည်ကြည်နိုင်မလဲ။ ပြောမယ်ဆိုရင်တော့ အများကြီးပဲပေါ့ကွာ။

မောင်အတွာ အိုး ...၊ ဒါတောင် သွားမညီတဲ့ဆိုးကျိုးပေးပဲ ရှိသေးတယ်နော်။



ဒေါက်တာနီး မင်း ဘယ်လိုလုပ်သိသလဲ။

မောင်အတွ ဆရာ ပြောဖူးတာကို မှတ်မိတာပါ။ နောက် ဘာရှိသေးလဲ။

ဒေါက်တာနီး နှလုံးက ကျန်းမာဖို့ ဂရုစိုက်တဲ့အခါ အစားအစာတို့၊ လေ့ကျင့်ခန်းတို့ ရှိသလိုပဲ သွားအသားနုမှာလည်း ရှိတာပဲ။

မောင်အတွ ဆရာကလည်း လုပ်ပြန်ပြီ။ သွားအသားနုကို ဘယ်လို လေ့ကျင့်ခန်း လုပ်ပေးရမှာလဲ။

ဒေါက်တာနီး အေး ...၊ နှလုံးကျန်းမာဖို့ နေ့စဉ် ပုံမှန်လမ်းလျှောက်ပေးရတယ် မဟုတ်လား။ အေး ...၊ သွားအသားနု ကျန်းမာဖို့ အတွက်ကို ရောဂါမဝင်အောင်လို့ **နေ့စဉ် ပုံမှန်သွားတိုက်ပေးရတာပဲလေ။**

မောင်အတွ အို ... ဆရာကလည်း ကြံဖန်ပြီး ပြောတာပဲ။

ဒေါက်တာနီး နောက်ပြီးတော့ နှလုံးပုပ်တယ်ဆိုတာ ရှိတယ်။ အဲဒီလို ပုပ်သွားရင်လေ နောက်ဆုံး နှလုံးက သေတာပဲ။ အေး ...၊ **သွားအသားနုပုပ်ရင်လည်း သွားအသားနု သေတာပဲ။** ဒါပေမဲ့ နှလုံးက သေရင် အသက်မရှိတော့ဘူးပေါ့။ သွားကျတော့ အသားနုလေး သေလို့ကတော့ သွားလည်း အသက်မရှိတော့ဘူး။ **သွားက တစ်ခုခုနဲ့ထိတာနဲ့ ဆတ်လာတယ်။ ပဲ့လွယ်တယ်။ ကျိုးလွယ်လာတာပေါ့။**

မောင်အတွ ဒါကြောင့် တချို့သွားတွေက ပဲ့တာကိုး။ နားလည်ပြီ ဆရာ။ နောက်တော့ကော ...။

ဒေါက်တာနီး နှလုံးကလည်း နှလုံးရဲ့လုပ်ငန်းတာဝန် ပျက်စီးတော့မယ်ဆိုပြီး အချက်ပေးတယ်။

မောင်အတွ ဘယ်လိုအချက်ပေးတာလဲ။ မကြားဖူးပါဘူး။

ဒေါက်တာနီး အေး ...၊ နှလုံးက အားနည်းလာပြီဆိုတဲ့ အခြေအနေဆိုမောတာတွေ၊ ရင်တုန်တာတွေ၊ ညောင်းကိုက်လာတာ၊ မေ့မြောတာတွေနဲ့ နှလုံးရဲ့ လက္ခဏာတွေ ပြတော့တာပဲ။ **သွားအသားနုကျလည်း သွားအသားနုရဲ့အနားကို ပြင်ပရောဂါပိုး လာခါနီးဆိုရင် သွားက ရေယူရေအေး ထည့်ရင် ကျဉ်တာတွေ ပြလာတယ်။** ဒါဆိုရင် သတိထားတော့လို့ ပြောတာပဲလေ။ အချက်ပြတာပဲ။

မောင်အတွ ပြောတာတွေကြည့်ရင် သွားအသားနုနဲ့ နှလုံးနဲ့ ဆင်သလိုပဲနော်။

ဒေါက်တာနီး အေး ...၊ နောက်ပြီး တိုက်ဆိုင်တာပဲပြောပြော တူနေတာလေး ရှိနေသေးတာပဲ။ ဒါကျ မင်း ဘယ်လိုပြောမလဲ။ လူတွေရဲ့ ရင်ထဲက ခံစားချက်တွေဝင်လာရင် နှလုံးမှာ လာအောင့်တယ်။ ဥပမာ

ကွာ ...။ အပြင်က အသံတစ်ခုခုကြားရရင် ဆိုပါစို့။ အဲဒီအသံက နှလုံးမှာ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတွေ ဖြစ်တယ်နော်။ ဒီလိုပဲ။ သွားကလည်းလေ အခြားတစ်နေရာမှာ **တစ်ခုခုနဲ့ ပွတ်တိုက်လိုက်ရင် သွားကျိန်းတယ်နော်။** နောက်တစ်ခါကွာ။ တစ်ခုခုကို ချစ်ရတဲ့အခါမှာ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ ဆိုပါစို့။ နှလုံးမှာ ခံစားရတယ်နော်။ အေး ...၊ အဲဒီလိုပဲ။ **တစ်ယောက်က အချဉ်ကိုပြရင် သွားရည်ကျလာပြီး သွားက ကျိန်းလာတာပဲနော်။** ဒါတွေ ဖြစ်ဖူးလား။

မောင်အတွ ဖြစ်ဖူးတယ် ဆရာ။ ဆရာပြောတာ မှန်တယ်။

ဒေါက်တာနီး အရေးကြီးတဲ့ ဆက်စပ်မှုကတော့ သွားရှိနေလို့ သွားဖုံးကျဉ်တာ၊ သွားဖုံးရောဂါဟာ ဘက်တီးရီးယားပိုးတွေရှိနေရင် ဒီရောဂါပိုးက နှလုံးကို ရောက်စေတော့ နှလုံးနဲ့ သွားဟာ ပြန်ပြီးဆက်စပ်တာပါပဲ။

မောင်အတွ ဘာပြောတာလဲ ဆရာ။

ဒေါက်တာနီး အေး ...၊ သွားကို ပုံမှန်မတိုက်တဲ့သူဟာ **သွားဖုံးရောင်ရောဂါပိုးကနေ နှလုံးကိုရောက်ပြီး နှလုံးရောဂါတွေ ဖြစ်စေနိုင်တာကြောင့် ဒါက နှလုံးနဲ့ သွား ဆက်နွယ်တာ**ကို ဖော်ပြပေးတာပဲ။

မောင်အတွ ဒါကျ ဘယ်လိုသိမလဲ။

ဒေါက်တာနီး အခု သိပ္ပံပညာရှင်တွေရဲ့ နောက်ဆုံးတွေ့ရှိချက်ပဲကွ။

မောင်အတွ ဒါဆို သွားနဲ့ နှလုံးက ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီပဲနော်။

အသုံးဝင်သော သွားမြစ်များ

မောင်အတွာ ဆရာ ...၊ ဟိုတစ်နေ့က ကျွန်တော် လမ်းထဲမှာ ကြားခဲ့တာ မေးချင်တယ်။

ဒေါက်တာနီး မေးစရာရှိတာ မေးပါကွာ။ ဘာအကြောင်းလဲ။ ဆရာလည်း အကုန်လုံးတော့ မသိဘူးပေါ့။ သိတာတော့ ပြောပြပါ့မယ်။

မောင်အတွာ ဒီလိုပါ ဆရာ။ ရှေ့သွားအမြစ် ကျန်နေတာကို နုတ်မပေးလို့ တဲ့။ လူနာက နုတ်ချင်တာ။ ဆရာဝန်က မနုတ်လည်း ရတယ် လို့ ပြောတယ်။

ဒေါက်တာနီး ဒါတော့ မှန်တာပေါ့။ အမြင်ဆိုတာ နှစ်မျိုးမြင်လို့ ရတယ်။ ဆရာဝန်ဘက်က အမြင်နဲ့ လူနာဘက်က အမြင်ပေါ့ကွာ။ နှစ်ဖက်စလုံးက အကြောင်းအကျိုး ခိုင်လုံစွာရှိနေမှာပဲ။ **ဆရာဝန်ဘက်ကတော့ သွားတစ်ချောင်းရဲ့တန်ဖိုး နားလည်တော့ အလွယ်တကူ မဆုံးဖြတ်ကြဘူး။** လူနာရဲ့စိတ်ကတော့ သွားမရှိလည်း ရတာပဲ။ နောင်ကျလည်း နုတ်ရမှာပဲ။ စောစောနုတ်တော့ စောစောပြီးတာပဲလို့ ယူဆတာကိုး။

မောင်အတွာ ဆရာကလည်း မှန်တာပဲဟာ။ စောစောနုတ်တော့ စောစော ပြီးတာပဲလေ။

ဒေါက်တာနီး မင်းပြောသလိုပဲပေါ့။ မနုတ်ဘဲထားလို့ ရခဲ့ရင်ရောကွာ။ မင်း ဘာဆက်လုပ်မှာလဲ။ မနုတ်ဘဲထားပြီး ဆက်အသုံးဝင်အောင် လုပ်မယ်ကွာ။ မင်း စဉ်းစားကြည့်ကွာ။ ဥပမာ မင်း သွားတစ်ချောင်းကို မခံစားနိုင်လို့ စောစောနုတ်မယ်။ ကြာလာတော့ ပြန်စိုက်ချင်လာမယ်။ သွား စိုက်မယ်ဆိုရင် အသေစိုက်ဆိုရင် သွားသုံးချောင်းစာ ငွေကြေးကုန်မယ်။ ကောင်းနေတဲ့သွားကို အသုံးပြုရမယ်။ အဲ ... မင်းဟာ အရှင်စိုက်ချင်တယ် ထားဦး။ အရှင်စိုက်ပြန်တော့လည်း မနေတတ်လို့ဆိုပြီး မကြိုက်ပြန်ဘူး။

ဒီတော့ ရွေးချယ်စရာက မရှိပြန်ဘူး။ နောက်ဆုံးခေတ်စားလာတဲ့ မေးရိုးတွင်း ဝက်အူစွပ်စိုက်မယ် ဆိုပါစို့။ ဒါကျတော့လည်း ကုန်ကျစရိတ်များတာတွေ၊ ဂရုစိုက်ရမယ့်အချက်တွေနဲ့ မင်းအတွက် ရွေးချယ်လာရပြန်ရော။

မောင်အတွာ အဲဒီတော့ ဆရာက ဘာလုပ်ချင်တာလဲ။

ဒေါက်တာနီး အေး ...၊ သွားတစ်ချောင်းက အမြစ်ပဲကျန်ခဲ့တယ်။ ထားဦးကွာ။ ဒီအမြစ်ကိုပဲ အမှီပြုပြီး ပြန်သုံးလို့ရအောင် လုပ်လိုက်ရင် ရတယ်။

မောင်အတွာ ဆရာကလည်း အမြစ်ပဲကျန်တော့တာ ဘာဆက်လုပ်ရဦး မှာလဲ။ အမြင်မှာလည်း သွားမရှိ၊ သွားအနေနဲ့ စားစရာလည်း မရှိ ဘာထူးမှာလဲ။

ဒေါက်တာနီး ထူးတာက ပြောပြီးပြီလေ။ လုပ်လို့ရတယ်။ အဲဒီ အမြစ်ကျန်ကိုပဲ ရောဂါပိုးမဝင်အောင် ကုသပေးရမယ်။ ရောဂါပိုး မဝင်ဘူးဆိုရင် ခံစားချက်တွေ၊ နာတာတွေ၊ တခြားလက္ခဏာတွေ မပြဘူးလေ။ ဒီတော့ မင်း ထပ်ပြီး စဉ်းစားရသေးတယ်လေ။ ဒီအမြစ်ကျန်ကို ရောဂါပိုး မရှိအောင် လုပ်ပြီးပြီဆိုရင် မင်းကို မေးဦးမယ်။ အိမ်ဆောက်ရင် ဘာအရင် လုပ်ကြသေးလဲ။

မောင်အတွာ အိမ်ဆောက်ရင် တိုင်ထောင်တာ အရင်လုပ်ရမှာလေ။ တိုင် ထောင်ပြီးမှ အဆောက်အအုံတွေနဲ့ အိမ်ကို လှအောင် တန်ဆာ ဆင်တာပဲ။



သွားအရာ

မောင်အတွာ ဆရာ ...၊ အမေ့ခြေရာ၊ အဖေ့ခြေရာတို့နဲ့ လက်မွေရာတို့ ရှိကြတော့ သွားကျတော့ ဘာရှိသေးလဲ။

ဒေါက်တာနီး ရှိတာပေါ့။ 'သွားအရာ'ဆိုတာ အသုံးဝင်အောင် ကြည့်ရင် အရေးကြီးတာတွေ ရှိတယ်။

မောင်အတွာ ဆရာကလည်း သွားဆိုရင် အရေးကြီးတာချည်းပဲ။ အရေးမကြီးတာကို မရှိတော့ဘူး။

ဒေါက်တာနီး အခုဆိုရင် တိုးတက်တဲ့ တိုင်းပြည်တွေမှာ 'သွားအရာ'ကို အလေးပေးလာပြီ။

မောင်အတွာ 'သွားအရာ'ဆိုတာ ဘာလဲ။

ဒေါက်တာနီး 'သွားအရာ'ဆိုတာ အင်္ဂလိပ်လိုကတော့ Tooth Print လို့ ခေါ်ရမှာပေါ့။ နောက်တစ်မျိုး ရှင်းရှင်းပြောရရင်တော့ သွားတွေရဲ့ အပေါ်သွားနဲ့ အောက်သွားရဲ့ ဖွဲ့စည်းတည်ရှိနေတဲ့ ပုံစံ၊ အရွယ်၊ အနေအထားရဲ့ မှတ်တမ်းပဲပေါ့။

မောင်အတွာ ဒါများ ဆန်းတာမှတ်လို့ ဆရာရဲ့။ မချဲ့ချင်ပါနဲ့။

ဒေါက်တာနီး မှတ်တမ်းမှတ်ရာတွေကို ကြည့်ပါလား။ တစ်ဦးနဲ့တစ်ဦး အပေးအယူမှာ လက်မွေကိုယူထားတာဟာ လူတစ်ယောက်ရဲ့ ပျက်ပြယ်မသွားတဲ့ အမှတ်အသားတစ်ခုပဲလေ။ နောက်ပြီးတော့ ရှိသေးတယ်။ လူသတ်မှုတွေကို ကြည့်ပါလား။ လူသတ်သမား ကိုင်ဆောင်တာတွေ အားလုံးရဲ့ လက်ရာတွေကို စစ်ဆေးပြီး လူသတ်သမား ရှာဖွေဖော်ထုတ်ခဲ့တာပဲလေ။

မောင်အတွာ ဒါက ဟုတ်တာပဲလေ။ 'သွားအရာ'နဲ့ ဘာဆိုင်လို့လဲ။

ဒေါက်တာနီး မင်းက ရှေ့က ကြောင်းပြီးပြောမှ နားလည်မှာကိုး။ အဲဒီလိုပဲကွာ။ လူတစ်ဦးနဲ့တစ်ဦးမှာ ရန်ဖြစ်ကြတာတို့၊ တိုက်ခိုက်တာတို့၊ အဝမ္မကျင့်တာတို့ ရှိတယ်လေ။ အဲဒီလို အဝမ္မကျင့်တဲ့အခါ လူတွေရဲ့ အနီးဆုံး တိုက်ခိုက်မှုလက်နက်က ဘာလဲ၊ သိလား။

ဒေါက်တာနီး အေးပေါ့။ အဲဒီလိုပဲပေါ့။ သွားဟာ အမြစ်ပဲကျန်တော့ သွားက မရှိတော့ဘူး။ တိုနေပြီ။ တိုနေတဲ့သွားကို တိုင်အဖြစ် အမာခံလုပ်မယ်။ ပြီးတော့မှ သွားနဲ့တူတဲ့ အရောင်၊ ပုံစံ၊ အနေအထားကို တူနိုင်သမျှ တူအောင်လုပ်ပြီး စွပ်ယူလိုက်ရင် ရတာပဲလေ။

မောင်အတွာ ဒါဆို ပြန်သုံးလို့ရပြီလား ဆရာ။

ဒေါက်တာနီး ရတာပေါ့။ ဒီသွားတွေက အကုန်လုံးကောင်းနေရင် အစားတဲ့အခါ အရသာလည်းရှိတယ်။ သွားအစစ်လိုပဲ ခံစားရတယ်။ တခြားသွားတုတွေဟာ အတုလိုပဲ ခံစားရတယ်။ ဒါ ကွာခြားချက်ပဲ။ သွားတုချင်းတူရင်တောင် ဒီနည်းက အရသာရှိတဲ့စနစ်ပဲ။ အသုံးပြုလို့ကောင်းတယ်။ သဘာဝအတိုင်းပဲလေ။

မောင်အတွာ ဆရာ ...၊ ခိုင်ကောခိုင်ရဲ့လား။

ဒေါက်တာနီး အထိုက်အလျောက်တော့ ခိုင်တာပေါ့ကွာ။ ဘယ်လိုပြောပြော အစစ်ကလည်း သတ်မှတ်တဲ့အားထက် ပိုသုံးရင်တော့ မရဘူးလေ။ ပွဲမှာပဲ။ ကျိုးမှာပဲလေ။ ဒီဟာကလည်း သုံးလို့ရနေတာပဲဟာ။

မောင်အတွာ ဒါဆို ဘာလုပ်ဖို့လိုသေးလဲ ဆရာ။

ဒေါက်တာနီး သွားအစစ်လည်း သွားတိုက်ရ၊ သန့်ရှင်းရေး လုပ်ရသလိုပဲ။ သွားတုလည်း သွားတိုက်ရင်၊ သန့်ရှင်းရေးလုပ်ရင် ရပြီပေါ့။

မောင်အတွာ သိဘူးလေ ဆရာ။

ဒေါက်တာနီး အေး ...၊ **လက်ထဲမှာ ဘာမှမရှိဘူး။ အနီးဆုံးကပ်ပြီး ရှိနေတယ်ဆိုရင် လူတစ်ယောက်ရဲ့လက်နက်က 'သွား'ပဲ။** 'သွား'နဲ့ ကိုက်တတ်ကြတယ်လေ။ အဲဒီလို သွားနဲ့ကိုက်ပြီဆိုရင် ရာဇဝတ်မှုဖြစ်ပြီဆိုပါစို့။ ကာယကံရှင်က ငြင်းတယ်ဆိုရင် 'သွားအရာ'နဲ့ ကိုက်တဲ့ အမှတ်အသား(Bite Mark)ကို တိုင်းကြည့်ရင် ရာဇဝတ်မှု ဖြေရှင်းနိုင်တယ်နော်။

မောင်အတွာ ဒါလည်း ဟုတ်တာပဲ။ မဆိုးဘူးပဲ။ ကျွန်တော် မစဉ်းစားမိဘူးလေ။

ဒေါက်တာနီး အေး ...၊ ရှိသေးတယ်ကွာ။ လူတစ်ယောက်က မီးလောင်တဲ့အခါ။ ဒါမှမဟုတ် လေယာဉ်ပျက်ကျတဲ့အခါမှာ မျက်နှာတွေ ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်တယ်လေ။

မောင်အတွာ ဟုတ်တယ် ဆရာ။ ဒါကတော့ တချို့ ဘယ်သူမှန်း မသိတော့ဘူး။

ဒေါက်တာနီး အေး ...၊ အဲဒီအခါမျိုးမှာ 'သွားအရာ' ကြိုယူထားတဲ့သူက သွားဆရာဝန်နဲ့ညှိပြီး **ပါးစပ်ထဲက မေးရိုးထဲကသွားနဲ့ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာတွေ စစ်နိုင်တယ်ကွ။**

မောင်အတွာ ဒါလည်း ဟုတ်တာပဲ။ ဒါနဲ့ ဆရာပြောတဲ့ 'သွားအရာ'က ဘယ်လိုရှိမှာလဲ။

ဒေါက်တာနီး 'သွားအရာ'ဆိုတာ သီးသန့်တီထွင်ထားတဲ့အရာ ရှိသလို လွယ်ကူတဲ့ ပုံစံယူပစ္စည်းနဲ့ သွားကိုယူပြီး ပလတ်စတာနဲ့ဖျော်ပြီး လုပ်ထားတဲ့ မော်ဒယ်ပါပဲကွာ။ တချို့ဆိုရင် သွားပုံစံယူပြီး ဆရာဝန်က လူနာတွေကို ပြန်ပေးလိုက်တယ်လေ။

မောင်အတွာ ဩော် ... ဒါလား။ သိပါပြီ ဆရာ။ နောက်ထပ် ဘာအရေးကြီးတာ ရှိသေးလဲ။

ဒေါက်တာနီး တိုးတက်တဲ့ တိုင်းပြည်တွေမှာ ကလေးတွေကို မိဘက ကျောင်းတွေကို လိုက်မပို့ကြတော့ဘူး။ ကလေးတွေက သူတို့ဘာသာ ကျောင်းသွားကြတယ်။ တစ်ခါတလေ ကလေးပျောက်တဲ့ပြဿနာ ဖြစ်တတ်တယ်။ ဒီတော့ ကလေးကို 'သွားအရာ'ယူထားပြီး ရဲစခန်းတွေမှာ စစ်ဆေးကြတယ်။ တတ်ပုံနဲ့တင် မရတော့ဘူး။ ဒါကြောင့် 'သွားအရာ'ကလည်း လူတစ်ယောက်အတွက် ထူးခြားသိသာတဲ့ အမှတ်အသားဖြစ်လို့ သူ့နေရာနဲ့သူ အသုံးဝင်တယ် ပြောတာပဲ။

မောင်အတွာ ဘာလို့ အသုံးဝင်သွားတာလဲ။

ဒေါက်တာနီး လူချင်းတူပေမဲ့ ပါးစပ်ထဲမှာရှိတဲ့ သွားတွေရဲ့ အနေအထားဟာ အမြဲတမ်းဖြစ်နေရင်တောင် မတူကြတော့ လူတစ်ယောက်ရဲ့သင်္ကေတတစ်ခုအနေနဲ့ သီးသန့်ရှိနေတာပဲပေါ့။

မောင်အတွာ ဆရာရေ ...၊ ဒါကတော့ ကျွန်တော့်အတွက် ဗဟုသုတလေးတစ်ခုပေါ့။

သွားဆရာဝန်မရှိတဲ့ နေရာတွေမှာ

မောင်အတွာ ဆရာ ...၊ သွားဆရာဝန် မရှိနိုင်တဲ့နေရာဆိုတာ ရှိသလား။

ဒေါက်တာနိုး ရှိတာပေါ့။ သွားဆရာဝန်တစ်ယောက်အတွက် အသုံးပြုရမယ့် လက်နက်ကိရိယာတွေက မီး၊ ရေနဲ့ အသုံးအဆောင်ပစ္စည်းတွေပဲ။ ဒါတွေရှိရင် သွားဘက်ဆိုင်ရာဆရာဝန် ရှိကြမှာပဲ။ အဲ ... သာမန်အားဖြင့်တော့ သွားဆရာဝန်တွေက တောနဲ့ တောင်တန်းဒေသတွေမှာ မရှိဘူးပေါ့။

မောင်အတွာ ဒါဆိုရင် သူတို့သွားကြရင် ဘယ်ကိုသွားရသလဲ။

ဒေါက်တာနိုး သွားဆရာဝန်ရှိနိုင်တဲ့ အနီးဆုံးမြို့တွေကို သွားရမှာပဲပေါ့။ ဒီနည်းပဲ ရှိတာ။ သွားဆရာဝန်ဆိုတာ လူနာက ဆရာဝန်ဆီသွားမှ ရမှာ။

မောင်အတွာ ဒါဆို သွားရောဂါဝေဒနာက ဖြစ်လာရင် မလွယ်ဘူးနော်။

ဒေါက်တာနိုး ဒါပေါ့။ တကယ်တမ်းကျ သွားနဲ့ပတ်သက်တဲ့ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ရောဂါက နှစ်ခုပဲရှိတာ။ သွားပိုးစားရောဂါနဲ့ သွားဖုံးရောဂါပဲလေ။ အဲ ... ခံတွင်းကင်ဆာဖြစ်တာက ပြုမူဆောင်ရွက်ချက်တွေကြောင့်ပါ။ ပြုမူဆောင်ရွက်ချက်ဆိုတာက ဆေးလိပ်သောက်၊ ကွမ်းစား၊ အရက်သောက်တာကို ပြောတာလေ။

မောင်အတွာ ဒီလိုဆိုရင် တောကလူတွေ သွားရောဂါဖြစ်လာမှန်း ဘယ်လိုသိနိုင်ပါသလဲ ဆရာ။

ဒေါက်တာနိုး သိနိုင်တာပေါ့။ ထွေထွေထူးထူး ပစ္စည်းကိရိယာ မလိုပါဘူး။ ကိုယ့်ဘာသာကိုယ် ကြိုသိရင် ကြိုကာကွယ်လို့ ရတာပဲဟာ။

မောင်အတွာ ဒီလိုဆို သွေးတိုးရောဂါလိုပေါ့။ ကိုယ့်ဘာသာကိုယ် တိုင်းပြီး ရောဂါသိနိုင်တာပေါ့။ ဒါဆို ပြောပါဦး

ဒေါက်တာနိုး ပါးစပ်ထဲက သွားတွေကိုကြည့်ရင် မှန်လိုတာပေါ့။ မှန်ရှိရင် ရပြီပဲ။

မောင်အတွာ ဟုတ်ကဲ့။ မှန်နဲ့ဆို ရပြီလား။

ဒေါက်တာနိုး သွားက ပုံမှန်အားဖြင့် အဖြူရောင်ပါပဲ။ သွားရဲ့ ကြွတ်ဝါးမျက်နှာပြင်တွေကို ကြည့်ရင် အမည်းစက်၊ အမည်းပေါက် ရှိမရှိကို မှန်ထဲမှာ မြင်ရတယ်။ ဒါဆိုရင် သွားပိုးစားလာပြီလို့ ပြောနိုင်တယ်။

မောင်အတွာ ပိုပြီးသေချာအောင် ဘာလုပ်ရလဲ။

ဒေါက်တာနိုး တကယ်တမ်း သေချာတာက ဓာတ်မှန်ရိုက်ကြည့်နိုင်တာပေါ့။ အဲ ...၊ ဓာတ်မှန်မရိုက်နိုင်တော့ သန့်ရှင်းပြီး ချွန်တဲ့ ကိရိယာလေးနဲ့ အခေါင်းလေးထဲ ထိုးကြည့်မယ်ဆိုရင် အပေါက်ကို စမ်းမိတယ်။ အဲဒါက လွယ်ပါတယ်။ မြင်လည်း မြင်ရတယ်။ စမ်းလည်း စမ်းမိတယ်လေ။

မောင်အတွာ ရှေ့သွားတို့၊ အပေါ်သွားတို့ ကျတော့ကော ...။

ဒေါက်တာနိုး ရှေ့သွားလည်း ဒီလိုပဲ ထိုးကြည့်နိုင်ပါတယ်။ တစ်ခါတလေ ပီးနဲ့ထိုးကြည့်ရင် အရိပ်ကလေး တွေ့ရတတ်တယ်။ အပေါ်သွားကို ကြည့်မယ်ဆိုရင်တော့ မှန်နှစ်ချပ် လိုတာပေါ့။ အလင်းရောင်အောက်မှာ ကြည့်လို့ တွေ့နိုင်ပါတယ်။

မောင်အတွာ ဆရာ ...၊ သွားပိုးစားပေါက်တွေ့ရင် ဘာလုပ်ရလဲ။

ဒေါက်တာနိုး အဲဒီလို ဆရာဝန်မရှိတဲ့နေရာမှာ ကိုယ့်ဘာသာကိုယ် သွားပိုးစားပေါက် ရှိနေရင် မြို့ပေါ်တက်ပြီး သွားပိုးစားကို မကုနိုင်သေးခင်မှာ အစာစားရင် ဂွမ်းလေးထည့်ပြီးဝါးပေါ့။ အစာစားပြီး ဂွမ်းကို ပြန်ထုတ်။ အဲ ... မြို့ပေါ်တက်ပြီး သွားကို ကြိုတင်ကာကွယ်လိုက်ရင် ပျောက်သွားတာပါပဲ။

မောင်အတွာ ဆရာ ...၊ သွားပိုးစားရောဂါက စမ်းသပ်ပြီး သိတာနဲ့ ဆေးခန်းကို သွားရမယ်ဆိုရင် သွားဖုံးရောဂါကကော ...။

ဒေါက်တာနိုး သွားဖုံးရောဂါက အခြေအနေမဆိုးသေးဘူးဆိုရင် ကိုယ့်ဘာသာကိုယ်ပဲ ကာကွယ်လို့ရတာပဲ။

မောင်အတွာ လွယ်လှချေလား ဆရာ။

ဒေါက်တာနိုး သွားဖုံးတွေကို အများက ဂရုမစိုက်ကြဘူးလေ။ သွားကကိုက်တာ၊ နာတာ ရှိတာကိုး။ သွားဖုံးက အရေးကြီးတယ်။ သွားဖုံးရောဂါကို သိသိချင်း ကာကွယ်ရင် သွားတွေအတွက် ကောင်းတယ်။

မောင်အတွာ သွားဖုံးရောဂါ ရှိ၊ မရှိ ဘယ်လိုသိမလဲ။

ဒေါက်တာနီး သွားဖုံးက ရောဂါရှိနေပြီ၊ ရောင်နေပြီဆိုရင် သွေးထွက်မယ်။ နီနေတယ်။ ရောင်နေတာတွေ ရှိတယ်။ တချို့ဆိုရင် ပါးစပ်က အနံ့ထွက်တယ်။ ဒီလို ပါးစပ်ထဲက သွားဖုံးကို မှန်ထဲမှာကြည့်ရင် ကောင်းတဲ့ သွားဖုံး၊ ကျန်းမာတဲ့သွားဖုံးကို ကြည့်ထားပြီးရင် မကျန်းမာတဲ့ သွားဖုံးဆိုတာ မှန်ထဲမှာ မြင်ရတာပဲလေ။

မောင်အတွာ သွားဖုံးမကောင်းရင်ကော ဘာလုပ်ရမလဲ။

ဒေါက်တာနီး သွားဆရာဝန် မရှိတဲ့နေရာတွေမှာ ဒီလို သွားဖုံးရောင်နေတာ သိပြီဆိုရင် သွားတိုက်တာ စနစ်မှန်ဖို့၊ အချိန်မှန်တိုက်ဖို့၊ ဆားရေနွေးငွေ့လေးနဲ့ ပလုပ်ကျင်းပေးဖို့ပဲ လိုအပ်ပါတယ်။ လုပ်ဖြစ်အောင် လုပ်မယ်ဆိုရင် သွားဖုံးရောဂါ မရှိတော့ဘူးလေ။

မောင်အတွာ ဒါဆို သွားနဲ့ သွားဖုံးကို ဂရုစိုက်တာ စနစ်မှန်ရင် သွားဆရာဝန် မလိုဘူးပေါ့နော်။

ဒေါက်တာနီး ဒါပေါ့။ သွားဆရာဝန်ဆိုတာ ရောဂါရှိလို့ လိုတာလေ။ မရှိရင် မလိုဘူးပေါ့။



ကိုယ်ဝန်ဆောင် မမှန့် သွား

မောင်အတွာ ဆရာ ...၊ ကိုယ်ဝန်ဆောင်တုန်းမှာ သွားကို သတိထားရမယ်လို့ ဖတ်ဖူးပါတယ်။ ကျန်တဲ့အချိန်မှာ မလိုလို့လား။

ဒေါက်တာနီး လိုတော့ လိုတာပေါ့။ သွားကို ဂရုစိုက်တယ်ဆိုတာ တစ်သက်လုံးပဲကွ။ အလှူသွားခါနီးကျမှ၊ မင်္ဂလာဆောင်ခါနီးကျမှ သွားကို ဂရုစိုက်ရမယ်လို့တော့ မရှိပါဘူး။

မောင်အတွာ ဆရာကလည်း ဘာလို့ ကိုယ်ဝန်ဆောင်တဲ့အချိန် သတိထားလို့ ရွေးပြီးပြောရတာလဲ။ အမြဲတမ်း သတိထား၊ ဂရုစိုက်ဆိုရင်ပြီးနေတာပဲဟာ။

ဒေါက်တာနီး မင်းပြောတာတော့ မှန်တာပေါ့ကွာ။ လူတွေက အမြဲတမ်း ဂရုစိုက်ရင် ပြောစရာမရှိဘူးပေါ့။ ဒါပေမဲ့ ဂရုမစိုက်တဲ့သူတွေကြားမှာ ကိုယ်ဝန်ဆောင်တဲ့သူနဲ့ သာမန်လူက သွားဝေဒနာခံစားရတာ မတူလို့ပါ။

မောင်အတွာ ဆရာပြောမှပဲ သွားကလည်း ရောဂါဖြစ်တဲ့အချိန်မှာတောင် ခွဲခြားခွဲခြားနဲ့ပါလား။ ခံစားရတဲ့ ဝေဒနာကလည်း ကိုယ်ဝန်ဆောင်တာနဲ့ မဆောင်တာတောင် မတူဘူးဆိုတော့ ဘာတွေဖြစ်တတ်တာမို့လို့လဲ။

ဒေါက်တာနီး ကိုယ်ဝန်ဆောင်ပြီဆိုတာနဲ့ သွားမတိုက်တဲ့သူ၊ သွားက မသန့်စင်တဲ့သူ၊ သွားပိုးစားရောဂါ ရှိနေတဲ့သူတွေမှာကျတော့ သွားကိုက်တာ ပိုခံစားရတာ။

မောင်အတွာ ဟုတ်လား။ သွားပိုးစားတာကလည်း ကိုယ်ဝန်ဆောင်တဲ့အချိန်မှာ ပိုခံစားရတတ်လို့ **အမျိုးသမီးတွေအတွက် နှစ်ခါနာ ခံစားရတာပေါ့နော်**။

ဒေါက်တာနိုး အေးပေါ့။ တချို့ကျ ဒီဝေဒနာ ခံစားရလို့ သည်းမခံနိုင်ကြဘူး။ **ဒီတော့ ကလေးတစ်ယောက် သွားတစ်ချောင်းပဲ။**

မောင်အတွာ ဘာလဲ ...၊ ကလေးတစ်ယောက် သွားတစ်ချောင်း ဆိုတာက မရှင်းဘူး။

ဒေါက်တာနိုး အေး ...၊ ကလေးတစ်ယောက်ကို သွားတစ်ချောင်းဆိုတာ ငါပြောတာ မဟုတ်ဘူး။ လူနာတစ်ယောက် ပြောဖူးတယ်။ သူ့ဘဝမှာ ကလေးသုံးယောက် ရှိတယ်တဲ့။ အဲဒါ ဗိုက်ကြီးပြီဆိုတာနဲ့ သွားတစ်ချောင်း နုတ်လိုက်ရတာတဲ့။ ဗိုက်တစ်ခါကြီးတိုင်း သွားတစ်ခါနုတ်ရလို့ ကလေးသုံးယောက်မွေးပြီးတော့ သွားသုံးချောင်းမရှိတော့ဘူးလို့ ပြောတာပဲ။

မောင်အတွာ ဆရာ ဒါကို ဆရာ့အနေနဲ့ ဖြစ်နိုင်တယ်လို့ ပြောနိုင်လား။ တကယ်ကော ဟုတ်လား။

ဒေါက်တာနိုး ငါက တကယ်ကြားခဲ့ရတာဆိုတော့ ဟုတ်တယ် ပြောရမှာပေါ့။ ဖြစ်လည်း ဖြစ်နိုင်ပါတယ်။ ကိုယ်ဝန်ဆောင်တဲ့အခါ သွားက ဝေဒနာ ပိုခံစားရတယ်လေ။ ဒီတော့ ဒီခံစားချက် ခံစားရမှာပေါ့။ မနေနိုင်တော့ နုတ်လိုက်ကြတာပေါ့။ ခုခေတ်ကျတော့ အဲဒီလိုနာနေတာကို ထိန်းထားနိုင်ရင် မနုတ်ကြပါဘူး။ တတ်နိုင်သမျှ အနာသက်သာအောင် ဖန်တီးပြီး ထားကြတယ်လေ။ နောက်တစ်မျိုး ရှိသေးတယ်။

မောင်အတွာ ဘာလဲ ဆရာ။ ပြီးသေးဘူးလား။

ဒေါက်တာနိုး ရှိတာပေါ့။ သွားမသန့်စင်တဲ့သူရဲ့ သွားဖုံးတွေပေါ့။

မောင်အတွာ သွားဖုံးတွေ ...၊ ဘာဖြစ်လို့လဲ။

ဒေါက်တာနိုး အေး ...၊ သွားဖုံးတွေကလည်း သွားမတိုက်တဲ့သူတွေမှာ သွားဖုံးရောင်ရောဂါတွေက ပိုဆိုးလာတယ်။ တချို့ကျတော့ အဲဒီသွားဖုံးကြီးက ကင်ဆာအဖုကြီးနဲ့ တူလာတယ်။ ကင်ဆာတော့ မဟုတ်ဘူးပေါ့။ **ကိုယ်ဝန်ဆောင်တဲ့အချိန်မှ ရွေးဖြစ်တဲ့ သွားဖုံးဖုလေ။**

မောင်အတွာ ဒါဆိုရင် ကိုယ်ဝန်ဆောင်ပြီးသွားရင်ကော ...။

ဒေါက်တာနိုး ထူးဆန်းတာပဲကွာ။ ကိုယ်ဝန်ဆောင်ပြီးတော့လေ သွားကိုက်တာတွေ၊ သွားဖုံးရောင်ရောဂါတွေက ချက်ချင်းဆိုသလို ပျောက်သွားတာပဲကွာ။ ဒီဝေဒနာ မခံစားရတော့ဘူး။ ဒါကြောင့် 'ကိုယ်ဝန်ဆောင်မမနဲ့ သွား'လို့ ပြောတာပေါ့ကွ။

မောင်အတွာ ဒါဆို ဘာလုပ်ရမှာလဲ။

ဒေါက်တာနိုး မင်းကို ပြောခဲ့တဲ့အတိုင်း သွားသန့်စင်မှု ရှိနေတဲ့သူ ဘာမှ လုပ်စရာ မလိုဘူးဆိုတာလေ။

မောင်အတွာ သြော် ...၊ ဒါကြောင့် ဆရာကပြောတာကိုး။ ရှင်းပြီ ဆရာရေ ...။

ဒေါက်တာနိုး အရေးကြီးတဲ့တစ်ချက် ရှိသေးတာ မှတ်ထားဦး။

မောင်အတွာ ဆရာကလည်း လန့်လိုက်တာ။ ဘာကျန်သေးလို့လဲ။

ဒေါက်တာနိုး အေး ...၊ **ကိုယ်ဝန်ဆောင်တုန်းမှာ သွားဖုံးရောင်ရောဂါ ရှိနေတဲ့ ဘက်တီးရီးယားပိုးတွေကြောင့် ကိုယ်ဝန်ပျက်ကျတာ၊ အချိန်စောပြီး ကလေးမွေးတာတွေ ဖြစ်တတ်တယ်။** ဒါက အရေးကြီးတာပေါ့။

မောင်အတွာ ကြောက်စရာကြီးပါလား ဆရာ။ ခြိမ်းခြောက်နေတာလား။

ဒေါက်တာနိုး အေး ...၊ ငါမပြောဘူး။ သိပ္ပံပညာရှင်တွေ ပြောတာကွာ။ ဒါဆိုရင် ငါ ခြိမ်းခြောက်တာ မဟုတ်တော့ဘူး။

မောင်အတွာ ဘာပဲပြောပြော၊ ကြောက်စရာကြီးတော့ ကြောက်စရာကြီးပဲ။



သွားအာဟာရ

မောင်အတွာ ဆရာ ...၊ တစ်ခါတုန်းက ဆရာ အမှတ်မထင် ပြောတဲ့ စကားလေး ရှိတယ်။ ဘာတဲ့ ...၊ ဟို ... သွားအာဟာရတဲ့။ အဲဒါ ဘာလဲ။

ဒေါက်တာနီး အေးလေ ...၊ ဘာဖြစ်လဲ။ အာဟာရဆိုတာ အားရှိတဲ့၊ ခွန်အားဖြစ်စေတဲ့၊ တိုးတက်မှုကိုပေးစေတဲ့ အရာပဲလေ။ စိတ် အာဟာရ၊ ခန္ဓာကိုယ်အာဟာရတဲ့။ ခွန်အားတွေ၊ စွမ်းအားတွေကို ပေးစွမ်း တာပဲ။ ဒီလိုပဲပေါ့။ သွားမှာလည်း အာဟာရဆိုတာ လိုပဲပေါ့။

မောင်အတွာ ဆရာပြောတဲ့အတိုင်းဆိုရင် အာဟာရမရှိရင် ဘာဖြစ်မှာမို့လို့လဲ။

ဒေါက်တာနီး စိတ်အာဟာရကိုပဲ ပြောမယ်ကွာ။ အားငယ်နေတဲ့သူကို စိတ် အာဟာရဖြစ်စေမယ့်၊ ခွန်အားကိုဖြစ်စေမယ့် အကြောင်းအရာ တွေကို ပြောပြရင်၊ ကြားနေရရင် စိတ်အားငယ်တဲ့သူမှာ စိတ်ခွန်အားတွေ တိုးလာမယ်။ ဒီတော့ စိတ်ဓာတ်အင်အား ပြည့်လာတာဟာ ဘဝအတွက် အောင်မြင်မှုကို ဖြစ်စေနိုင်တယ်လေ။

မောင်အတွာ စိတ်အာဟာရကို ဘာနဲ့တိုက်ကျွေးမှာလဲ။

ဒေါက်တာနီး စိတ်အာဟာရကို စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာနဲ့ ကျွေးရ မယ်။ စိတ်ပိုင်းဆိုင်ရာ အားငယ်မှု၊ အားနည်းမှုကို ဖြည့်ဆည်း ပေးနိုင်တယ်။ နဂိုက မသိတာတွေ သိလာမယ်။ နဂိုက နားမလည်တာတွေ နားလည်မယ်။ မလုပ်တတ်တာတွေ လုပ်တတ်လာလို့ ပိုပြီး ယုံကြည်မှုကို ဖြစ်စေမယ်။ ဒီတော့ စိတ်အင်အားနည်းသူ၊ စိတ်အာဟာရ ချို့တဲ့သူတွေ အတွက် စိတ်အာဟာရပြည့်အောင် လုပ်ပေးရမယ်။ ပြုစုပျိုးထောင်ပေးရမယ်။ ပြည့်သွားပြီဆိုတာ စိတ်အာဟာရမှာ မရှိဘူး။

မောင်အတွာ ခန္ဓာကိုယ်အတွက် အာဟာရဆိုတာကော ...။

ဒေါက်တာနီး တို့တစ်တွေ နေ့စဉ်နဲ့အမျှ စားနေရတဲ့ အစားအစာတွေက ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်၊ ဆီ၊ ဗီတာမင်၊ သတ္တုဓာတ်၊ ရေဓာတ်တွေနဲ့ ပတ်သက်နေတယ်။ အဲဒီလို ပါဝင်ပတ်သက်နေပေမဲ့ အမြဲ တမ်း မျှတပြီး ခန္ဓာကိုယ်တွင်းကို မရောက်ဘူး။

မောင်အတွာ ဆရာ ...၊ ဘာလို့ မရောက်တာလဲ။ စားနေတာပဲဟာ။

ဒေါက်တာနီး လူတွေဟာ အစားအစာကို အာဟာရဆိုပြီး ရည်ရွယ်ချက်ထား စားကြတာ မဟုတ်ဘူးကွ။

မောင်အတွာ ဆရာပြောမှပဲ ရှုပ်လာပြီ။ စားပါတယ်ဆိုမှ ဘာရည်ရွယ်ပြီး စားရမှာလဲ။

ဒေါက်တာနီး အေး ...၊ **ကိုယ့်ကိုယ်ကိုယ် လူနာမဟုတ်ပေမဲ့ လူနာလို သဘောထားပြီး တွက်ချက်စားရတယ်။ ကိုယ်ကြိုက်တာချည်း ပဲ မစားရဘူး။ စားသင့်တာကို ရွေးပြီး စားရတယ်။** ဥပမာကွာ ...၊ ကိုယ် ကြိုက်တာက ဝက်အူချောင်းတို့၊ လက်ဖက်တို့ ဆိုပါစို့။ တချို့လူတွေက ဒါတွေမပါရင် မစားတတ်ကြတော့ဘူး။ နေ့တိုင်း ဒါတွေပဲရွေးပြီး စားကြတယ်။ ကိုယ်စားတဲ့ အစားအစာမှာ ဒါတွေပဲစားတော့ ဒီအထဲမှာပါနေတဲ့ ဓာတ်တွေ ပဲ ခန္ဓာကိုယ်ထဲမှာ ရှိနေတာပေါ့။

မောင်အတွာ ဟုတ်တယ် ဆရာရေ ...။ ဒါတော့ လက်ခံတယ်။ ကျွန်တော် ဆိုရင် ဝက်သားဟင်းမပါရင် မစားတတ်ဘူး။ ဝက်သားဟင်း ပါမှ ထမင်းစားတယ်။

ဒေါက်တာနီး အေးပေါ့ကွာ။ အဲဒါမျိုးကို ပြောချင်တာပေါ့။ တကယ်တမ်းကျ တစ်နေ့တစ်နေ့ကို ခန္ဓာကိုယ်အတွက် ရည်ရွယ်ပြီး ရောဂါကို ကာကွယ်စေတဲ့အစာ၊ အင်အားကိုဖြစ်စေတဲ့အစာ၊ ခန္ဓာကိုယ်ကြီးထွားစေတဲ့ အစာဆိုပြီး ရှိတယ်ကွာ။ ဒီလိုအစာတွေ နေ့တိုင်း စားတိုင်း ပါရတယ်။ ကြိုက်ကြိုက် မကြိုက်ကြိုက် စားကိုစားရမယ်။ လူနာလို သဘောထားရတယ် ဆိုတာ အဲဒါ ပြောတာပေါ့။

မောင်အတွာ ဒါဆိုရင် ဆရာ၊ ခန္ဓာကိုယ်အတွက် အာဟာရဓာတ်ပါတာ ပြောပြီးတော့ သွားအာဟာရဆိုတာ ဘာတွေလဲ။

ဒေါက်တာနီး သွားအာဟာရဆိုတာက သွားမှာလိုအပ်နေတဲ့ အာဟာရဓာတ် ချို့တဲ့တာကို ပြောတာ။

မောင်အတွာ သွားအာဟာရ ချို့တဲ့တယ်ဆိုတာ ရှိသေးလို့လား။ ဆရာက လည်း ...၊ ပေါက်တီးပေါက်ရှာ။

ဒေါက်တာနိုး ရှိတာပေါ့ကွာ။ ခန္ဓာကိုယ်မှာလည်း အာဟာရဓာတ် ချို့တဲ့ရင် ချို့တဲ့ဓာတ်က ဗီတာမင်ဒီ ဆိုပါစို့။ အရိုးတွေ အားနည်းတာမျိုး ပေါ့ကွာ။ ဒီတော့သွားမှာရှိတဲ့ အာဟာရဓာတ်ချို့တဲ့ရင် သွားက ခိုင်ခံ့မှုမရှိဘူး။ ထိတာနဲ့ ပဲ့တာတွေ၊ ကွဲတာတွေ ဖြစ်နိုင်တယ်။ နောက်ပြီးတော့ သွားပိုးစားလွယ်တယ်ကွာ။ သွားပုံးတွေမှာလည်း သွေးထွက်တာတွေ ဖြစ်နိုင်တယ်။

မောင်အတွာ ဒါဆိုရင် ဆရာရယ်၊ သွားအာဟာရလို့ပြောတဲ့ အစားအစာတွေက ဘာတွေလဲ။

ဒေါက်တာနိုး သွားရဲ့ဖွဲ့စည်းမှု အားကောင်းစေနိုင်တဲ့ဟာတွေကတော့ ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ကယ်လ်စီယမ်၊ ဖော့စ်ဖရပ်စ်၊ ဗီတာမင်စီ၊ သံဓာတ်နဲ့ ဖလူအိုရိုက်ပါတဲ့ အစားအစာတွေပဲပေါ့ကွာ။

မောင်အတွာ ဒါဆို ရပြီလား။

ဒေါက်တာနိုး အေး ...၊ အဲဒါတွေပါဝင်နိုင်တဲ့ အစားအစာတွေကို ရွေးချယ်စားသောက်ရင် သွားအာဟာရဓာတ် ပိုပြီးပြည့်စုံတာပေါ့။ ပရိုတင်းဓာတ်က အသားထဲမှာပါတယ်။ ကာဗိုဟိုက်ဒရိတ်က ထမင်းလို ကစီဓာတ်ပါတဲ့ အစာတွေ၊ ကျန်တဲ့ဗီတာမင်တွေက အသီးအနှံတွေ၊ ကြက်ဥ၊ နွားနို့၊ ငါးကလေးတွေမှာ ပါတယ်။ ဒါဆို ကိုယ်စားတဲ့အစာဟာ ဘာကိုကောင်းစေတာလဲ သိရင် ပိုပြီး အာဟာရဓာတ် မျှတစေတာပဲလေ။

မောင်အတွာ ဆရာရယ် ပြောလို့ လွယ်လိုက်တာ။ မလုပ်ဖြစ်တာ ခက်တာပဲ။

ဒေါက်တာနိုး ဒါ လူသားပဲ။

ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်

မောင်အတွာ ဆရာ ...၊ ကျွန်တော် မနေ့က ကားကို သွားနဲ့ဆွဲတယ်လို့ စာအုပ်ထဲမှာ ဖတ်လိုက်ရတယ်။ တကယ်ဟုတ်ပါ့မလား။

ဒေါက်တာနိုး ဖြစ်နိုင်ပါတယ်။ Super Tooth ပိုင်ရှင်တွေပေါ့။ မလေးရှားနိုင်ငံမှာ ရထားကိုတောင် သွားနဲ့ဆွဲခဲ့သေးတယ်။

မောင်အတွာ ကောင်းလိုက်တဲ့ သွား။ အဲဒါ ဘာဖြစ်လို့ ဒီလိုဆွဲနိုင်ရတာလဲ။

ဒေါက်တာနိုး သွားတွေနဲ့ အရိုးတွေရဲ့ ခိုင်ခံ့မှုလို့ပဲ ပြောရမှာပေါ့။ သွားကလည်း ခိုင်နေတယ်။ အရိုးနဲ့ သွားကြားရှိနေတဲ့ တစ်သျှူးတွေကလည်း ကျန်းမာသန်စွမ်းနေတာကြောင့် ဖြစ်နိုင်တယ်။

မောင်အတွာ ဒါဆို လူတိုင်း ဆွဲနိုင်မှာပေါ့နော်။

ဒေါက်တာနိုး လူတိုင်းတော့ ဘယ်ဆွဲနိုင်မှာလဲ။ သွားနဲ့ ခံတွင်း သန့်စင်မှုအလေ့အကျင့်တွေ၊ စားတဲ့ အစားအစာရဲ့ပုံစံ၊ သူရဲ့ လေ့ကျင့်ထားတဲ့ ဖြစ်စဉ်တွေနဲ့ ဆိုင်မှာပေါ့။ သူကိုယ်တိုင်က နေ့စဉ်နဲ့အမျှ လေ့ကျင့်လာခဲ့တာ ရှိနေလိမ့်မယ်။ သာမန်အားဖြင့်တော့ တစ်ခါတလေ ပုလင်းခွံကို သွားနဲ့ကိုက်ခွာရင်တောင် သွားက ပဲ့တတ်သေးတယ်လေ။

မောင်အတွာ ဟုတ်တယ် ဆရာ။ ကျွန်တော့်သွားကတော့ ဘီယာပုလင်းကို အလွယ်ခွာလိုက်လို့ ပဲ့သွားဖူးတယ်။

ဒေါက်တာနိုး အေး ...၊ ဒီလိုပဲပေါ့ကွာ။ သွားနဲ့ အရိုး သန်မာအောင် **စားတဲ့အစာတွေကို ရွေးချယ်ရမယ်။ သွားတိုက်တာကလည်း နေ့စဉ်နဲ့အမျှ အချိန်မှန်၊ စနစ်မှန် တိုက်ကိုတိုက်ပေးရမယ်။** နောက်ပြီး သွားနဲ့ အရိုးကို သန်မာကောင်းမွန်နိုင်တဲ့ အစားအစာတွေဖြစ်တဲ့ နွားနို့၊ ကြက်ဥ စတဲ့ ကယ်လ်စီယမ်ပါတဲ့ အစားအစာကို စားပေးရမယ်။ ဒီလိုအချက်တွေကလည်း အမြဲတမ်း နေ့စဉ်နဲ့အမျှ လုပ်ဆောင်ကြဖို့လည်း ခက်ခဲတယ်လို့ ပြော

သွားနာတိုင်း နုတ်မှာလား

မောင်အတွ ဆရာ ...၊ လူနာတစ်ယောက်က မေးနေပါတယ်။ သွားနုတ်လို့ ရသလားတဲ့။

ဒေါက်တာနိုး သွားဆရာဝန်ပဲ။ သွားနုတ်လို့တော့ ရတာပေါ့။ ဒါပေမဲ့ နုတ်ရမယ့်သွားလား၊ မနုတ်ရမယ့်သွားလားတော့ ခွဲခြားဖို့လိုတယ်။

မောင်အတွ ဒါဆို ဆရာပဲ ပြောပေးပါလားခင်ဗျာ။ ဒီမှာ ဖုန်းနဲ့ဆက်မေးနေတာ ဖြစ်နေလို့။

ဒေါက်တာနိုးလည်း ဖုန်းပြောရန်အတွက် ဖုန်းခွက်ကို ကိုင်လိုက်ပါသည်။

လူနာ ဆရာရှင့် ...၊ ကျွန်မ သွားနုတ်ချင်လို့ပါ။ နုတ်လို့ရမလား သိချင်ပါတယ်။

ဒေါက်တာနိုး ဘာဖြစ်လို့ သွားနုတ်ချင်ရတာပါလဲ ခင်ဗျာ။ ဘယ်နေရာက သွားပါလဲ ခင်ဗျာ။

လူနာ သွားနာနေလို့ပါ။ နာနေတာကတော့ အောက်ကရှေ့သွားပါ။ မခံနိုင်တော့ဘူး ဆရာ။ အလုပ်လည်း လုပ်လို့မရ၊ စားလည်း မစားနိုင်၊ အိပ်လို့လည်း မရတော့ဘူး။ ခေါင်းကိုသာ ရိုက်ခွဲလိုက်ချင်တော့တယ်။ နုတ်လိုက်မှပဲ ပျောက်တော့မယ်။ နုတ်လို့ရမလား ဆရာ။

ဒေါက်တာနိုး သွားကို နုတ်မယ်ဆိုရင်တော့ နုတ်လို့ရတာပေါ့။ ဒါပေမဲ့ **'နာတဲ့သွားတိုင်း နုတ်စရာမလိုဘူး'** ဆိုတာကိုတော့ သိထားစေချင်ပါတယ်။ ကျွန်တော် ပြောမယ်ဗျာ။ ခေါင်းကိုက်၊ ခေါင်းနာရင် ခေါင်းကိုခွဲပါသလား။ ဒါမှမဟုတ် ဗိုက်နာတိုင်းကော ဗိုက်ကိုခွဲပါသလား။ ဒီလိုပါပဲ။ သွားကိုက်၊ သွားနာရင်တော့ နုတ်ပစ်ချင်ကြတာချည်းပါပဲ။ သွားကိုက်၊ သွားနာတာလည်း မနုတ်ဘဲထားလို့ မရဘူးလား။ ဗိုက်နာနေရင် အနေအထိုင်

ရမှာပေါ့။ တစ်ခါတလေ လုပ်တာမျိုးကျ မဖြစ်နိုင်ဘူးလေ။

မောင်အတွ ဒါဆို အစားအစာကို ရွေးချယ်စားရမယ်ဆိုတာကကော ဆရာ။

ဒေါက်တာနိုး သွားတွေရဲ့ကျန်းမာရေး ထိန်းသိမ်းဖို့အတွက် 'ကြာကြာဝါးမယ့် သွား၊ အရိုးကြည့်ရှောင်'ဆိုသလိုပဲ စားတဲ့ အစားအစာတွေထဲမှာ ပဲကြီးလေ့၊ ကွမ်းသီး၊ အမဲရိုး၊ ဝက်ရိုး၊ ကြက်ရိုးနဲ့ မာတဲ့အသီးတွေကို ကြိမ်ဖန်များစွာ စားတာဟာ သွားပျက်စီးစေတာပဲလေ။

မောင်အတွ ဘယ်လို ပျက်စီးတာလဲ ဆရာ။ ဒီလို အမာတွေစားရင်လည်း သွားပိုးစားတာပဲလား။ သွားပိုးစားရောဂါတစ်မျိုးပဲ သွားပျက်စီးတယ်လို့ ထင်လို့ပါ။

ဒေါက်တာနိုး သွားပိုးစားရောဂါက တစ်ချောင်းပိုးစားရင် တစ်ချောင်းပဲ ပျက်စီးတာကွ။ ဒီလို အမာတွေစားတဲ့ အလေ့အကျင့်က ကြိတ်ဝါးတဲ့သွား အားလုံး ထိတာပဲ။ **ကြိတ်ဝါးတဲ့မျက်နှာပြင်တွေ ပါးလာပြီး သွားတိုလာတတ်တယ်။ ကြွေသွားလွှာ ပါးလာလို့ သွားတွေကျိုင်လာတယ်။ နောက်ပြီး သွားနဲ့ အရိုးကြား ဆက်တွယ်နေတဲ့ တွယ်ဆက်တစ်သျှူးတွေကို ထိခိုက်ပြီး သွားတွေ လှုပ်လာတယ်လေ။**

မောင်အတွ ဒါဆို ကြောက်စရာကြီးပါလား။ ဒါပေမဲ့ လူတိုင်း စားနေကြတာပဲ။ ဘာမှမဖြစ်ပါလား။

ဒေါက်တာနိုး တဖြည်းဖြည်းနဲ့ ကြာမှ ဖြစ်တာ။ အသက်ကြီးလာတဲ့အခါမှ သိလာတော့ နောက်ကျသွားပြီလေ။

မောင်အတွ ဩော် ... ဒါကြောင့် ရှေးလူကြီးတွေက 'ကြာကြာဝါးမယ့် သွား၊ အရိုးကြည့်ရှောင်'လို့ ဆိုခဲ့တာကိုး။

ဒေါက်တာနိုး မှန်တာပေါ့ကွာ။

ဆင်ခြင်၊ ဆေးလေးသောက်၊ စနစ်မှန် အစာကိုစားလိုက်ရင် ပျောက်သွားတာ များပါတယ်။ သွားကိုက်၊ သွားနာလည်း ဒီလိုပါပဲ။ နာတဲ့၊ ကိုက်တဲ့အချိန် တော့ ဆေးသောက်၊ ဆေးကု လုပ်ကြည့်ပါဦးလား။ အဲလိုလုပ်ပြီး မပျောက် မှသာ နှုတ်ပစ်ရမှာပါ။

လူနာ ဆရာကလည်း ပြောတော့ လွယ်လိုက်တာ။ သွားနဲ့ ဗိုက်နဲ့ တူတာမှ မဟုတ်တာ။ ဆရာက သွားကိုက်တာ မခံစားဖူးလို့ ပါ။ တကယ်ခံရတဲ့အခါ ဘယ်လိုမှ နေလို့မရပါဘူး။

ဒေါက်တာနိုး နာတာ၊ ကိုက်တာကို ကျွန်တော် လက်ခံပါတယ်။ ကျွန်တော် ဆိုလိုတာက ဆေးကုတာကို စိတ်ရှည်ပေးဖို့ပါ။ ရောဂါရဲ့ ဆိုး ကျိုး ရှိသလောက်တော့ ခံရမှာပေါ့။ စောစောကုတဲ့သွား စောစောကောင်း မှာပေါ့။ နောက်ကျရင် နောက်ကျတဲ့ဆိုးကျိုးက ရှိမှာပဲလေ။ သွားနှုတ်ချင်တဲ့ ရည်ရွယ်ချက်က နာတာကို ပျောက်ချင်တာလေ။ သွားမနှုတ်ဘဲ စနစ်မှန် ဂရုစိုက်မှုပေးလိုက်ရင် နာတာ ပျောက်သွားမှာပါပဲ။ အချိန်၊ အခြေအနေ၊ ဂရုစိုက်မှုတွေနဲ့ ဆိုင်တာပေါ့။

လူနာ ဟုတ်ပါပြီ ဆရာ။ ဒါဆို ကျွန်မသွားက နှုတ်ဖို့လိုပါသလား။

ဒေါက်တာနိုး အစ်မရဲ့သွားက မကြည့်ရသေးတော့ သေချာမပြောနိုင်ပေ မဲ့ သာမန်အနေအထားအရတော့ နှုတ်စရာမလိုပါဘူး။ သွား နှုတ်သင့်တဲ့ အခြေအနေအတွက် အသုံးမဝင်တဲ့သွား၊ ရောဂါရှိနေတဲ့သွား၊



လွန်စွာလှုပ်နေတဲ့သွား၊ အမြစ်ကျန်သွား(သုံးမရတဲ့ အခြေအနေ)၊ ပြင်ဖို့ ရည် ရွယ်ချက်ရှိတဲ့ သွား(သွားညှိရန်)၊ ပိုနေတဲ့သွားတွေဆိုရင်တော့ နှုတ်ရမှာပေါ့။ အခု အစ်မသွားက ရှေ့သွားဆိုတော့ အသုံးဝင်တဲ့သွားထဲမှာ ပါနေတယ်။ နှုတ်လိုက်ရင် ရမယ့်ကောင်းကျိုးထက် ဆိုးကျိုးက များပါတယ်။ မနှုတ်ခဲ့ရင် ပိုပြီး အကျိုးခံစားရမှာ။ ဒါကြောင့် မနှုတ်စေချင်ပါဘူး။

လူနာ ကျွန်မ သဘောပေါက်ပါပြီ။ ဒါဆို ကျွန်မ ဆေးပဲကုပါတော့ မယ်။

ဒေါက်တာနိုး ဟုတ်ကဲ့၊ ကောင်းပါတယ်ခင်ဗျာ။

ကျဉ်နာခြင်းမရှိဖို့ ကြင်နာမှုလေးပေးပါ

'ကျဉ်နာခြင်း'၊ 'ကြင်နာခြင်း'

ဒေါက်တာနိုး အသံထွက်ပြီး ရေရွတ်မိလိုက်သည်။ ကြားရသော အသံက တူနေပါသည်။ ထိုအချိန်မှာပဲ မောင်အဝှာက အသံကိုကြားမိ စပ်စုပါတော့သည်။

မောင်အဝှာ ဆရာ ...၊ ဘယ်သူ့ကို ကြင်နာဖို့ စဉ်းစားနေတာလဲ။ ဆရာတော့ ကြင်နာစရာတွေ ရှိနေပြီနဲ့တူတယ်။

ဒေါက်တာနိုး ဟေ့ကောင် ...၊ ပေါက်ကရတွေ ပြောမနေနဲ့။ ငါ့စိတ်ထဲမှာ အသံတူပြီး အဓိပ္ပာယ်တွေ ကွဲလွဲနေတာကို စဉ်းစားမိလို့။ အဓိပ္ပာယ်ကွဲလွဲတဲ့အပြင် အသုံးချတတ်ရင် အသုံးဝင်တာကို သတိထားမိလို့။

မောင်အဝှာ ဘယ်လို အသုံးဝင်တာလဲ။

ဒေါက်တာနိုး သွားဆရာဝန်ဆိုတော့ သွားနဲ့ဆက်စပ်ပြီး စဉ်းစားမိတာပါ။

မောင်အဝှာ ဆိုပါဦး ဆရာ။

ဒေါက်တာနိုး လူတွေရဲ့သွားတွေဟာ ခန္ဓာကိုယ်မှာ အမာဆုံးကွ။ လူကို မီးရှို့ရင်တောင် သွားက နောက်ဆုံးကျမှ မီးကျွမ်းတာ။ ဒီလောက် မာတဲ့သွားဟာ နှလုံးသားလေးလိုပဲ ခံစားချက်ရှိတယ်။

မောင်အဝှာ လုပ်ပြန်ပြီ၊ ဆရာက နည်းနည်းတော့ပိုတယ်။ သွားမှာလည်း နှလုံးသားနဲ့လို့ ဆိုချင်တာပေါ့။

ဒေါက်တာနိုး အေး ...၊ သွားဟာ ခံစားချက်ရှိတယ်ကွ။ သွားဟာလည်း အသက်နဲ့ပဲ။ သွားအသက်ရှိနေရင် သွားမှာ ခံစားချက်ရှိတယ်။

မောင်အဝှာ ကျွန်တော်ကတော့ ခုထိ မရှင်းသေးဘူး။

ဒေါက်တာနိုး **ကျဉ်နာ**ခြင်းမရှိဖို့ **ကြင်နာ**မှုလေး ပေးပါတဲ့။ သွားပိုးစားရောဂါကိုပဲ လွယ်လွယ်လေးပြောမယ်ကွာ။ သွားပိုးစားရောဂါ ဖြစ်စဉ်

မှာ ကြွေသွားလွှာရဲ့အောက်မှာ ရှိနေတဲ့ ဆင်စွယ်နှစ်လွှာကို သွားပိုးပေါက်ရောက်သွားပြီဆိုရင် **ကျဉ်**တာတွေ ခံစားလာရပြီကွ။ နောက်ပြီး သွားပိုးစားလို့ မဟုတ်ခဲ့ရင်တောင်မှ သွားကိုက်တာတို့၊ သွားချင်းပွတ်တာတို့၊ အမာစားတာ၊ အချဉ်စားတာတွေဟာလည်း သွားကို **ကျဉ်**စေတာပဲ။ ဒီတော့ သွားဟာ ပထမဆုံး အပေါက်ဖြစ်လာပြီဆိုရင် ကျဉ်တာက စခံစားလာရတာပဲလေ။

မောင်အဝှာ ဒါတော့ နားလည်ပြီဆရာ။

ဒေါက်တာနိုး အေး ...၊ ဒီကနေ နောက်တစ်ဆင့် ကျဉ်တာကကျော်ပြီး အောက်ဆုံး အသားနုလွှာကို ရောက်လာရင်တော့ **နာ**လာပြီ။ ဒီတော့ သွားဟာ ကျဉ်ပြီးရင် နာလာတော့မှာနော်။ နာတာကို ပိုခံစားရတယ်လေ။ ကျဉ်နာလို့ လွယ်လွယ်မှတ်ကြည့်လိုက်ကွာ။ ဟုတ်ပြီလား။

မောင်အဝှာ ဒီအထိတော့ ရှင်းတယ် ဆရာ။ ဒါပေမဲ့ ကျဉ်နာတာနဲ့ ကြင်နာမှု ပေးပါဆိုတာ ဘာဆိုင်လို့လဲ။

ဒေါက်တာနိုး ကြင်နာမှုပေးတယ်ဆိုတာ တကယ်တော့ ဂရုစိုက်မှုပေးတာပဲ။ နောက်ပြီး ကြမ်းတမ်းတဲ့အားအင် မသုံးဘဲနေတာလည်း ကြင်နာတာပဲလေ။ ဒီတော့ **သွားကို ကြမ်းကြမ်းတမ်းတမ်း မတိုက်ဘဲ စနစ်မှန် သွားတိုက်နည်း သုံးတာတွေ၊ စနစ်မှန် သွားအသုံးပြုမှုတွေဖြစ်တဲ့ ကွမ်းမစားတာ၊ အချဉ်မစားတာတွေကို ပြောတာပါ။ တချို့ဆိုရင် မီးသွေးခဲတွေ၊ ဆားခဲတွေနဲ့ တိုက်ကြတယ်။ ဒါတွေဟာ သွားကိုပျက်စီးစေတဲ့ အကြောင်းတရားပဲကွ။** ဒီလို ကြမ်းတမ်းတဲ့ အပြုအမူမရှိခဲ့ရင် သွားက ကောင်းမယ်။ ကျဉ်နာမှုတွေ မခံစားရတော့ဘူး။ ဒီတော့ ပြန်ပြောရရင် ကျဉ်နာမှုမရှိရအောင် ကြင်နာမှုလေး ပေးရမှာက ခန္ဓာကိုယ်ရဲ့ ပါးစပ်ထဲက သွားလေးကိုပေါ့။ ဒါဆိုရှင်းပြီလား။

မောင်အဝှာ ဆရာကလည်း ကြိုကြိုဖန်ဖန် ပြောတတ်တယ်။ သွားတစ်ချောင်းကိုများ ဇာချဲ့နေလိုက်တာ။ 'သွားကို စနစ်တကျတိုက်ပါ' ဆိုတော်ပြီပေါ့။ ဘယ်လိုပဲပြောပြော ဆရာရယ်။ ကျွန်တော့်အတွက်တော့ မှတ်ရလွယ်သွားပြီ။ ဘာတဲ့ ...၊ 'ကျဉ်နာခြင်းမရှိဖို့ ကြင်နာမှုလေးပေးပါ'။

အချဉ်စားလျှင် ငုံမထားသင့်ပါ

'အချဉ်မကြိုက် လူမိုက်၊ ငါးကြော်မကြိုက် ကြောင်မိုက်'

မောင်အတွာတစ်ယောက် ရွတ်ဆိုနေသည်ကို ဒေါက်တာနီးက စပ်စုပါတော့သည်။

ဒေါက်တာနီး ဘာတွေ ရွတ်နေတာလဲ။

မောင်အတွာ ဘာမှမဟုတ်ပါဘူး။ 'အချဉ်မကြိုက်ရင် လူမိုက်'လို့ ပြောတော့ အချဉ်ကိုကြိုက်အောင် ပြောနေသလိုပဲ။ ကျွန်တော်ဆို အချဉ်ကြိုက်လို့ ငုံကိုထားတာ။

ဒေါက်တာနီး အချဉ်ကို ငုံထားတယ်၊ ဟုတ်လား။

မောင်အတွာ ဟုတ်တယ်လေ။ အချဉ်စားရင် သွားကောင်းတယ်လို့ ပြောကြတာကို။

ဒေါက်တာနီး ငါမပြောပါဘူးကွာ။ အချဉ်စားတာ သွားကိုပျက်စီးစေတယ်။ တကယ်တမ်းကျ အချဉ်ဆိုတာ အက်ဆစ်တွေပဲ။ အက်ဆစ်ဓာတ်များတဲ့ အစားအစာက အရမ်းမာတဲ့ သွားကို ပျက်စီးစေနိုင်တယ်။ နောက်တစ်မျိုး ပြောရရင် ကြွေပါးစေတယ်။ ကြွေပါးလာရင် သွားတိုလာတယ်၊ သွားတွေ ကျဉ်လာတယ်လေ။ သွားကြွေပါးတာ မကောင်းဘူး။ ဒါကြောင့် အချဉ်စားချင်ရင် စားလို့ရပေမဲ့ ငုံမထားသင့်ဘူး။

မောင်အတွာ ဒါဆို အချဉ်ကို ဘယ်လိုစားရမလဲ ဆရာ။

ဒေါက်တာနီး အချဉ်ဆိုတာ၊ ဥပမာ ဖျော်ရည်ဆိုရင် ဖွန်းနဲ့သောက်တာ၊ ခွက်နဲ့ တော့သောက်တာထက်စာရင် ပိုက်နဲ့စုပ်သောက်ရမယ်။ သံပုရာရည်၊ ရှောက်ချီရည်၊ အအေးပုလင်းတွေဟာ ပိုက်နဲ့စုပ်သောက်ရမှာ။ ချဉ်နေတဲ့ အစားအစာတွေကို သွားပေါ်မှာ ကြာကြာတင်ထားပြီး မျိုမချဘဲ ငုံထားတာလည်း မလုပ်ရဘူး။

မောင်အတွာ ကျွန်တော်တော့ ဒီအတိုင်း စားလာတာ နှစ်နဲ့ချီနေပါပြီ။ ဘာမှမဖြစ်ပါဘူး။

ဒေါက်တာနီး အခု အပင်စိုက်၊ အခု အသီးသီးမျိုး မဟုတ်ဘူးကွ။ ကြာမှဖြစ်လာမှာ။ တစ်နေ့ နည်းနည်းနဲ့ ကြွေကို စားစားသွားတာ။ တစ်ကြိမ်စား၊ တစ်ကြိမ်ဖြစ်တာ မဟုတ်ဘူး။ နောင်မှသိတဲ့ရောဂါဖြစ်လို့ ကုလို့လည်း ခက်တယ်။

မောင်အတွာ ကုလို့ခက်တဲ့ သွားရောဂါလို့ ရှိသေးသလား ဆရာ။

ဒေါက်တာနီး သွားပေါက်ရှိနေရင် ဖာလို့ရတယ်။ အက်ဆစ်စားသွားတာက ပေါက်သွားတာ မဟုတ်ဘူး။ သွားတွေရဲ့ အရွယ်အစားကို သေးသွားစေတာ၊ တိုသွားစေတာ။ အချဉ်မစားနဲ့လို့ မပြောပါဘူး။ ဒါပေမဲ့ ကြာကြာငုံမထားနဲ့။ ဒါဆိုရင် သွားကို အက်ဆက်မထိတော့ဘူးပေါ့။ အရည်ဆိုပိုက်နဲ့စုပ်သောက်သင့်တယ်။ ဥပမာ မရန်းသီး၊ ရှောက်သီးတို့ကို စုပ်ပြီး မစားသင့်ဘူး။ ဒီတော့ မှတ်ရလွယ်အောင် ပြောရရင်တော့ **အချဉ်ကိုစားရင် ပါးစပ်ထဲမှာ ကြာကြာမရှိစေပါနဲ့**ပေါ့ကွာ။

မောင်အတွာ နားလည်ပြီ ဆရာ။ ကျင့်ကြည့်ပါဦးမယ်။ အချဉ်ကြိုက်တော့ ငုံစားရတာကို ခံတွင်းတွေ့နေတယ် ဆရာ။

ဒေါက်တာနီး ဒီလိုပဲပေါ့ကွာ။ အစတော့ ခက်တာပေါ့။ နောက်တော့ လွယ်သွားပါလိမ့်မယ်။

ကြီးကြီးသေးသေး စေ့နေရင် လှတာပဲ

'Something is better than nothing.'ဆိုတာ ရှိနေတာဟာ မရှိတာထက် ပိုပြီးကောင်းတယ်တဲ့။ တချို့ကပြောတော့ ရှိနေရင် ပူရတာပဲတဲ့။ မရှိရင် ဘာမှမပူရဘူး။ မရှိခြင်းကိုလည်း လူတွေက လိုသလို လှည့်တွေးပြီး အကောင်းမြင်ကြတာပါပဲလေ။

ဒေါက်တာနီး အတွေးထဲမျောပါနေချိန်မှာ မောင်အဝှာက စကား လှမ်းပြောပါတော့သည်။

မောင်အဝှာ ဆရာ လူတစ်ယောက်က စကားပြောချင်လို့တဲ့။

ဒေါက်တာနီး အေးကွာ၊ လာခဲ့မယ်။

လူငယ်လေးမှာ အသက် ၂၀ ဝန်းကျင်ခန့်သာ ရှိလိမ့်ဦးမည်။

လူငယ် မင်္ဂလာပါ ဆရာ။ ကျွန်တော် ဆရာ့ကိုမေးပြီး တိုင်ပင်စရာလေး ရှိလို့ပါ။

ဒေါက်တာနီး အင်း ...၊ ဆိုစမ်းပါဦး။ ဘာများ ကူညီပေးရမလဲ။

ထိုအခါ လူငယ်ကလေးက သူ၏ရှေ့သွားကို လက်ညှိုးနှင့် ထိုးပြပါသည်။

လူငယ် ကျွန်တော် အဆိုတော် လုပ်ချင်လို့ပါ။ သူငယ်ချင်းတွေက ကျွန်တော့်ကို ဒီသွားလေးကို ပြင်လိုက်ပါလား ပြောလို့ပါ။ ရှေ့မှာ နည်းနည်းလေး ကျဲနေလို့ပါ။ ကျွန်တော် ပီဒီယိုရိုက်ဖို့ ရှိနေပါတယ်။ အချိန်ကလည်း မပေးနိုင်တော့ပါဘူး။ ရက်ချိန်း ယူထားပြီးပါပြီ အဲဒါ ဘယ်လို လုပ်ရင် ကောင်းမလဲလို့ပါ ဆရာ။

ဒေါက်တာနီး ဩော် ...၊ ဒီလိုလား။ ဒီ သွားကျဲတာကို ပြုပြင်ချင်တဲ့ အကြောင်းတွေက ပထမတစ်ချက်က **မျက်နှာကို လှချင်လို့၊** ဒုတိယတစ်ချက်က **စကားပြောရင် လေထွက်နေလို့၊** တတိယတစ်ချက်ကတော့

စီးပွားရေးလုပ်နေတဲ့သူတွေမှာ ကံမကောင်းဘူး၊ လာဘ်မရှိဘူးလို့ အယုံအကြည် ရှိလို့၊ စတုတ္ထတစ်ချက်ကတော့ **အိမ်ထောင်ရေး၊ အချစ်ရေးမှာ ကံမကောင်းဘူးလို့ ယူဆနေကြလို့**ပဲ။ ဒီတော့ မင်းအနေနဲ့ကတော့ ပီဒီယို ရိုက်ဖို့ဆိုတော့ လှချင်လို့ပဲပေါ့။

လူငယ် ဟုတ်ပါတယ် ဆရာ။ ဒီ ကျဲနေတာက ကျွန်တော့်မျက်နှာကို ရုပ်ပျက်စေတယ်လို့ ထင်မိလို့ပါ။

ဒေါက်တာနီး သွားကျဲတာကို စေ့သွားအောင် ပြင်ရမှာပါပဲ။ သွားတွေကြားက ကွက်လပ်ကို ဖြည့်ပြီးရင်လည်း စောစော မဆုံးရှုံးရအောင် အမာကိုက်တာတွေ ရှောင်ရမယ်။ သွားကို စနစ်မှန်၊ အချိန်မှန် တိုက်ပေးရမယ်။ သွားမတိုက်ခဲ့ရင်တော့ အတုက အရောင်ပြောင်းလာနိုင်တယ်လေ။ ဒီတော့ အတုနဲ့ အစစ်ကြားက ကွဲပြားနေတဲ့အရောင်လေး ပိုပြီးပေါ်လာနိုင်တယ်။ အလှကို ဖျက်တာပေါ့။ ဒီတော့ ဆောင်ရန်၊ ရှောင်ရန် ဆိုတာလည်း ခက်ခဲတဲ့ အရာ မဟုတ်ပါဘူး။ လုပ်ဖို့ပဲ လိုပါတယ်။ လုပ်ပြီးလို့ စေ့သွားရင်တော့ လှသွားမှာပဲဆိုတာ မှတ်လိုက်ပါ။

လူငယ် ဟုတ်ကဲ့။ ကျွန်တော် အမေ့ကို ပြောပြလိုက်ပါဦးမယ်။



ဒေါက်တာနိုး ဟုတ်ကဲ့။ ဒီလိုပဲ ထင်မြင်နေကြပါတယ်။ တချို့က ဆရာဝန်ကြောင့် ပိုဆိုးတယ်လို့တောင် ပြောတာ ကြားဖူးပါတယ်။ သံသယဝင်မယ်ဆိုရင်လည်း ဝင်ချင်စရာပါပဲ။ သွားပိုးစားတဲ့ ဖြစ်စဉ်ကိုက ကြိတ်ဝါးတဲ့ သွားမျက်နှာပြင်တွေပေါ်မှာ ဖြစ်တာပါ။ တြိဂံပုံစံလို ပိုးစားတာ ဖြစ်ပါတယ်။ တြိဂံပုံစံဆိုတာက အောက်ခြေက ကျယ်ပြီး ထိပ်ဝက ကျဉ်းနေတယ်လေ။ ဒီတော့ သွားပိုးစားပေါက်ကို ကြည့်မယ်ဆိုရင် မျက်စိထဲမှာ မြင်ရတာကတော့ သေးသေး ကျဉ်းကျဉ်းလေးပေါ့။ **အောက်ခြေပိုင်းမှာ ဟပြီး ကျယ်နေတာကို အပေါ်ယံမျက်စိနဲ့ မမြင်ရပါဘူး။ သွားဖာမယ်ဆိုရင် သွားပိုးစားပေါက်ကို သန့်စင်အောင် လုပ်ရတာရယ်၊ သွားဖာတာကို အဆင်ပြေဖို့ အတွက်ရယ်ကြောင့် ပိုးစားနေတဲ့ အစိတ်အပိုင်းတွေကို ခြစ်ထုတ်ပစ်ရပါတယ်။ ဒါကြောင့် နဂိုမြင်ရတဲ့ အစိတ်အပိုင်းထက် နည်းနည်းကျယ်သွားတယ်လို့ ထင်ရတာပါ။**

ညီသည် ဪ ... ဒါကြောင့်ကိုး။

ဒေါက်တာနိုး သွားပေါက်က ပိုးစားတာ သိပ်မများသေးဘူးဆိုရင် သေးသေးလေး ရှိမှာပါ။ သွားပိုးစားပေါက်က ကြီးနေရင်တော့ ကျယ်တော့မှာပေါ့နော်။ ဒီတော့ လူနာတွေဘက်က ကြည့်ရင် ကောင်းနေတဲ့သွားက ဆရာဝန်ကြောင့် ပိုကျယ်သွားတယ်လို့ အထင်မှားသွားတာပါ။

ညီသည် နားလည်ပါပြီ ဆရာရယ်။ အပေါက်က ကြီးနေရင်တော့ ကျယ်မှာပဲဆိုတာ သိပါပြီ။

ကြီးရင်တော့ ကျယ်မှာပဲ

ဒေါက်တာနိုးသည် အတိတ်က လုပ်ရပ်များ၊ အတွေးအခေါ်များနှင့် အယူအဆတွေအကြောင်း တွေးနေရင်း သွားဆရာဝန်ပီပီ သွားအကြောင်း ရောက်သွားသည်။ ထိုအချိန်မှာပင် တပည့်ဖြစ်သူ မောင်အဝှာက လှမ်းခေါ်ပါတော့သည်။

မောင်အဝှာ ဆရာ ...၊ ညည့်သည်တစ်ယောက်က ဆရာနဲ့ စကားပြောချင်လို့တဲ့။

ဒေါက်တာနိုး ဘာလုပ်ချင်လို့လဲ မေးကြည့်လိုက်လေ။

မောင်အဝှာ မသိဘူး ဆရာ။ စကား အရင်ပြောချင်တာတဲ့။

ဒေါက်တာနိုးလည်း တွေးလက်စအတွေးများ ပျက်သွားပြီး ညည့်သည်ဆိုသူကို စကားပြောရန် ထွက်လာပါတော့သည်။ ထိုင်ခုံပေါ်တွင် ထိုင်နေသော အမျိုးသမီးက ဒေါက်တာနိုးကိုတွေ့သည်နှင့် မတ်တတ်ရပ်ပြီး နှုတ်ဆက်ပါတော့သည်။

ညည့်သည် မင်္ဂလာပါ ဆရာ။ ကျွန်မနာမည်က ဒေါ်မြင့်မြင့်အေးပါ။ ကျွန်မ သိချင်တာလေးရှိလို့ လာခဲ့တာပါ။ ဆရာ အချိန်ရမယ်ဆိုရင် မေးပါရစေ။

ဒေါက်တာနိုး ဪ ... ဟုတ်ကဲ့ပါ၊ ပြောပါ။ ကျွန်တော် သိသမျှတော့ ချက်ချင်း ဖြေမှာပါ။

ညည့်သည် သွားပိုးစားပေါက်တွေကို ဖာလိုက်ရင် ဆရာဝန်ကြောင့် ပိုကျယ်သွားတယ်လို့ ကြားဖူးပါတယ်။ သွားပိုးစားနေရင် သွားမဖာနဲ့လို့ ကျွန်မသူငယ်ချင်း တစ်ယောက်ကလည်း ပြောလို့ပါ။

ဒေါက်တာနိုးလည်း ပြုံးမိပါသည်။ ဒေါက်တာနိုးအတွက် ဒီလိုမေးခွန်းက အဆန်းမဟုတ်တော့ပါ။ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော အယူအဆမှားများဖြစ်နေပါသည်။

သွားတစ်ချောင်း၏ တန်ဖိုး

မောင်အတွာ ဆရာ . . . ၊ သတင်းစာထဲမှာ သွားတုတန်ဖိုးကို ရေးထားတာ တွေ့လိုက်လား။ ဗြိတိန်ဝန်ကြီးချုပ်ရဲ့ အံကပ်သွားဟာ ဒေါ်လာ ၂၄,၅၀၀ တောင် လေလံတင်ဝင်ငွေရတယ်တဲ့။ အဲဒါ ဟုတ်ပါ့မလား။

ဒေါက်တာနီး ဟုတ်တယ်ကွ။ သူတို့က ပစ္စည်းစုတဲ့နေရာမှာ ခရေဇီ (Crazy) တွေပဲ။ ရှားပါးပစ္စည်း၊ ရှေးဟောင်းပစ္စည်း၊ နာမည်ကြီးသူတွေရဲ့ အသုံးအဆောင်ပစ္စည်းနဲ့ အမှတ်တရပစ္စည်းတွေကို စုဆောင်းတတ်သူတွေရှိတယ်။ ဗြိတိန်ဝန်ကြီးချုပ်ရဲ့ နာမည်က ဝင်စတန်ချာချီတဲ့။ သူက အံကပ်ကို အကျိုလို ထည်လဲသုံးတာ။ သွားမကောင်းလို့ စကားပြောတဲ့အခါ အသံထွက်မပီသဘူးလေ။ တကယ်လို့များ စကားပီပီသသ ပြောလာရင်တော့ ချာချီမဟုတ်တော့ဘူး ဖြစ်သွားတယ်။ နည်းပညာကလည်း မကောင်းတော့ အံကပ်က အဆင်မပြေလို့ ဖြစ်မှာပေါ့။

မောင်အတွာ ဒါဆို ကြာပြီပေါ့။

ဒေါက်တာနီး အေးပေါ့။ စစ်အတွင်းမှာ ရေဒီယိုအသံလွှင့်တဲ့အခါ မပီကလာ ပီကလာ ဝန်ကြီးချုပ်မိန့်ခွန်းဟာ ပေါ်ပြူလာတောင် ဖြစ်တယ်ဆိုပဲ။

မောင်အတွာ ဒါဆို ဒီအံကပ်က ဘယ်လိုလုပ်ပြီး ကျန်ခဲ့တာလဲ။

ဒေါက်တာနီး ဒီအံကပ်ကိုလုပ်ပေးတဲ့ သွားတုပညာရှင်ရဲ့သား လက်ထဲမှာ ကျန်ခဲ့တာလေ။ အပေါ်အံကပ်ပေါ့။ အောက်အံကပ်ကတော့ သေဆုံးတဲ့အချိန်မှာ ခန္ဓာကိုယ်နဲ့အတူ ပါသွားတယ်။ အဲဒီ အပေါ်အံကပ်ကို သွားတုပညာရှင်ရဲ့သားက လေလံတင်ပြီး ရောင်းတာပါ။

မောင်အတွာ ဒီလိုဖြစ်သွားတာ သွားလောကမှာ တုန်လှုပ်သွားတယ်။ ဒီလောက်တောင် ပေးရသလားပေါ့။ သွားတုက တော်တော် တန်ဖိုးရှိတာပေါ့။

ဒေါက်တာနီး ဒါပေါ့ကွာ။ သွားတုဟာ လူမသိတဲ့ လျှို့ဝှက်ချက်ရှိတဲ့ တန်ဖိုးတစ်ခုပါ။ ဒါကြောင့် အခုချိန်အထိ သွားတုရဲ့ တန်ဖိုးဟာ အကန့်အသတ်မရှိ တန်ဖိုးကြီးနေတာပေါ့။

မောင်အတွာ ဩော် . . . ဒါကြောင့်ကိုး။

နောက်ဆုံးပေါ် ဒုက္ခပေးတယ်

မောင်အတွာ ဆရာ့ကို ကျွန်တော် မေးစရာရှိတယ်။ ကျွန်တော့်ညီ သွားတွေ အားလုံးကောင်းပြီး ပါးကြီးရောင်လာလို့ပါ။

ဒေါက်တာနီး ဒါဆို အသက် အရင်ပြော ...။

မောင်အတွာ ၁၉ နှစ်ပါ။ ညက သူ ထမင်းတောင် မစားနိုင်ပါဘူး။

ဒေါက်တာနီး ဟုတ်တယ်။ 'နောက်ဆုံးမှပေါ် ဒုက္ခပေးတယ်နော်' ဆိုတာ အဲဆုံးသွားကို ပြောတာပဲ။

မောင်အတွာ ဆရာကလည်း တချို့ အံဆုံးပေါက်ပေမဲ့ နာတယ်လို့ ပြောသံ မကြားရပါဘူး။

ဒေါက်တာနီး လူတိုင်း ပါးစပ်ထဲမှာ အံဆုံးတော့ ပေါက်ကြတာပဲ။ ဒါပေမဲ့ ပေါက်တဲ့ပုံစံချင်းက မတူကြဘူး။ ဒီလို သွားပေါက်တဲ့ပုံစံ မတူတဲ့အထဲ သွားကို သန့်စင်မှုလုပ်တာ၊ မလုပ်တာ ရှိသေးတယ်လေ။ မတူတဲ့အတွက် ဖြစ်ပုံချင်းလည်း တူမှာမဟုတ်ဘူး။

မောင်အတွာ ဒါနဲ့ ဆရာက ဘာလို့ အသက်မေးရတာလဲ။

ဒေါက်တာနီး သွားနဲ့ပတ်သက်လို့ ဘာမှပြဿနာမရှိဘူးဆိုရင် လူငယ်အရွယ် ရောက်ပြီဆိုရင် အံဆုံးက ဒုက္ခပေးတတ်တာကိုး။ အံဆုံးက ၁၈ နှစ်နောက်ပိုင်း ပေါက်တာလေ။ ပြီးတော့ ဒီအရွယ်က တက္ကသိုလ် ပညာသင်အရွယ်ဖြစ်လို့ ပညာရှိသွားလို့လည်း ခေါ်ကြတယ်လေ။

မောင်အတွာ ဒါဆို အံဆုံးက ပေါက်လာတဲ့အခါ ဘာလို့ ဒုက္ခပေးရတာလဲ ဆရာ။

ဒေါက်တာနီး အံဆုံးပေါက်တဲ့နေရာက ကျဉ်းကျဉ်းလေး။ အဲဒီနေရာမှာ သွား ပေါက်ပြီဆိုရင် စောင်းစောင်းကလေး ပေါက်တတ်ကြတယ်။ နောက်ပြီး သွားတိုက်ရင်လည်း သွားတိုက်တံ မရောက်တတ်ဘူး။ အစာစား

ရင်လည်း အစာတွေ ကပ်နေတတ်တယ်။ ဒီလို အခြေအနေမျိုး ဆိုတော့ ပြဿနာဖြစ်ပြီပေါ့။

မောင်အတွာ ဆရာပြောပုံဆိုရင် သွားသန့်စင်ရင် မဖြစ်ဘူးပေါ့။

ဒေါက်တာနီး အေးပေါ့ကွာ။ အံဆုံးသွားကလည်း ရှေ့က သွားတွေလိုပဲပေါ့။ သန့်အောင် ထားနေသရွေ့ ဘာမှမဖြစ်နိုင်ဘူးပေါ့။ ဒါပေမဲ့ သန့်အောင်လုပ်ရတာ ခက်ခဲတော့လည်း အစာညပ်ပြီး ပိုးဝင်လွယ်တာပေါ့။ ပိုးဝင်တယ်ဆိုတာက သွားပိုး မဟုတ်ဘူးနော်။ သွားဖုံးရောင်စေတဲ့ ဘက်တီးရီးယားပိုး။

မောင်အတွာ ဒါဆို ပိုးမဝင်အောင် ဘာလုပ်ရမလဲ။

ဒေါက်တာနီး ခံတွင်းသန့်စင်အောင် ထားရမှာပေါ့။

မောင်အတွာ ဒါဆို ရပြီလား ဆရာ။

ဒေါက်တာနီး တစ်ခုတော့ ရှိတာပေါ့။ သွားဖွဲ့စည်းပုံက မခိုင်မာ၊ သွားက စောင်းပေါက်၊ နောက်ပြီး သန့်ရှင်းလို့မရဆိုရင်တော့ နုတ်ပစ်လိုက်တာ အကောင်းဆုံးပေါ့ကွာ။



မျက်လုံးနဲ့ သွားကောင်းလို့ စိတ်နဲ့ ခန္ဓာကိုယ် ကောင်းရတယ်

မောင်အတွာ ဆရာရေ ...၊ ဒီတစ်ခါတော့ ဆရာ ပြောနေကျထဲကပဲ ထပ်ပြီးမေးချင်တယ်။

ဒေါက်တာနီး ဘာ စကားဦးသန်းလာပြီလဲ။

မောင်အတွာ ဒီလိုပါ။ ဆရာပြောတဲ့ မျက်လုံးက စိတ်၊ သွားက ခန္ဓာကိုယ် ဆိုတဲ့အကြောင်းလေးပါ။ ဒါလေး ထပ်ပြီးကြားချင်ပါတယ်။

ဒေါက်တာနီး ဒါက ငါ့အကြိုက်ပဲကွာ။ မင်း စဉ်းစားကြည့်ကွာ။ မျက်လုံးက မြင်ရတာ မှန်သမျှ စိတ်မှာလိုက်ပြီး ခံစားရတာတွေ အများကြီးပဲ။ စိတ်မှာ ခံစားလာရတဲ့အခါလည်း ချက်ချင်းပဲ မျက်လုံးမှာ ဖော်ပြတာပဲလေ။ မျက်စိထဲမှာ ရယ်စရာဖြစ်လိုက်တဲ့အခါမှာ စိတ်ထဲမှာ အလိုလိုနေရင်း ပြုံးမိလာတယ်။ အဲ ... မျက်စိထဲမှာ မမြင်ရဘူးနော်။ ဒေါသထွက်တဲ့အခါကြည့်ပါလား။ မျက်ထောင့်ကြီးကို နီနေတာပဲ။ နောက်တစ်ခါ ဝမ်းနည်းစရာတွေကို တွေးမိလိုက်တဲ့အခါမှာလည်း မျက်လုံးက မျက်ရည်ကျလာတာပဲနော်။ ဝမ်းနည်းတဲ့အခါ ခြေထောက်တွေ၊ လက်တွေ လှုပ်ရှားမှုက မြင်ရတာမဟုတ်ဘူးနော်။ နောက်ပြီး လူတွေမှာ သွေးတွေကိုမြင်ရတဲ့အခါ မြင်မိတာနဲ့ အလိုလို နေရင်း ကြောက်လန့်ပြီး မေ့သွားတာတွေတောင် ရှိတယ်နော်။

မောင်အတွာ ဟုတ်တယ်ဆရာ။ မျက်စိကြောင့် ခံစားရတာပဲ။ ဒါကြောင့်နဲ့ တူတယ်။ လင်မယားတွေဆိုရင် မျက်စိမမြင်တဲ့ မိန်းမနဲ့ နားမကြားတဲ့ ယောကျ်ားဆိုရင် သိပ်ကောင်းတာပဲတဲ့။

ဒေါက်တာနီး အမယ် ...၊ တယ်ဟုတ်ပါလားကွ။ အဲဒါ ဘာကိုပြောတာလဲ။

မောင်အတွာ မိန်းမတွေက သူတို့ယောကျ်ားတွေရဲ့ မြင်ကွင်းကို ကြည့်ကြည့်လင်လင်ပဲ မြင်တွေ့ချင်ကြတာ။ ဘေးမှာ တခြားတစ်ယောက်

အမြင်မခံလိုကြပါဘူး။ ဒါကြောင့် မမြင်ရရင် ကောင်းနေတာပဲ။ အဲ ...၊ ယောကျ်ားတွေကျတော့လည်း မိန်းမတွေရဲ့ နားပူတိုက်တာ မခံနိုင်ကြဘူး။ ဒီတော့ နားမကြားတော့ အေးချမ်းတာပေါ့။

ဒေါက်တာနီး အေး ...၊ ဒါလည်း မှန်တာပဲ။ သွားကျတော့လည်း သွားနဲ့ ကြိတ်ဝါး စားထားသမျှတွေဟာ ပိုက်ထဲကိုရောက်ပြီး ပိုက်က ကျေနပ်နေတာပဲ။ ပိုက်ဆာလာရင် မနေတတ်ဘူးလေ။ ပါးစပ်ထဲက သွားတွေ မကြိတ်ဝါးနိုင်ရင် ပိုက်ထဲက ဆန္ဒပြပြီ။ ဗိုက်ဆန္ဒပြတာရဲ့ နောက်ဆက်တွဲက တော့ ငယ်တုန်းကတော့ လူတိုင်းရဲ့ အာသီသကို သဘာဝတရားက ပြည့်စုံအောင် ဖန်တီးပေးခဲ့တာကိုး။ ကြီးလာတော့ ဒါတွေ ချို့ယွင်းလာတော့ အာသီသကို ငွေနဲ့ဝယ်ယူရတယ်။ မျက်စိမကောင်းရင် မြင်ရအောင် မျက်မှန်သုံးလာရတယ်။ မျက်မှန်တပ်ရတဲ့သူလည်း သူ့ဒုက္ခနဲ့ သူပဲ။ အေး ...၊ အဲဒီလိုပဲ။ သွားလည်း မရှိခဲ့ရင် ငွေနဲ့ဝယ်ပြီး သွားတုသုံးတာပဲ။ သွားတုလည်း သွားတုဒုက္ခနဲ့ပဲကွ။ ဒီအာသီသတွေ ပြန်မရဘူးလေ။

မောင်အတွာ ဆရာ ...၊ ဒါတော့ ကြိုက်သွားပြီ။ လက်ခံတယ် ဆရာ။ ဒါကြောင့် မျက်စိနဲ့ စိတ်၊ သွားနဲ့ ခန္ဓာကိုယ်လို့ ပြောတာကိုး။

ဒေါက်တာနီး အေးပေါ့။ ဒါကြောင့် ကိုယ်ရဲ့ကျန်းမာခြင်း၊ စိတ်ရဲ့ ချမ်းသာခြင်းတဲ့။ ကိုယ်နဲ့ စိတ် ကောင်းဖို့ မျက်စိနဲ့ သွား ကောင်းဖို့ လိုတာပေါ့။

မောင်အတွာ ဆရာ ဒီလိုတော့ တစ်ဖက်သတ်မပြောနဲ့။ ကျန်တဲ့ နှလုံး၊ ဦးနှောက်၊ အသည်းတို့ကော ရှိသေးတယ်လေ။

ဒေါက်တာနီး မှန်တာပေါ့။ ဒါကြောင့် ဒီအစိတ်အပိုင်းတွေကျတော့ Vital Organ(အရေးကြီးတဲ့ အစိတ်အပိုင်း) အနေနဲ့ သတ်မှတ်ကြတာပေါ့။ မရှိမဖြစ်လေ။ ဒါတွေကောင်းနေလို့ အသက်ရှိတာ။ အသက်ရှိပြီးမှ၊ သွားနဲ့ မျက်စိကောင်းမှ ခံစားရမှာလေ။ အသက်မှမရှိတော့ စဉ်းစားစရာ မလိုဘူးပေါ့။

မောင်အတွာ ဒါတော့ ဒါပေါ့ အာစရိရယ်။

ဒေါက်တာနီး ခန္ဓာကိုယ် ပိန်လှီလာတယ်။ အာဟာရ ချို့တဲ့လာတယ်။ မကျန်းမာတော့ဘူးပေါ့။ ပါးစပ်ထဲက သွားနဲ့ ကြိတ်ဝါးတာကို အလိုလိုက်နေသရွေ့တော့ ခန္ဓာကိုယ်က ပြောင်းလဲနေတာပဲ။ စားရင် စားသလို၊ မစားရင် မစားသလိုဖြစ်တာ ခန္ဓာကိုယ်ပဲ။ အဲ ... ပါးစပ်ဆိုပေမဲ့ တကယ်လို့ သွားမရှိတော့တဲ့ အနေအထားနဲ့ စဉ်းစားကြည့်ပါလား။ ဝါးချင်တဲ့ အာသီသပဲ ရှိတာ။ မဝါးရတော့ စိတ်အာသာမပြေဘူးပေါ့။ နေရတာ တစ်ခုခုလိုနေသလို၊

စားရတာ အားမရသလို ဖြစ်လာတယ်။ ဒီတော့ သွားကောင်းဖို့ လိုလာတာပေါ့။ သွားကြောင့် ခန္ဓာကိုယ်ကောင်းတာပေါ့။

မောင်အတွာ ဟုတ်တယ် ဆရာရေ . . . ။ ကျွန်တော့်အိမ်နားက အန်တီကြီးက ကျွန်တော့်ကို ပြောတယ်။ သူက မစားရ မသောက်ရလို့ ပိန်လာတယ်တဲ့။ ပိန်လို့ ဆရာဝန်ကိုပြောတော့ ရောဂါမရှိဘူးတဲ့။ အစာစားဖို့ပဲ လိုတယ်။ ပြဿနာမဟုတ်တဲ့ ပြဿနာပဲနော်။

ဒေါက်တာနီး ဒါပဲကွာ အာသီသဆိုတာ။ အာသီသဆိုတာ ဝယ်လို့မရနိုင်ဘူး။ ဖန်တီးလို့မရဘူး။ အချိန်နဲ့ အတိုင်းအတာတစ်ခုအတွင်းမှာပဲ ရတယ်။

သွားနုတ်ခြင်း

မောင်အတွာ ဆရာရေ . . . ၊ ဒီတစ်ခါ သွားနုတ်တာတွေ ပြောပြပါဦး။ သွားမနုတ်မိအကြောင်းတော့ ကျွန်တော် သဘောပေါက်ပြီ။ သွားနုတ်တာနဲ့ ပတ်သက်လို့ ဘာတွေများ ရှိသေးလဲပေါ့။

ဒေါက်တာနီး သွားနုတ်တာက ယေဘုယျ နှိုင်းပြောရရင်တော့ သစ်ပင်ကို နုတ်ယူရသလိုပါပဲလေ။ အဲ . . . မြက်ပင်လို အပင်က အမြစ်က မြေကြီးထဲမှာ တွယ်ကပ်နေတာ သိပ်မရှိတော့ ဒီအတိုင်းလေး ဆွဲနုတ်လိုက်ရင် ရတာပဲ။ မြေကြီးထဲမှာ တွယ်ကပ်ပြီးရှိနေတဲ့ အပင်ဆိုရင် တူးဆွပြီးမှ သစ်ပင်ကို ဆွဲနုတ်ယူနိုင်တယ်။ ဒီလိုပဲ ကလေးသွားတို့၊ လူပ်နေတဲ့သွားတို့ ဆိုရင် တူးဆွစရာမလိုဘူးပေါ့။ မေရိုးထဲမှာ ခိုင်မြဲပြီး ခွနေတဲ့၊ ပူးတွဲနေတဲ့ သွားတွေဆိုရင် လွယ်လင့်တကူ မထွက်နိုင်ဘူး။ ခက်ခက်ခဲခဲ နုတ်ယူရတာပဲ။ ဒါကို လူနာက သိဖို့လိုအပ်တယ်။ ဒီသဘောတရားကို လူနာက လက်ခံမှ လူနာက သွားနုတ်တဲ့အခါ ငြိမ်နေတာလေ။ တကယ်လို့သာ ဒီလို မသိရှိခဲ့ရင် မနုတ်ရသေးဘဲ ကြောက်လို့အော်နေတာ၊ တွန့်နေတာဆိုရင် နုတ်မရဘူး။ ခက်သလောက် ခံရတာလေးတော့ ရှိတာပဲ။

မောင်အတွာ ခက်ခက်ခဲခဲဆိုတာ ဘာကိုပြောတာလဲ။ သွားအားလုံး မတူဘူးလား။

ဒေါက်တာနီး မတူဘူးလေ။ ဥပမာကွာ . . . ။ အံဆုံးသွား ဆိုပါစို့။ မေးရိုးက သေးသေး၊ ပါးစပ်ပေါက်က ကျဉ်းကျဉ်း၊ သွားက မေးရိုးထဲက ပေါ်မလာ၊ ဒါမှမဟုတ် စောင်းပြီးပေါက်နေ၊ မြင်က မမြင်ရ၊ ငြိမ်ငြိမ်က မနေနဲ့ဆိုတော့ ဒီလိုသွားမျိုးကို ဘယ်လိုနုတ်မလဲ။ မင်းပဲ စဉ်းစားကြည့်ကွာ။ စက်ပစ္စည်းတစ်ခုကို အမှောင်ထဲမှာ တပ်ဆင်ရမယ်။ လက်လှမ်းမမီတဲ့ နေရာလည်း ဖြစ်နေတယ်ဆိုရင် ဘယ်လောက် ခက်ခဲမလဲ။ လွယ်အောင်ရှိနေမှ လွယ်လွယ်

လေး ဖြစ်မှာကိုး။ အရာရာတိုင်းမှာ အခက်အခဲနဲ့ အလွယ်တကူဟာ တွဲရှိနေတာပဲ။

မောင်အတွာ ဟုတ်တယ် ဆရာ။ ဆရာပြောမှ သဘောပေါက်တော့တယ်။ ဟိုကလေးမလေး မိုးသူဇာပေါ့။ နှတ်မရဘူးဆိုတာ ကျွန်တော် မှတ်မိပြီ။ ဆရာက ခွဲခန်းမှာသွားပြီးနှတ်ဖို့ ပြောလိုက်ရတယ်။

ဒေါက်တာနိုး အေး ...၊ ဟုတ်တယ်။ ပုဆိန်နဲ့ ပေါက်ရမယ့်ဟာက ပုဆိန်နဲ့ပဲ ပေါက်၊ အပ်နဲ့ထွင်းရမှာကို အပ်နဲ့ထွင်းတာက စနစ်မှန်တာပဲ။ ဒီတော့ ဘေးထွက်ဆိုးကျိုးတွေ မရှိဘူးပေါ့။

မောင်အတွာ သွားနုတ်တဲ့အခါ သွားအားလုံး တစ်ပုံစံတည်း မဟုတ်ဘူးလား။

ဒေါက်တာနိုး ဘယ်တူမလဲကွာ။ ရှေ့သွားရဲ့ပုံစံနဲ့ အံသွားပုံစံကိုပဲ ကြည့်။ ရှေ့သွားက ပြားပြားလုံးလုံးလေးတွေ။ အံသွားက ထုကြီးတွေနဲ့။ ရှေ့သွားတွေက အမြစ်တစ်ချောင်းပဲ ရှိတယ်။ အောက်အံသွားတွေက အမြစ်နှစ်ချောင်းရှိတယ်။ ဟော ... အပေါ်အံသွားတွေကျတော့ အမြစ်က သုံးချောင်းတောင်။ အပေါ်ကနေ ပြုတ်ပြီးမကျအောင် သဘာဝတရားကကို သုံးချောင်း ထည့်ပေးထားတာ။ ဒီလို အမြစ်တွေများပြီး အမြစ်ကလည်း ကောက်ခွလည်းနေတယ် ဆိုရင်တော့ ဘယ်လိုလုပ်ပြီး လွယ်မလဲ။ အဲ ... ထူးထူးခြားခြား တချို့က အမြစ်လေးချောင်းတောင် ရှိသေးတယ်။

မောင်အတွာ မလွယ်ပါလားနော်။ ဒါဆို အမျိုးသမီးဆရာဝန်ဆို နှတ်နိုင်ပါ့မလား။

ဒေါက်တာနိုး နှတ်နိုင်တာပေါ့ကွာ။ သွားနှတ်တာ အားကို အားကိုးရတာမှ မဟုတ်တာ။ ပညာလည်း ပါသေးတယ်။ အဲ ... မင်းပြောသလို ယောကျ်ားလေးပဲ၊ ပျော့ပျော့လေး ဖြစ်နေရင်တော့ ယောကျ်ား သွားဆရာဝန်လည်း ဘယ်ရမလဲ။ သူ့နေရာနဲ့သူပေါ့။ ဒါကြောင့် သွားဆရာဝန်ဆိုတာ အမျိုးသားချည်းပဲ မဟုတ်ဘူးလေ။ အမျိုးသမီးတွေလည်း ပါတာပဲ။

မောင်အတွာ သွားနုတ်နေတုန်းမှာ လူနာက ဘာလုပ်ရမလဲ ဆရာ။

ဒေါက်တာနိုး လူနာကိုယ်တိုင်က ဒီလို သွားရဲ့ဖြစ်စဉ် သဘောတရားကို နားလည်ဖို့ လိုတယ်။ နာနိုင်တာကို မနာအောင် လုပ်ရမှာ။ သွားဆရာဝန်က လုပ်ပေးလိုက်မယ်။ အဲ ... မနာဘဲနဲ့ နာသလို ခန္ဓာကိုယ် ငြိမ်ငြိမ်မနေတာ၊ ပါးစပ်ဟမပေးတာ၊ အော်နေတာဟာ အချိန်ကို ကြာစေတယ်။ လုပ်ရတဲ့သူမှာ အခက်အခဲတွေ ရှိတယ်။ မြန်မြန်ပြီးချင်ရင် ငြိမ်ငြိမ်လေး နေပေးဖို့ပဲ။ လူနာပေါ်မှာလည်း မူတည်နေတယ်။ လူနာ မငြိမ်တဲ့သွားကို နုတ်လို့မရဘူး။ အနုတ်ခံရတဲ့သွားက တည်ငြိမ်နေမှ နုတ်ရတာ

လွယ်ကူသက်သာ မြန်စေတာ။ ဒါလေးပါပဲ။ ဒီလို အနုတ်မခံချင်ရင် သွားကို ပုံမှန်ဂရုစိုက်ပေါ့။ ဒီလိုမခံရအောင် သွားတိုက်တာပဲကွာ။

မောင်အတွာ လာပြန်ပြီ။ ဆရာကလည်း သွားတိုက်ဖို့ပဲ ပြောနေတာပဲ။ ကျွန်တော်ကတော့ ဆရာပြောတာနဲ့ ကြောက်ပါပြီ။ သွားပဲတိုက်တော့မယ်။ ဘယ်လိုပဲပြောပြော သွားနုတ်ရမှာတော့ ကြောက်တာပဲ။

ဒေါက်တာနိုး ဘာ အခုမှ ကြောက်ပါပြီလဲ။



သွားနုတ်ပြီးရင် ...

မောင်အတွာ ဆရာ ...၊ ဒီတစ်ခါတော့ သွားနုတ်ပြီးချိန်မှာ ဂရုစိုက်ရမယ့် အချက်တွေ ပြောပါဦး။

ဒေါက်တာနီး ဒါက မပြောမဖြစ်ပဲကွ။ မနုတ်ခင်၊ နုတ်နေတုန်း ကိစ္စတွေက ပြီးမသွားဘဲ နောက်ဆက်တွဲက ရှိနေတာပဲ။ ဒါကလည်း အရေးကြီးတာပဲလေ။

မောင်အတွာ ဘာဖြစ်လို့ အရေးကြီးတာလဲ။ ဆောင်ရန်၊ ရှောင်ရန်တွေ ရှိနေသေးလို့လား။ ပြီးကိုမပြီးတော့ဘူးနော်။

ဒေါက်တာနီး ဒါပေါ့ကွာ။ ကျန်းမာရေးနဲ့ဆိုင်တာ မှန်သမျှ ဆောင်ရန်၊ ရှောင်ရန် ရှိနေမှာပဲလေ။ ပိုကောင်းချင်ရင် ပိုပြီးလိုက်နာရမှာပဲ။ မလိုက်နာရင် ရှောင်စရာမလိုဘူး။ မရှောင်ရင် မရှောင်တဲ့အကျိုး ခံစားရမှာပဲလေ။

မောင်အတွာ ကဲပါ ... ဆရာရယ်။ မခြိမ်းခြောက်ပါနဲ့။ နားလည်အောင်သာ ပြောပါတော့။

ဒေါက်တာနီး သွားနုတ်ပြီးရင် အဓိက ဖြစ်တတ်တာက သွားနုတ်ထားတာကို ကလိတာပဲကွ။

မောင်အတွာ ဆရာကလည်း ဘယ်သူက အားအားယားယား ကလိမှာလဲ။

ဒေါက်တာနီး ကလိတာပေါ့။ သဘာဝပဲ။ သွားနုတ်ထားတဲ့နေရာက သွေးထွက်နေတာကိုပဲ သွေးထွက်သေးလားဆိုပြီး လျှာနဲ့တို့ကြည့်တာလေ။ သွေးတိတ်ချင်တဲ့ဆန္ဒက ရှိနေတာကိုး။ နောက်ပြီး ဂွမ်းကို ကိုက်ရမယ့်ဟာ မကိုက်ချင်ဘူး။ စကားတွေက ပြောချင်နေတယ်။ စကားများများပြောတော့ သွားနုတ်ထားတဲ့နေရာကို ဆွပေးသလို ဖြစ်နေပြန်တယ်လေ။

မောင်အတွာ ဒါဆိုရင် သွားနုတ်ထားပြီး ဘယ်လောက်ကြာကြာ ကိုက်ထားရမှာလဲ ဆရာ။

ဒေါက်တာနီး သွားနုတ်ထားပြီးရင် ဂွမ်းကို သွားနုတ်ထားတဲ့နေရာမှာပဲ ၄၅ မိနစ်လောက် ကိုက်ထားရမယ်။ ဒါမှ စိတ်ချရမယ်လေ။

မောင်အတွာ ဂွမ်းကိုဖယ်ထုတ်ပြီးရင် လုပ်ချင်တာလုပ်လို့ ရပြီလား။

ဒေါက်တာနီး မရဘူးလေ။ ဂွမ်းထုတ်ပြီးတာနဲ့ ပလုတ်ကျင်းတာတို့၊ အပူရည်သောက်တာတို့ မရဘူးလေ။

မောင်အတွာ ဒါဆို ဒါတွေကို ဘယ်တော့မှလုပ်ရမှာလဲ။ ချက်ချင်းလုပ်လို့ မရဘူးလား။

ဒေါက်တာနီး ကောင်းတာတော့ နောက်တစ်နေ့ကျမှပဲ ပလုတ်ကျင်းတာ၊ အပူသောက်တာတို့ လုပ်သင့်တယ်။

မောင်အတွာ ဂွမ်းကိုက်ထားတုန်းမှာ ဘာတွေလုပ်ရဦးမှာလဲ ဆရာ။

ဒေါက်တာနီး ဂွမ်းကိုက်ထားတဲ့အချိန်မှာ တံတွေး ခဏခဏမထွေးရဘူး။ အဲဒီလိုထွေးမယ့်အစား ကိုယ့်တံတွေးကိုယ်ပဲ မျိုချလိုက်ရတယ်။ ပြီးရင် စကားများများမပြောရဘူး။ လျှာနဲ့ မကလိရဘူး။ နောက်ပြီး ဂွမ်းကို ငြိမ်ငြိမ်လေးကိုက်ရတယ်။ တချို့က ရွှေ့ရွှေ့ကိုက်ကြတယ်။ နောက်တစ်ခါ တချို့ကျတော့ လက်နဲ့ခွိုက်ပြီး စမ်းကြသေးတယ်။ ဒီလိုအပြုအမူတွေကို ရှောင်ရမယ်လေ။

မောင်အတွာ သွားနုတ်ပြီးတာနဲ့ ဆက်ဂရုစိုက်နေရတာပဲလား ဆရာရယ်။

ဒေါက်တာနီး ခဏတော့ ဂရုစိုက်ရတာပေါ့။ နောက် ရှိသေးတယ်။ ရေခဲ့ဲတာ၊ ကြေပ်ထုပ်ထိုးတာတွေ ရှိသေးတယ်။ ဒါလည်း မလုပ်ရဘူး။

မောင်အတွာ နောက်ထပ်ကော ရှိသေးလား ဆရာ။

ဒေါက်တာနီး သိပ်မရှိပါဘူးကွာ။ ဒီလို ဆောင်သင့်တာဆောင်၊ ရှောင်သင့်တာ ရှောင်တော့ သွားနုတ်ပြီး မြန်မြန်အနာကျက်တာပေါ့။ ဖြစ်နိုင်ရင် ဆေးလိပ်သောက်တာ၊ အရက်သောက်တာတောင် မလုပ်ရဘူး။ ဆရာဝန်ညွှန်ကြားထားတဲ့ဆေး ရှိရင်လည်း သောက်ရမယ်။

မောင်အတွာ ဒါဆို ကုန်ပြီပေါ့နော်။

ဒေါက်တာနီး အရေးကြီးတာ ရှိသေးတယ်။ နောက်နေ့ကျမှ **ရောင်ရမ်းတဲ့အခါ ရေတ်သီးလို ပူစေတဲ့ဆေးတွေ မလိမ်းရဘူး။ နောက်ပြီး သွေးမတိတ်တာရှိနေရင် ဆရာဝန်ဆီကို အရေးပေါ် ပြန်ပြရမယ်။** ဒါတော့ သတိထားရမယ့် အချက်ပဲလေ။

မောင်အတွာ ဆရာရယ် ...၊ ကျန်တော် ဒီအချက်ပဲ မှတ်ထားလိုက်တော့မယ်။

စားပြီးသောက်ပြီး အရည်ရွှမ်းသီး

မောင်အတွာ ဆရာတို့ သွားဆရာဝန်တွေက အသီးအနှံစားပေးဖို့ ပြောတယ်။ ရိုးရိုးဆရာဝန်ကလည်း အသီးအနှံတွေစားဖို့ ပြောတယ်။ ဘာကြောင့်လဲ ဆရာ။

ဒေါက်တာနိုး ခန္ဓာကိုယ်အတွက် စားသင့်တဲ့အစားအစာပုံစံက သုံးမျိုးရှိတယ်ကွာ။ ခန္ဓာကိုယ် ကြီးထွားစေတဲ့အစာ၊ အင်အားဖြစ်စေတဲ့အစာနဲ့ ရောဂါကို ကာကွယ်ပေးတဲ့အစာဆိုပြီး ရှိတယ်။

မောင်အတွာ ကျွန်တော် ဆိုလိုတာက သွားနဲ့ပတ်သက်ပြီး ပြောတာပါ။

ဒေါက်တာနိုး အေးပေါ့။ သွားအတွက်လည်း ရောဂါကို ကာကွယ်ဖို့အတွက် အသီးအနှံတွေ စားပေးရမှာပဲလေ။

မောင်အတွာ ဟုတ်ပါတယ်။ တခြားရည်ရွယ်ချက်များ ရှိသေးသလားလို့။

ဒေါက်တာနိုး ခန္ဓာကိုယ်အတွက် ဆိုကတည်းက တစ်ကိုယ်လုံးမှာရှိတဲ့ အင်္ဂါတွေ၊ တစ်သျှူးတွေ၊ ဆဲလ်တွေ အားလုံးအတွက်ပဲပေါ့။ သွားအတွက် ပြောရမယ်ဆိုရင် သီးသန့်ရှိသေးတယ်ကွ။

ဆရာတို့စားတဲ့ အစားအစာမှာ စေးကပ်တဲ့အစားအစာတွေ ရှိတယ်။ ဥပမာ ဘီစကွတ်တို့၊ ကပ်စေးနဲ့တို့က အချိုဓာတ်ပါပြီး သွားမျက်နှာပြင်က အကြိုအကြားမှာ တွယ်ကပ်တတ်တယ်။ ဒီလို စေးကပ်တဲ့ အစားအစာတွေက သွားကို ဒုက္ခပေးတာပဲ။ ဥပမာဆိုပါစို့။ ခရီးသွားရင်း လမ်းခုလတ်မှာ အဆာပြေစားကြရတယ်။ အဲဒီလို စားရတဲ့အခါ သွားမတိုက်ဖြစ်ဘူးလေ။ အဲဒီအချိန်အခါမျိုးမှာ အရည်ရွှမ်းတဲ့အသီးတွေကို စားလိုက်ရင် အမျှင်ပါတဲ့အသီးတွေက သွားကို သန့်ရှင်းစေတယ်။ သွားမျက်နှာပြင်ကို ဆေးကြောပေးသလို ဖြစ်တာပေါ့။ သွားတိုက်ရမယ့်အချိန်မှာ သွားမတိုက်ရဘဲနဲ့ ဆေးကြောပြီးသား ဖြစ်သွားတော့ သွားအတွက် သိသိသာသာ အကျိုးရှိစေတယ်ကွာ။ ဒါကြောင့် အစာစားပြီး အရည်ရွှမ်းအသီး စားပေးပါလို့ ပြောတာပါ။

မောင်အတွာ ဒါဆို အစာစားပြီး ဘယ်အသီးတွေ စားပေးရမလဲ။

ဒေါက်တာနိုး အဲဒီလို စေးကပ်တဲ့အစာ စားပြီးပြီဆိုရင်တော့ ပန်းသီး၊ သစ်တော်သီး၊ ကြံရိုးတို့ကို စားပေးတာဟာ အသီးတွေထဲက အရည်နဲ့တင် သွားမျက်နှာပြင် သန့်စင်သွားပါတယ်။ အချိုစားပြီး အချဉ်နဲ့ ပွတ်ပေးရတယ်လို့ ပြောကြတယ်။ တကယ်တော့ အချဉ်နဲ့ပွတ်တိုက်ပေးတာက မကောင်းပါဘူး။ သွားကို ပျက်စီးစေပါတယ်။ ပျက်စီးမှုကတော့ အချဉ်ရဲ့ အက်ဆစ်ဓာတ်ပမာဏ အနည်းအများ၊ ပွတ်တိုက်အား၊ အသုံးပြုတဲ့ ကြာချိန်အပေါ်မှာတော့ မူတည်တယ်။ အစာစားပြီးတိုင်း အရည်ရွှမ်းအသီး စားပေးတာတော့ ခန္ဓာကိုယ်အတွက်ရော သွားအတွက်ပါ ကျန်းမာသန့်စွမ်းစေနိုင်ပါတယ်။

မောင်အတွာ ဒါဆို ကျွန်တော်လည်း အိမ်မှာဝယ်ထားဖို့ ပြောထားဦးမှပဲ။

ကြင်ကြင်ကတော့ ကျဉ်နေတာပဲ

ဒေါက်တာနိုးတစ်ယောက် ဆေးခန်းထဲမှာပင် ဂျာနယ်တစ်စောင်ကို စိတ်ဝင်တစား ဖတ်နေသည်။ ထိုအချိန်တွင် သူ၏တပည့်ဖြစ်သူ မောင်အဝါက ဝင်လာပြီး 'ဆရာ၊ လူနာလာနေတယ်'ဟု သတင်းပို့ပါသည်။ သွားဆေးခန်း ကုသမှုများသည် လူနာတစ်ယောက် ဝင်လာသည်နှင့် ချက်ချင်း ထိုင်ခုံပေါ်တွင် တန်းထိုင်ကာ ဆေးကုသ၍ မရပါ။ မစစ်ဆေး မကုသမီ ကြိုတင်ပြင်ဆင်ရပါသည်။

လူနာ ကြင်ကြင် ကျဉ်နေလို့ ဆရာ။

ဒေါက်တာနိုး ခင်ဗျာ ...။

လူနာ ကြင်ကြင် သွားကျဉ်လို့ပါ။

ဒေါက်တာနိုး ဩော် ... ဟုတ်ကဲ့။ ပြောပါဦး။

ဒေါက်တာနိုးကလည်း ပြည့်စုံစွာပြောမှ သဘောပေါက်မိသည်။

လူနာ ကြင်ကြင်ရဲ့သွားလေ ဒီနေရာပေါ့။ သွားဖုံးနားမှာ လက်သည်းလေးနဲ့ ထိုးလိုက်ရင် ကျဉ်တယ်။ ဘာဖြစ်တာလဲ ဆရာ။

ဒေါက်တာနိုး ဘယ်နေရာလဲ။ ဩော် ... ဒီနေရာလား။

လူနာ ဟုတ်တယ် ဆရာ။ ကြင်ကြင်လေ သွားကို မတိုက်ရဲတော့ဘူး။ သွားတိုက်တံထိလည်း ကျဉ်နေတာကိုး။ ဘာလုပ်ရမလဲ။ ကုလို့ ရပါသလား ဆရာ။

လူနာပြသော သွားဖုံးနေရာမှာရှိသည့် သွားနေရာသည် ချိုင့်နေသည်။ လူနာခံစားနေရသည်ကို စာနာမိသည်။

ဒေါက်တာနိုး သွားတိုက်တာမှားလို့ ဖြစ်တာပါ။

လူနာ ရှင် ...၊ ကြင်ကြင် မမှားပါဘူး။ သွားကို ပုံမှန် အမြဲတမ်း တိုက်တာပဲ။ သွားရောဂါကိုကြောက်လို့ကို တိုက်တာ။

ဒေါက်တာနိုး ဟုတ်ပါတယ်။ သွားတိုက်တာကို လက်ခံပါတယ်။ သွားတိုက်တာ နည်းစနစ်မှားတယ်လို့ ပြောတာပါ။

လူနာ ကြင်ကြင် သွားတိုက်တာ မှားတယ်၊ ဟုတ်လား။ သွားတိုက်တာပဲ။ မှားတယ်ဆိုတာ ရှိသေးလား။

ဒေါက်တာနိုး ရှိတာပေါ့။ သွားတိုက်တာလည်း စနစ်မှန်ဆိုတာ ရှိတာပါ။ စနစ်မှားနဲ့သွားတိုက်လို့ ဒီလိုဖြစ်တာပါ။

လူနာ ဒါဆိုရင် သွားတိုက်နည်း မှန်သွားရင် ဒီဟာက ပျောက်သွားမှာလား။

ဒေါက်တာနိုး သွားတိုက်နည်းမှားတာကို ပြင်ပြီးတိုက်ရင် နောက်ထပ်တော့ ဆိုးကျိုး မခံစားရတော့ဘူးပေါ့။ ဒါပေမဲ့ ပထမ သွားတိုက်နည်းမှားထားတဲ့ ဆိုးကျိုးတော့ ကုသပေးရဦးမှာပေါ့။ ဒါကြောင့် အပြုအမူရဲ့ ဆိုးကျိုးဆိုတာ ခံစားရစမြဲလေ။ နည်းနည်းလေးများရင် နည်းနည်းပြင်ရမှာပေါ့။ များများမှားတော့ များများပြင်ရမှာပါ။

လူနာ ကြင်ကြင် သွားတိုက်တာမှားတယ်လို့ ဘယ်လိုပြောနိုင်တာလဲ။

ဒေါက်တာနိုး သွားတိုက်တာများတဲ့ အနေအထားက သွားဖုံးနားမှာရှိတဲ့ သွားတွေက ချိုင့်ပြီး ကျဉ်းတတ်တယ်လေ။ နောက်ပြီး ဓားနဲ့ ဖြတ်ထားသလိုပဲ။ အဲဒီနေရာက ကြွေသွားလွှာ မရှိတော့ သွားတိုက်တဲ့ ပွတ်တိုက်မှုကို ခံနိုင်ရည်မရှိဘူး။ ဒါကြောင့် ချိုင့်တာ မြန်လာတာပါ။ အဲဒီနေရာကို ပြန်လည်ဖို့လိုက်တာနဲ့ ကောင်းသွားပါတယ်။

လူနာ ဒါဆိုရင် ကြင်ကြင် မကျဉ်တော့ဘူးပေါ့နော်။

ဒေါက်တာနိုး ဒါပေါ့။ သွားတိုက်တာ မှားနေရင်တော့ ကြင်ကြင်ကတော့ ကျဉ်နေမှာပေါ့ဗျာ။

ကြီးတိုင်း ကျယ်မနေပါ

မီးဖိုပြင်းပြင်းတောက် နားမှာလည်း နေဖူးသည်။ နေပူကျဲကျဲတောက်အောက်မှာလည်း ရပ်ခဲ့ဖူးသည်။ ထိုအပူမျိုး မဟုတ်။ ဘယ်ကိုမှ ရှောင်ပြေးလို့ မရအောင် ခံစားနေရခြင်းသည်ပင် အပူဇ၀ဋ်ဟု ထင်မြင်မိတော့သည်။ ထိုအချိန်မှာပင် မောင်အဒ္ဒာက ရောက်လာပြီး စကားစပါတော့သည်။

မောင်အဒ္ဒာ ဆရာ ...၊ မနေ့ကအန်တီကြီး ပြန်ရောက်လာပြီ ဆရာ။ ဒီနေ့ ဘာသိချင်လို့လဲ မသိဘူး။

ဒေါက်တာနီး ခဏနေ ငါလာခဲ့ပါ့မယ်။

ဒေါ်မြင့်မြင့်အေး မင်္ဂလာပါ ဆရာ။ မနေ့က ဆရာပြောတဲ့ 'ကြီးရင်တော့ ကျယ်မှာပဲ' ဆိုတာ တွေးမိပြီး ကျွန်မလည်း ကြောက်ပြီး ပိုကြီးလာရင် ပိုကျယ်လာမှာပဲလို့ အတွေးဝင်မိတာနဲ့ ဆရာ့ဆီပြေးပြီး တိုင်ပင်ရမလားလို့ပါ။ ဒီတစ်ခါတော့ သိချင်တာမေးချင်လို့ မဟုတ်တော့ပါဘူး။ သွား ပြချင်လို့ပါ။

ဒေါက်တာနီး ဩော် ...၊ ဟုတ်ကဲ့။ ဒါဆို ခဏနေဦးနော်။ ကျွန်တော် ကိရိယာတွေ ပြင်လိုက်ပါဦးမယ်။ မောင်အဒ္ဒာရေ ...၊ ပစ္စည်းတွေ ထုတ်ပြီး နေရာပြင်ပါဦး။

မောင်အဒ္ဒာ ဟုတ်ကဲ့ ဆရာ။ အရံသင့်ဖြစ်နေပါပြီ။ အန်တီ ...၊ အခန်းထဲ ဝင်လို့ ရပါပြီ။

ဒေါက်တာနီး အန်တီ ခံစားနေရတဲ့ သွားပိုးစားပေါက်ကို ပြလို့ရမလား။

ဒေါ်မြင့်မြင့်အေး ရပါတယ်။ သွားဖုံးရဲ့အောက်ခြေမှာ လက်သည်းလေး ထိုးကြည့်ရင် ကျယ်လာတယ်။ မှန်ထဲမှာကြည့်ရင် အပေါက်ကို မြင်ရတယ်။

ဒေါက်တာနီးလည်း အန်တီပြောသောနေရာကို မီးနှင့်ထိုးကြည့်သော

အခါ အပေါက်ကို မြင်တွေ့ရသည်။ သွားစွယ်သွား၏ သွားဖုံးနားတွင် ဖြစ်သည်။ မည်းနက်နေသော အပေါက်ကို ချက်ချင်းပင် မြင်တွေ့ရပါသည်။

ဒေါက်တာနီး တွေ့ပြီ အန်တီ။ အခြေအနေ မဆိုးသေးပါဘူး။

ဒေါ်မြင့်မြင့်အေး အပေါက်က ကြီးနေတော့ ကျယ်နေပြီလား ဆရာ။

ဒေါက်တာနီး မဟုတ်ဘူး အန်တီ။ ကြီးတိုင်း မကျယ်ပါဘူး။ အန်တီ့ကို ပြောခဲ့တဲ့ သွားပိုးစားနေရာက သွားရဲ့ ကြိတ်ပါးမျက်နှာပြင်တွေပါ။ အဲဒီနေရာတွေကသာ သွားပိုးစားတိုင်း ကြိုဂံရဲ့အခြေက ကျယ်ပြီး ထိပ်ဝက ကျဉ်းတဲ့ပုံစံနဲ့ ပိုးစားတာဆိုတော့ ထိပ်က နည်းနည်းကြီးတာနဲ့ အောက်မှာ နည်းနည်းကျယ်လာတာပါ။ ဒီလို သွားအံဆုံးနေရာမှာ သွားပိုးစားဖြစ်စဉ်ပုံစံက ထိပ်ကျယ်ပေမယ့် ကျဉ်းနေတဲ့ ကြိုဂံပုံ ပြောင်းပြန်လှန်တာနဲ့ တူနေပါတယ်။ ကျွန်တော်ပြောတာ ရှုပ်သွားသလား အန်တီ။ သွားပိုးစားတဲ့နေရာ ကွာခြားနေတဲ့အတွက် ကြီးတိုင်း မကျယ်ပါဘူးလို့ ပြောချင်တာပါ။

ဒေါ်မြင့်မြင့်အေး ကျွန်မ သဘောပေါက်ပါပြီ ဆရာ။ ဒီတော့ ကျွန်မ ဘာလုပ်ရမလဲ။

ဒေါက်တာနီး **ကြီးလို့ ကျယ်သည်ဖြစ်စေ၊ မကျယ်သည်ဖြစ်စေ သွားပိုးစားပေါက် ရှိနေရင်တော့ ပိုပြီးဆိုးမသွားအောင် ကြိုတင်ကာကွယ်ပေးလိုက်လို့ ရပါတယ်။ သွားဖာလိုက်ရင် ကောင်းသွားမှာပါ။**



ဒေါက်တာနီး အေး ...၊ ကျန်းမာရေးအသိနဲ့ သတိရှိတဲ့သူကျတော့ ကြိုတင်ကာကွယ်တာဆိုရင် ချက်ချင်းဖာပေးလို့ ရတာပေါ့။ နာမှလာတော့ ချက်ချင်းသွားဖာလို့ မရတော့ဘူး။ နာတာကိုကုနေရတော့ သွားဖာဖို့အတွက် ရက်ချိန်းဖို့ ဖြစ်လာတာပဲလေ။

မောင်အတွာ ဒါလည်း ဟုတ်တယ်။ စောစောလာခဲ့တဲ့သူဆိုရင် တစ်ခါတည်း ပြီးတာပဲနော်။

ဒေါက်တာနီး အေး ...၊ ဒါပေမဲ့ စောစောသိလို့ ကြိုတင်ပြင်ဆင်ပြီးလည်း ပြန်ပြီးချိန်းရတာ ရှိတာပဲ။ သွားစိုက်တာမျိုးပေါ့ကွာ။ သွားစိုက်တာလည်း မချိန်းလို့ ရသလား။ တစ်ခါတည်းနဲ့ စိုက်လို့ရသလား။

မောင်အတွာ မရဘူး။ တချို့လည်း ချိန်းရတဲ့အကြိမ် များတယ်လေ။

ဒေါက်တာနီး အေး ...၊ အရှင်စိုက်တဲ့သူတွေဆိုရင် ပုံစံခဏခဏယူရတာ ရှိတယ်။ သွားစိုက်ပြီးလည်း အသားကျတဲ့အချိန်ထိ ပြုပြင်ရတာတွေ ရှိတာပဲလေ။ ဒါမျိုးကျ ဘယ်လိုလုပ်မလဲ။ မချိန်းရင် ခံရတဲ့သူက လူနာလေ။ အိမ်ဆောက်မယ်ဆိုရင် Plan လေးနဲ့ဆောက်ရင် Design လှတာတော့။ သွားစိုက်တာလည်း Plan လေး ရှိရမှာပေါ့။ ဒါမှ Design လှမှာလေ။ ရိုးရိုးလေးလုပ်ရင် ရိုးရိုးလေးပဲဖြစ်မှာ။

မောင်အတွာ ဟုတ်တယ် ဆရာ။ ကျွန်တော် သဘောပေါက်ပြီ။ သွားစိုက်တာက အနည်းဆုံး ခုနစ်ခေါက်လောက် ချိန်းရတာနော်။

ဒေါက်တာနီး ဘယ်ကမလဲကွ။ သွားညီအောင် မှာယူရတဲ့ ပညာရပ်ဆိုင်ရာတွေဆိုရင် အနည်းဆုံး နှစ်နှစ်လောက်ကြာတာ။ ဒီနှစ်တွေအတွင်းမှာ ဘယ်လောက် ချိန်းရမလဲ။ စဉ်းစားကြည့်ပေါ့။ မချိန်းလို့ ရမလား။ စဉ်ဆက်မပြတ် ပြုပြင်ချိန်ဆရတဲ့ အချက်တွေ ရှိတယ်လေ။ ဒီလိုအခြေအနေမျိုးမှာ မင်း ဘယ်လိုလုပ်မလဲ။ ချိန်းရမှာပဲလေ။

မောင်အတွာ ဒါကို လူတွေသိအောင်ပြောပြရင် ကောင်းတာပေါ့။ ဒီတော့ အရင်တုန်းက လူတွေက အဲဒီလိုချိန်းနေရင် ငွေဆွဲယူတယ်လို့ ထင်တာပေါ့။

ဒေါက်တာနီး အေး ...၊ နောက်တစ်မျိုး ရှိတယ်။ သွားမြစ်တွင်းကုသမှုဆို ပုံမှန်ချိန်းဆိုတာကို လိုက်နာတဲ့လူက ကုသမှုကို အောင်မြင်တာပဲ။ မလိုက်နာတဲ့သူတွေပဲ သွားဆုံးရှုံးကြတယ်။ တစ်ခါချိန်းရင် တစ်ခါတည်း ပြီးပြီလို့ ထင်နေကြတဲ့သူတွေအတွက် မကောင်းဘူးပေါ့။

မောင်အတွာ ဒါကြောင့် ဆရာတို့က ခဏခဏ ချိန်းတာကိုး။

ခဏခဏ ချိန်းတာ များတယ်

မောင်အတွာ ဆရာ ...၊ ဟိုတစ်နေ့က အန်တီကြီးက ပြောသွားတယ်။ သွားဆေးကုတာ တစ်ခါတည်း မပြီးဘူးတဲ့။ ခဏခဏ လာနေရတာပဲ။ တစ်ခါတည်း ပြီးအောင် ဘယ်သူမှ မလုပ်ကြဘူး။ အချိန်ဆွဲ ကုတယ်တဲ့။ ဆရာရေ ...၊ အဲဒါကို ဘယ်လိုပြောမလဲ။

ဒေါက်တာနီး အကြောင်းတရားရှိလို့ အကျိုးတရား ဖြစ်လာတာပဲ။ ဘယ်လိုပြောပြော အကြောင်းမဲ့တော့ မလုပ်ကြဘူး။ အကျိုးတရား ကောင်းချင်လို့ လုပ်ရတာပဲ။

မောင်အတွာ ဆရာရယ် ...၊ အဝှာတွေ၊ အဝှက်တွေ လုပ်မနေနဲ့။ တဲ့တိုးပြောပါလား။ နားမလည်လို့မေးမှ ပိုပြီး နားမလည်တော့ဘူး။

ဒေါက်တာနီး မင်းကလည်း ရှင်းရှင်းကြီးကိုကွာ။ တော်တော် ဒုံးဝေးတာပဲ။ တစ်ခုစီ ပြောပြမယ်ကွာ။ မင်း ပိုနားလည်လာမှာပါ။ မင်းကိုလည်း ပြန်မေးမယ်ကွာ။ သွားနာလို့ လာတဲ့လူက မျက်နှာကြီးရောင်လာရင် ငါတို့ ဘာလုပ်ပေးလဲ။

မောင်အတွာ သွားနာပြီး မျက်နှာရောင်လာရင် ဖြစ်တဲ့အကြောင်းရင်း စစ်ဖို့နဲ့ အရောင်ကျဖို့ပဲ လုပ်တာပဲဟာ။

ဒေါက်တာနီး အေးပေါ့။ ဒီတော့ ဆေးသောက်ခိုင်းရတယ်။ ဓာတ်မှန်ရိုက်ခိုင်းတယ်ပေါ့ကွာ။ ပြန်ချိန်းရတာပဲပေါ့။ ဒီကြားထဲမှာ ဆေးမှန်မှန် မသောက်လို့ ဆေးမတိုးလည်း ပြန်ချိန်းပြီး ကုရသေးတာပဲ။ ဒီတော့ တစ်ခေါက်တည်း မပြီးဘူးပေါ့။ မဟုတ်ဘူးလား။

မောင်အတွာ ဒါတော့ ဟုတ်တာပေါ့။ ဒီလိုကိစ္စမျိုးကတော့ ပြန်ချိန်းမှပေါ့။ တခြားဟာတွေကော ...။

ဒေါက်တာနီး သွားဖာချင်လို့ လာတဲ့လူတွေလည်း ကြည့်ပါလား။ ကိုယ့်အသိတရားနဲ့ ကိုယ် ကျန်းမာရေးအရ စစ်ဆေးဖို့ လာတဲ့လူနဲ့ နာမှ သွားဖာချင်တဲ့လူ ဘယ်သူများလဲကွာ။

မောင်အတွာ လာတဲ့လူနာ အများစုက နာမှ သွားဖာချင်ကြတာပေါ့ ဆရာရယ်။ တွေ့နေတာပဲ။

သွားတု အသေစိုက်ထားသူများအတွက်

မောင်အဂ္ဂ ဆရာ ...၊ သွားရှိနေတဲ့သူတွေ၊ သွားကောင်းတဲ့သူတွေမှာ လိုက်နာသင့်တာတွေ၊ ရှောင်ရန်တွေတော့ ကြားရပါတယ်။ သွားတု အသေစိုက်ထားတဲ့သူတွေအတွက်ရော မရှိဘူးလား။

ဒေါက်တာနိုး မေးမှလည်း မေးတတ်ပလေကွာ။ ရှိတာပေါ့။ အတုမှန်သမျှ လိုက်နာသင့်တာ ရှိတာပဲ။ အစစ်မှာတောင် ရှောင်ရန်၊ ဆောင်ရန် ရှိနေတော့ အတုဆို ပိုရှိတာပေါ့ကွာ။

မောင်အဂ္ဂ အတုဆိုတာ အတုပဲလေ။ ပြန်လုပ်ရင် ရတာပဲ။ ဘာလို့ ရှောင်တာ၊ ဆောင်တာတွေ ရှိနေတာလဲ။ အချိန်မရွေး ပြန်လဲလို့ ရတာပဲဟာ။

ဒေါက်တာနိုး ဒါက မင်းအတွေးကိုး။ သွားတုဟာ သက်မဲ့ပစ္စည်းဆိုတော့ တခြားပစ္စည်းတွေလိုပဲ နှိုင်းယှဉ်ပြီး ပြောရရင်တော့ တန်အောင် သုံးပြီးရင် လဲလို့ရတယ်ဆိုပေမဲ့ သွားတုကျ မဟုတ်ဘူးကွ။

မောင်အဂ္ဂ ဘာတွေ ကွာခြားလို့လဲ ဆရာ။

ဒေါက်တာနိုး သွားတုပစ္စည်းက သက်ရှိပစ္စည်းနဲ့ ရောသုံးတာ။ သွားတုက သက်မဲ့ပစ္စည်းဆိုပေမဲ့ သွားက သက်ရှိလေ။ သက်ရှိ ဆိုတာက ပိုပြီးရှင်သန်အောင်၊ ပိုပြီးသက်တမ်းရှည်အောင်၊ ကျန်းမာအောင် ထားရသေးတယ်။ သွားရဲ့သက်တမ်း ရှည်အောင်ထားနိုင်မှ သွားတုရဲ့သက်တမ်း ရှည်မှာကိုး။

မောင်အဂ္ဂ ဒါဆို ဘာလုပ်ရမှာလဲ။ သွားတိုက်ရုံပဲလား။

ဒေါက်တာနိုး သွားတုနဲ့ သွားစစ်မှာ ကွာခြားတာက သွားအစစ်က ကြွေသွားလွှာနဲ့ ဖုံးအုပ်ထားတယ်။ သွားတုကျတော့ သွားတွေကို သွားတု အမျိုးအစားပေါင်းစုံနဲ့ ဖုံးအုပ်ထားတယ်။ သွားတုအမျိုးအစား ပေါင်းစုံဆိုတာက

သတ္တုရှိတယ်၊ ကြွေသွားရှိတယ်၊ ပလတ်စတစ်ရှိတယ်။ ဒီလို အမျိုးအစားတွေ ကွဲပြားနေတဲ့အတွက် ဂရုစိုက်မှု တူမှာမဟုတ်ဘူးပေါ့။

မောင်အဂ္ဂ ဘယ်လိုကွာတာလဲ ...။

ဒေါက်တာနိုး သွားတုဆိုတာက သွားအကောင်းတွေပေါ်မှာ ဖုံးအုပ်ထားတာလေ။ ဒီတော့ သွားတိုက်တဲ့အခါမှာ သွားတုကို သွားတိုက်တာနဲ့ သွားအစစ်ကို သွားတိုက်တာ မတူတော့ဘူးပေါ့။ သွားတုမျက်နှာပြင်က ပိုးစားစရာမရှိဘူး။ သွားပိုးစားမယ်ဆိုရင် သွားတုအတွင်းထဲက သွားစစ်တွေက ပိုးစားနိုင်တယ်။ ဒီတော့ သွားတိုက်တဲ့အခါမှာ သွားတုနဲ့ သွားဖုံးကြားနေရာတွေကို ပိုပြီးသန့်ရှင်းအောင် လုပ်ပေးရမယ်။ အကြိုအကြားတွေကို ပိုပြီး ဦးစားပေးရမယ်။ သွားတုမျက်နှာပြင်ထက် သွားတုရဲ့ အတွင်းပိုင်းက သွားအစစ်ရဲ့ သန့်ရှင်းမှု မှန်မှန်ကန်ကန်ရှိဖို့ ပိုလိုအပ်တယ်။ တကယ်လို့ သွားတိုက်ပါတယ်၊ သွားတိုက်ပါတယ်ဆိုပြီး သွားတုချည်းပဲ ရွေးပြီးတိုက်နေရင် အသုံးမဝင်ဘူးပေါ့။ သွားတော့တိုက်တာပဲ။ စနစ်မမှန်တဲ့ သွားတိုက်တာဟာ အလကားဖြစ်တာပေါ့။ သွားတုရဲ့ အတွင်းပိုင်းတွေကိုကျတော့ ပုံမှန်ထက် နှစ်ဆလောက်ပိုပြီး ဂရုစိုက်ရမယ်။ သွားအစစ်ထက် ပိုပြီးသတိထားပြီး သန့်စင်ရမယ်။

မောင်အဂ္ဂ ဒါဆိုရင်တော့ ထူးထူးခြားခြား ဂရုစိုက်ရတာတော့ မရှိဘူးပေါ့နော်။

ဒေါက်တာနိုး ပလတ်စတစ်လို သွားတုကျတော့ သွားကောင်းစေချင်တဲ့ ဆန္ဒနဲ့ သွားတုမျက်နှာပြင်ကို အတင်းဖိတိုက်ကြတယ်။ ဒီတော့ ပလတ်စတစ်သွားတု မျက်နှာပြင်က သွားတိုက်တာများတော့ ပွန်းလာတယ်။ ပါးလာတယ်။ ပလတ်စတစ်သွားတုဟာ အရောင်ပြောင်းလာတယ်။ ပေါက်လာတယ်ပေါ့ကွာ။ ဒီတော့ ပေါက်လို့ပေါက်မှန်း မသိရာက သွားအစစ်ရဲ့အတွင်းပိုင်းကို ပိုးပြန်စားစေနိုင်တယ်။ သွားရဲ့အလှကို ပျက်စေတယ်။ ဒီလိုအခြေအနေကျတော့ ပလတ်စတစ်သွားတုကို တအားမတိုက်ရဘူးပေါ့။ သွားတုနဲ့ သွားဖုံးအရင်းကို ဦးစားပေးပြီး တိုက်ရတော့မယ်လေ။

မောင်အဂ္ဂ ဒါဆိုရင် သွားတုကို တိုက်မယ်ဆိုရင်တော့ သွားအစစ်လိုတော့ မဟုတ်ဘူးပေါ့နော်။

ဒေါက်တာနိုး ဒါပေါ့ကွာ။ မတူတာကို မတူသလို ဂရုစိုက်မှ စနစ်မှန်တာလေ။ ဒါကိုတော့ ခွဲခြားသိရမှာ။

မောင်အဂ္ဂ ကျွန်တော်က သွားတုကိုလည်း သွားလိုပဲ သဘောထားမိတာကိုး။ အခုတော့ သိပါပြီ ဆရာ။

နှုတ်ခမ်းနှိုနဲ့ သွား

မောင်အတွာ သွားဖာထားတာ အနီရောင်ပါလာလို့ ပြဿနာဖြစ်တယ်လို့ ကြားမိပါတယ်။ သွားဖာတာ သွေးထွက်လို့လား ဆရာ။

ဒေါက်တာနီး သွေးထွက်တာတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ နီတာတွေကတော့ ရှိတတ်ပါတယ်။

မောင်အတွာ ဆရာ ...၊ ဒါဆို သွားအနီရောင်ဖာတာ ရှိလို့လား။ ဒီဇိုင်း အသစ်ပေါ့။ အနီရောင်နဲ့သွားပေါ့။ ဟုတ်လား။

ဒေါက်တာနီး ပေါက်တီးပေါက်ရွာကွာ။ ဘယ်သူက အနီရောင်ကို ပါးစပ်ထဲမှာ အလှဆင်မလဲ။ အနီရောင်ကို အလှဆင်တာ နှုတ်ခမ်းပဲ ရှိတယ်။ ပါးစပ်ထဲမှာ အနီရောင်မြင်နေရရင် သွေးနဲ့နွယ်တာပဲ ဖြစ်တတ်တာ။ ဒါပေမဲ့လို့ ဒီ သွားဖာတာကတော့ သွေးနဲ့မဆိုင်ပါဘူး။

မောင်အတွာ ရှုပ်ကုန်ပါပြီ ဆရာရယ်။ ရှင်းအောင်သာ ပြောပါတော့။ နားမလည်တော့ဘူး။

ဒေါက်တာနီး ဒါဆိုရင် အမျိုးသမီးတွေက သွားဆေးခန်းကို ဘယ်လိုလာပြသလဲ။ မင်း စဉ်းစားကြည့်စမ်း။

မောင်အတွာ လမ်းလျှောက်လာမှာပေါ့။ ကားရှိရင် ကားနဲ့လာမှာပေါ့။ ဆရာ့မေးခွန်းကလည်း ရှင်းရှင်းလေးပဲဟာ။

ဒေါက်တာနီး ဟာ ...၊ ငါက ဒီလိုမေးတာ မဟုတ်ဘူးကွ။ သွားဆေးခန်းလာတဲ့သူတွေဟာ အိပ်ရာကမထနိုင်တဲ့သူ နည်းတယ်။ အိပ်ရာက မထနိုင်တဲ့အဆင့်ဆိုရင်လည်း တခြားရောဂါတွေက တော်တော်ဆိုးနေပြီလေ။ အေး ...၊ သွားဆေးခန်းလာတဲ့သူတွေမှာ သွားနိုင်၊ စားနိုင်၊ လှုပ်ရှားနိုင်တဲ့ သူတွေက စမတ်(Smart)ကျကျနဲ့ လှလှပပပြင်ပြီး သွားလာကြတော့ သွားဆေးခန်းကိုလည်း လှလှလေး ပြင်လာကြတယ်ကွာ။

မောင်အတွာ ဒါတော့ မှန်တာပေါ့။ အဲဒါနဲ့ ဘာဖြစ်လဲ ဆရာ။

ဒေါက်တာနီး ဖြစ်တာပေါ့ကွ။ မိန်းကလေးတွေ လှလှလေးပြင်တယ်။ နှုတ်ခမ်းနီ အရောင်ကို အမျိုးစုံဆိုးထားတယ်ကွာ။ တကယ်လို့ သွားအရောင်တူပစ္စည်းနဲ့ သွားဖာမယ်ဆိုပါစို့။ နှုတ်ခမ်းနောက်မှာ ကပ်နေတာဟာ သွားကွ။ ဆရာဝန်ရဲ့လက်အိတ်နဲ့ နှုတ်ခမ်းနီတွေ ပေတယ်။ အဲဒီ နှုတ်ခမ်းနီက သွားဖာတဲ့ပစ္စည်းပေါ်မှာ တစ်ခါတလေ ထိသွားနိုင်တယ်။ လုံးဝ မထိဘူးဆိုရင်တော့ ကိစ္စမရှိဘူးပေါ့ကွာ။ ကပ်နေတာဆိုတော့ တိထာများတယ်။ ဒီတော့ နှုတ်ခမ်းနီဆိုးထားရင် သွားဖာတဲ့ပစ္စည်းရဲ့အရောင်က မတူနိုင်ဘူးပေါ့။ တကယ်လို့သာ နှုတ်ခမ်းနီ ဆိုးမထားဘူးဆိုရင် လုပ်ရကိုင်ရတာ လျင်မြန်တယ်။ အဆင်ပြေတယ်။ ဒါကြောင့် ရှေ့သွားဖာတဲ့အချိန်မှာ နှုတ်ခမ်းနီ မဆိုးသင့်ဘူးပေါ့ကွာ။

မောင်အတွာ ဒါဆိုရင် ဆရာဆိုလိုတာက သွားဆေးခန်းကိုပြရင် နှုတ်ခမ်းနီ ဆိုးမလာရဘူးပေါ့။ ဒါဆို သူတို့ဘက်ကကြည့်ရင် ဘယ်ကောင်းမလဲ။

ဒေါက်တာနီး ဒါက ရပါတယ်ကွာ။ အိမ်ကနေ ဆိုးချင်ရင် ဆိုးခဲ့ပေါ့။ ဆေးခန်းပြသမယ်ဆိုရင် နှုတ်ခမ်းနီဖျက်ပြီး စစ်ဆေးပြသပေးရမယ်။ သွားကုသမှုလုပ်ပြီးမှ နှုတ်ခမ်းနီပြန်ဆိုးပေါ့။ ဒီတော့ နှုတ်ခမ်းဆိုးဆေးတောင့်ကို ကြိုတင်ယူလာခဲ့ပေါ့။ ဒါဆို အားလုံး အဆင်ပြေတာပဲ။

မောင်အတွာ ဒါပဲလား ဆရာ။



သွားဆရာဝန်နှင့် ကွမ်းချေးများ

မောင်အတွာ ဆရာ ...၊ ကျွန်တော် ဘတ်စ်ကားပေါ်မှာ ကြားခဲ့ရတယ်။ ကောင်လေးတစ်ယောက် သွားဆေးခန်းကို ကွမ်းချေးခြစ်ချင်လို့ သွားတာ ခြစ်မပေးဘူးလို့ ပြောတယ်။ နောက်တစ်နေရာမှာ သွားတော့လည်း ခြစ်မပေးဘူးတဲ့။ နောက်ဆုံးတော့ ညွှန်တဲ့နေရာကို သွားတော့မှ ကွမ်းချေးတွေ ခြစ်ခဲ့ရတယ်တဲ့။ သွားဆရာဝန်ဖြစ်ပြီး ကွမ်းချေးမခြစ်ဘူးလို့ ပြောသံကြားတယ်။ ဒါ အမှန်ပဲလား။

ဒေါက်တာနိုး ဖြစ်နိုင်တာပေါ့ကွ။ ဆရာဝန်လည်း လူသားပဲ။ ခံစားချက်ရှိတာပေါ့။ ဆရာဝန်ဆိုတော့ ဘယ်လိုအခြေအနေဖြစ်ဖြစ် ရောဂါဆိုရင်တော့ ကုမှာပေါ့။ ညစ်ပတ်တာ၊ ဆင်းရဲတာ၊ ပညာမတတ်တာ၊ ရုပ်ဆိုးတာတွေနဲ့ မဆိုင်တော့ဘူး။ ရောဂါရှိတာမှန်သမျှတော့ ကုကြမှာပါ။ ဒါပေမဲ့ ကွမ်းချေးကျတော့ တစ်မျိုးကွ။

မောင်အတွာ ဘာလဲ တစ်မျိုးဆိုတာ။ ကွမ်းချေးခြစ်တာပဲ တစ်မျိုးရှိသေးလား။

ဒေါက်တာနိုး မင်းကတော့ ဥပမာပေးပြီး ပြောမှ သိမှာပါ။ ဒီလိုကွာ။ ဖျားနာနေတဲ့သူ တစ်ယောက်ပေါ့။ သူဟာ နာတာရှည်ဖြစ်နေတဲ့အချိန်မှာ လူနာကို သန့်သန့်ရှင်းရှင်းနဲ့ မမြင်ရ၊ မြင်ရ အရေးမကြီးဘူးလေ။ အဲဒီလူက အနာကိုဆေးလိမ်းဖို့၊ ဆေးထည့်ဖို့ ပြင်ဆင်တဲ့အခါ ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ်ပေါ့ကွ။ အဲ ... တကယ်လို့များ နောက်တစ်ယောက်က ကျန်းမာနေတယ်။ သွားနိုင်လာနိုင်၊ စားနိုင်တဲ့သူတစ်ယောက်က ဆေးထည့်ရမယ်။ ဒါပေမဲ့ သူက ညစ်ပတ်တယ်၊ ရေမချိုးဘူး၊ သန့်ရှင်းမှု မလုပ်ဘူးဆိုရင် လုပ်ရတာချင်းတူရင် ဘယ်သူ့ကို လုပ်ပေးချင်လဲကွာ။ လုပ်ရတာချင်း မှန်တယ်။ အခြေအနေချင်း မတူဘူးလေ။

ဒေါက်တာနိုး ဓိန်းကလေးတွေအတွက်ကျ မှန်တယ်။ အဲ ... ယောကျ်ားလေးတွေက ကွမ်းစားထားတယ်။ ကွမ်းစားရင်းနဲ့ ပြတယ်။ ဒါမဟုတ်သေးဘူးလေ။ ဒီလိုပြသမယ်ဆိုရင် ကွမ်းမစားရတော့ဘူး။ အိမ်ကနေ သွားတိုက်ပြီးမှ လာရတယ်။ ခွဲခန်းထဲဝင်ရင် တစ်ကိုယ်ရေသန့်ရှင်းမှု ကြိုတင်ပြုလုပ်ရတာပဲလေ။ သွားဆေးခန်းဆိုတာလည်း ခွဲခန်းအသေးစားပဲကွ။ သွေးနဲ့ အမြဲတမ်း ဆက်စပ်တာ။ ဒါတော့ သိသင့်တာပေါ့။

မောင်အတွာ ဒါတော့ ဆရာ။ ဘယ်သိမှာလဲ။ ပြောမှ သိမှာပေါ့။

မောင်အတွ ဆရာပေးတဲ့ ဥပမာက သိပ်ပြီးမရှင်းဘူး ဆရာ။ လုပ်ရမှာ မှန်ရင် လုပ်ပေါ့။ တူနေတာပဲဟာ။

ဒေါက်တာနိုး အေး ...၊ မင်းက ဥပမာနဲ့ပြောပြတော့ နားမလည်ဘူးကိုး။ အေး ...၊ တိုက်ရိုက်ပဲပြောပြမယ်ကွာ။ မင်းပြောတဲ့အတိုင်း ကွမ်းချေးခြစ်ဖို့ လာတဲ့သူနှစ်ယောက် ဆိုပါစို့။ တစ်ယောက်က ကွမ်းချေးတွေ ရှိတယ်။ သွားဖုံးရောဂါလည်း ရှိတယ်။ သူ့ရဲ့ဆန္ဒကလည်း ရောဂါရှိလို့ ကုချင်တယ်ကွာ။ ဟုတ်ပြီလား။ နောက်တစ်ယောက်ကလည်း ကွမ်းချေးတွေ ရှိတာပဲ။ သူက သွားဖုံးရောဂါကြောင့် မဟုတ်ဘူး။ ကွမ်းချေးတွေက ပါးစပ်ထဲမှာ ညစ်ပတ်နေလို့ကွာ။ သူ့ကျတော့ သွားဖုံးရောဂါလည်း မရှိ။ နာလည်း မနာတော့ ဆေးခန်းကို ကွမ်းတွေစားရင်းနဲ့ ကွမ်းချေးခြစ်ချင်လို့ လာနေတယ်ကွာ။ ဒီတော့ မင်းဘက်ကပဲ စဉ်းစားကြည့်ကွာ။ နှစ်ယောက်ထဲက ဘယ်သူ့ကိုပဲလုပ်ပြီး ဘယ်သူ့ကို မလုပ်ဘူးလဲ။ မင်း ရွေးကြည့်ပါ။

မောင်အတွ သွားဖုံးရောင်နေတဲ့ ကွမ်းချေးသမားကိုပဲ ကုမှာပေါ့။ ဒါကတော့ ရှင်းရှင်းလေးပဲဟာ။

ဒေါက်တာနိုး တိုက်ရိုက်ပြောတော့ နားလည်တာပေါ့။ ဟုတ်ပြီလား။ ရေချိုးပျင်းတဲ့သူက ရောဂါရှိတယ်ဆိုပြီး ဆရာဝန်လုပ်တဲ့သူကို ရေချိုးခိုင်းတာနဲ့ မတူဘူးလား။

မောင်အတွ အဲဒီလိုဆိုတော့ ဟုတ်တာပေါ့။

ဒေါက်တာနိုး အေး ...၊ အဲဒီအတိုင်း သွားမတိုက်ဘဲ ကွမ်းချေး လာခြစ်ခိုင်းတာဟာ ဆေးကုသဖို့လာတာ မဟုတ်ဘူး။ အမှိုက် လာ



လှည်းခိုင်းတာနဲ့ တူနေတယ်ကွ။ အဲဒီတော့ အရင်တုန်းက ကွမ်းတွေစားတယ်။ မစားတော့ဘူးလို့လည်း ဆုံးဖြတ်ထားတယ်။ ဆေးခန်းကို သွားတဲ့အခါမှာလည်း သွားတိုက်ပြီးမှ သွားတယ်ဆိုရင်တော့ ဆရာဝန်တစ်ယောက်အနေနဲ့ လုပ်ပေးကြမှာပါ။

မောင်အတွ ဆရာ လုပ်ပေးပြီး ပြန်စားနေကြတာကော ...။

ဒေါက်တာနိုး ဒီလိုအဖြစ်တွေရှိလို့ ကွမ်းချေးမခြစ်ကြတာပေါ့ကွာ။ ရောဂါခံစားရတဲ့သူက ကြောက်သွားတယ်။ မစားတော့ဘူး။ တကယ် ခံစားရတာကိုး။ သာမန်လူတွေက ကွမ်းစားတယ်။ ကြည့်လို့ မကောင်းဘူးဆိုရင် ကွမ်းချေးခြစ်တယ်။ ပြန်လှသွားရင် ပြန်စားတယ်ကွာ။ ဒီတော့ ဆရာဝန်ဆိုတာလည်း လူသားပဲကွာ။ တစ်ကြိမ် ရေချိုးမလာခဲ့ရင် ချိုးပေးတာပေါ့။ တစ်ခါလာလည်း ရေမချိုး၊ နောက်တစ်ခါလာလည်း ရေမချိုးနဲ့ ဘယ်လို လုပ်မလဲ။

မောင်အတွ ဒါဆိုရင် သွားဆရာဝန်တွေ ကွမ်းချေးမခြစ်ဘူးဆိုတာ မှားတာပေါ့နော်။

ဒေါက်တာနိုး အေးပေါ့ကွာ။ ပုံသေမမှတ်နဲ့လေ။ ယပက်လက်နဲ့ ကကြီး၊ ဂငယ်နဲ့ ပစောက်။ သေချာကြည့်ရင် နေရာထားတဲ့အလိုက် အဓိပ္ပာယ် လိုက်ကွဲနေမှာပဲလေ။ အကုန်လုံးတော့ မတူနိုင်ဘူး။ ဒီတော့ ကိုယ်ကိုယ်တိုင် ကွမ်းချေးခြစ်ချင်ရင် လိုက်နာသင့်တဲ့ ကိုယ်ပိုင်ကျင့်ဝတ်လေးတော့ ရှိတာပေါ့ကွာ။

မောင်အတွ ဆရာ ဘာလဲ ...၊ ကိုယ်ပိုင်ကျင့်ဝတ်ဆိုတာ ...။

ဒေါက်တာနိုး ကိုယ့်ဘာသာကိုယ် ကျင့်ယူရမယ့် ဝတ္တရားပေါ့ကွာ။ သွားဆေးခန်းကို ကွမ်းချေးခြစ်ဖို့ သွားမယ်ဆိုရင် ကွမ်းစားနေရင်းနဲ့ မပြဘဲ အိမ်မှာပဲ သန့်ရှင်းရေးလုပ်၊ သွားတိုက်ပြီးမှ ပြရမယ်ဆိုတာကတော့ သိထားသင့်တဲ့ ကျင့်ဝတ်ပေါ့ကွာ။

မောင်အတွ ဒီလောက်ကတော့ လုပ်နိုင်ပါတယ် ဆရာရယ် ...။

ဒေါက်တာနိုး လက်တွေ့နဲ့ အပြော ကွာတာက ခွကျနေတယ်ကွာ။

ဒေါက်တာနီး ငါ ရှင်းပြမယ်ကွာ။ တို့တစ်တွေ လူရဲ့အသက်ကို ပြောကြရအောင်။ လူရဲ့အသက်ကို အဓိက ထိန်းချုပ်ပေးတာ နှလုံးပဲကွာ။ နှလုံးမခုန်တော့ဘူးဆိုရင် လူတစ်ယောက်ဟာ သေတာပဲပေါ့နော်။ ဒါရော လက်ခံသလား။

မောင်အတွာ လက်ခံပါတယ်။ ဒါကြောင့် လူတွေသေရင် ပုပ်သွားတယ်။ လူပ်ရှားမှု မရှိတော့ဘူး။ အားလုံး ရပ်ဆိုင်းသွားတာပဲလေ။

ဒေါက်တာနီး အေး ...၊ အဲဒီလိုပဲ။ သွားလို့ပြောရင်လည်း သွားအတွင်းထဲမှာ နှလုံးလိုပဲ အသက်ရှိနေတယ်ကွ။ နှလုံးက ခန္ဓာကိုယ်ကျန်းမာရေးအတွက် သွေးနဲ့ အာဟာရဓာတ်တွေ ထောက်ပံ့နေတယ်။ သွားထဲမှာ ရှိနေတဲ့ အသားနုကလည်း သွားရဲ့ကျန်းမာရေးကို ထောက်ပံ့ပေးတာပဲ။ တကယ်လို့များ အသားနုကပုပ်သွားရင် သွားကို ထောက်ပံ့မပေးတော့ဘူး။ ဒီတော့ သွားလည်း ခိုင်ခံ့မှုမရှိတော့ဘူးပေါ့။

မောင်အတွာ ဩော် ... ဒီလိုလား။ ဒါကြောင့် သွားတွေ ဘာမှမရှိတော့ဘဲ ပဲ့နေတာကိုး။

ဒေါက်တာနီး ဟုတ်တာပေါ့ကွာ။ သွားအတွင်းက အသားနုအလွှာပုပ်ရင် ဒီလိုပဲ ပျက်စီးတာပဲ။

မောင်အတွာ ဒါဆိုရင် ဘာလို့ အသားနုလွှာ ပုပ်ရတာလဲ။

ဒေါက်တာနီး အသားနုလွှာ ပုပ်ရတာက သွားပိုးစားတာတို့၊ အသားနုလွှာထိခိုက်မိတာတို့ကြောင့်ပဲပေါ့။ အဓိကအကြောင်းတရားကတော့ သွားမတိုက်လို့ သွားအသားနုလွှာ ပုပ်ရတာပဲ။ သွားတိုက်တဲ့သူတွေမှာ သွားရောဂါ မရှိဘူး။

မောင်အတွာ ဆရာ ...၊ ကျွန်တော် သတိထားမိတာကလေ ...၊ သွားရောဂါက သွားတိုက်တာနဲ့ ကာကွယ်ပြီးသားပဲနော်။

ဒေါက်တာနီး အေးပေါ့ကွာ။ သွားတိုက်ပါလို့ ပြောပေမဲ့ သွားမတိုက်ကြလို့ သွားတိုက်ဖို့ပဲ ပြောတာပေါ့။ သွားတိုက်တာ စနစ်မှန်နေသရွေ့ ဘာရောဂါမှ မဖြစ်ဘူး။ သွားတိုက်တာထက်ကောင်းတဲ့ အစားထိုး ကာကွယ်မှု မရှိတော့ဘူး။

မောင်အတွာ ကျွန်တော် သွားတိုက်ပါတော့မယ် ဆရာ။

သွားအသက်

မောင်အတွာနှင့် ဒေါက်တာနီးတို့သည် ၃၃ လမ်းရှိ လေထန်ကုန်းလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြပါသည်။ မောင်အတွာဆိုသူမှာ စကားပြောတိုင်း 'အတွာ'ကိုသာ ထပ်ကာထပ်ကာသုံးပြီး ပြောလေ့ရှိသဖြင့် 'မောင်အတွာ'ဟုပင် ခေါ်ဆိုခြင်းဖြစ်သည်။

မောင်အတွာ ဆရာ ...၊ တချို့လူတွေက သက်တမ်းတော်တော်ရှည်ကြတယ်နော်။ တချို့ဆိုလည်း ငယ်ငယ်လေးနဲ့ပဲ အသက်ဆုံးရှုံးကြရတယ်။ မတူညီကြဘူးနော်။ အသက်ရှည်တဲ့လူက ဘဝကို ကြာကြာနေရတာပေါ့နော်။

ဒေါက်တာနီး ဒါပေါ့ကွာ။ အသက်ကို တန်ဖိုးထားရတာပေါ့။ လူတိုင်း လိုချင်ကြတဲ့ ဆုပဲလေ။ ဒါကြောင့် ကျန်းမာခြင်းနဲ့ ချမ်းသာခြင်းမှာ ဆိုရင် ကျန်းမာခြင်းကိုပဲ လိုချင်ကြတာပဲလေ။ ချမ်းသာပြီး မကျန်းမာရင် ဘာမှလုပ်လို့မရဘူးလေ။ ကျန်းမာပြီး မချမ်းသာခဲ့ရင် ချမ်းသာအောင် ပြင်ဆင်ကြိုးစားလို့ ရနေတာပဲ။

မောင်အတွာ မှန်တော့ မှန်တာပေါ့ ဆရာ။ တချို့ကျတော့ ချမ်းသာတာကို လိုချင်ကြသေးတယ်။ ချမ်းသာပြီး လုပ်ချင်တာ လုပ်ရရင် သေပျော်ပါပြီတဲ့။ ဒါနဲ့ ဆရာ ...၊ သွားကျတော့ အသက်ရှိတယ်လို့ ပြောတယ်။ ဟုတ်သလား ဆရာ။

ဒေါက်တာနီး ဟုတ်တယ်။ သွားမှာလည်း အသက်သီးသန့်ရှိတယ်။ လူတစ်ယောက်မှာ ခန္ဓာကိုယ်သေသလိုပဲ သွားသေတာလည်း ရှိတာပဲကွ။

မောင်အတွာ ဆရာကလည်း လုပ်ပြန်ပြီ။ သွား သေရတယ်လို့။ သွား သေတယ် ဆိုမှတော့ သွားက ခန္ဓာကိုယ်ပဲဟာ။ ခန္ဓာကိုယ် မသေဘူးလား။ သွားတွေထဲမှာ ဘာအတွာရှိလို့လဲ။

နာကြောက် ... နောက်ကျ ...

မောင်အတွာ ဆရာ လူတိုင်း နာမှာကို ကြောက်ကြတယ်နော်။

ဒေါက်တာနီး အေးပေါ့ကွာ။ ဒါတောင် အဆင့်ခွဲခြားမယ်ဆိုရင် 'အို၊ နာ၊ သေဘေး ဒုက္ခဝေး' တဲ့။ ဒီစကားကိုကြည့်ရင် အိုတာ၊ နာတာနဲ့ သေတာတွေရဲ့ ဒုက္ခကို ဝေးဝေးကရှောင်ကြဉ်ချင်ကြတာ သဘာဝပဲလေ။

မောင်အတွာ အိုတာကတော့ ရှင်းရှင်းလေးပဲ။ အသက်ကြီးလာလို့ အိုတာပဲ။ အဝေးကြီးလိုသေးတယ်။ နာတာကတော့ ဖျားနာတာရော၊ ကိုက်ခဲလို့ နာတာရော အချိန်မရွေး ခံစားနေရတယ်။ သိနေရတယ်နော် ဆရာ။

ဒေါက်တာနီး ဒါကြောင့်ပေါ့။ လူတွေက နာတာကို ကြောက်နေကြတယ်။ နာတာကို ကြောက်တာက တကယ်ခံစားရဖူးလို့ ကြောက်တာရယ်၊ မခံစားဖူးဘဲနဲ့ကို သူများတွေက ပြောပြောပြီး ကြိုကြောက်တာရယ် ရှိတယ်ကွာ။ တကယ်ခံစားဖူးလို့ ကြောက်တာက ဖြေရှင်းလို့ လွယ်သေးတယ်။ ကြိုကြောက်တာက ဘာမှ လုပ်လို့မရ၊ ရှင်းပြလို့မရဘူး။

မောင်အတွာ ဟုတ်တယ်နော် ဆရာ။ တချို့ဆိုရင် သွားပြတဲ့သူ မေးကြည့်ရင် နာမှာကြောက်လို့ မလုပ်ဘူး။ သွားပြင်ပြီး မနေတတ်လို့ မပြဘူးဆိုတာနဲ့ နောက်ကျသွားတာ များတယ်နော်။

ဒေါက်တာနီး ဒါကြောင့် ...၊ ဒါကြောင့် နာမှာကြောက်လို့ နောက်ကျရတယ် ဆိုတာပေါ့။ နောက်ကျရတဲ့ အကြောင်းရင်းတွေက နာမှာကို မခံစားနိုင်လို့ပဲ။

မောင်အတွာ ဒါဆို နမူနာပြောပြပါလား။ နာမှာကြောက်လို့ နောက်ကျရတာတွေလေ ...။

ဒေါက်တာနီး ဥပမာကွာ၊ သွားပိုးစားတာပဲ ဆိုပါစို့။ စစချင်း သွားပိုးစားတဲ့ အချိန်မှာ ပြသပြီး အစစ်ဆေးခံကြည့်ပါလား။ နာတာလည်း မခံစားရ၊ ကုသမှုလည်း ထိရောက်၊ ကာကွယ်မှုလည်း ပြည့်စုံ၊ ခိုင်ခံ့မှုလည်း ရှိ၊ နှစ်ပေါင်းများစွာလည်း အသုံးဝင်၊ ခံစားရတာလည်း မရှိ၊ ကုဖို့ နောက်ကျသွားပြီ ဆိုတာလည်း မရှိဘူး။ ကောင်းတာတွေချည်း ပြည့်နေတာပဲ။

အဲ ... နာမှာစိုးလို့ မပြတော့ အခုနက ကောင်းတာတွေ မခံစားရတော့ဘူး။ ဆိုးကျိုးတွေပဲ ရှိတယ်။

ဒီ ဆိုးကျိုးနဲ့ အပြစ်က နောက်ကျလို့ပဲပေါ့။ နောက်ကျသင့်တာက သေခြင်းတရားပဲ ရှိတယ်လေ။ သွားပိုးစားတာကိုကုဖို့ နောက်ကျခဲ့ရင် နာတာအပြင် မျက်နှာရောင်၊ သွားဖုံးရောင်၊ အလုပ်ပျက်၊ အစားပျက်၊ အအိပ်ပျက်ပြီးတော့ သွားတစ်ချောင်းလုံး ဆုံးရှုံး။ သွားတုနဲ့နေရ။ ကြိတ်ဝါးအားမရှိ။ အရသာမရှိနဲ့ကွာ။ နောက်ဆက်တွဲဆိုးကျိုးတွေ အများကြီးကွာ ...။

မောင်အတွာ သဘောပေါက်လာပြီ ဆရာ။ ဆရာပြောတာ ရှင်းပါတယ်။

ဒေါက်တာနီး အေး ... ရှိသေးတယ်ကွ။ သွားစိုက်တာပဲ ကြည့်ကွာ။ သွားက နုတ်ပြီး သုံးလလောက်ဆိုရင် ပြန်အစားထိုးရမှာ။ ဒါပေမဲ့ နာမှာကြောက်ကြတယ်လေ။ ဒီတော့ သွားစိုက်တာ နောက်ကျသွားရော။ နောက်ကျတော့ ပြင်လို့ရတာရှိသလို မရတာတွေလည်း ရှိနေတာပဲ။ စောစောပြင်တော့ စောစောလှပြီး စောစောအသုံးဝင်တယ်လေ။ ရည်ရွယ်ချက်က မူလအတိုင်း လိုချင်လို့လေ။ မူလအတိုင်း လိုချင်ရင် မူလအတိုင်းရဖို့ စောစောပြသင့်တယ်။

လူအိုသော်လည်း သွားမအို

မောင်အတွာ ဆရာရေ ...၊ အသက်ကြီးလာတာနဲ့ ခန္ဓာကိုယ်တစ်ခုလုံး ပြောင်းလဲလာတာပဲနော်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆို ကဗျာတောင် ရွတ်ရသေးတယ်။ 'အဘိုးကြီးအို ခါးကုန်းကုန်း မသေပါနဲ့ဦး၊ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦး' တဲ့။ နောက်ပြီး ပြောကြသေးတယ်။ ဆံပင်ဖြူ၊ မျက်စိမှုန်၊ သွားကျိုးတာဟာ ဇရာရဲ့လက္ခဏာတွေရဲ့ နိမိတ်တွေပဲတဲ့ ဆရာ။ ဒါတွေကို ဘယ်လိုပြောလို့ရမလဲ။

ဒေါက်တာနီး အေးကွ။ ဒီလိုတော့ စာဆိုမှာရော၊ လက်တွေ့မှာရော မှန်နေတာပဲလို့တော့ ပြောနိုင်တာပေါ့။ ဒါပေမဲ့ ဆရာက သွားဆရာဝန်ဖြစ်နေတော့ သွားကဏ္ဍတော့ ပြောချင်တာပဲ။

မောင်အတွာ ဘာလဲ ဆရာ။

ဒေါက်တာနီး လူအိုပေမဲ့ သွားကတော့ အိုမလာဘူးကွ။ ငါတို့ကို ပညာသင်ပေးခဲ့တဲ့ ဆရာကြီး ဒေါက်တာဦးသိန်းထွဋ်က ပြောဖူးတယ်။ သူ စာသင်တိုင်းပြောတာတော့ ဆံပင်ဖြူ၊ မျက်စိမှုန်၊ သွားကျိုးဆိုတာ အရင်တုန်းက ရှိပေမဲ့ သွားတိုက်နေရင်တော့ သွားကျိုးတယ်ဆိုတာ မရှိဘူးတဲ့ကွ။

မောင်အတွာ ဟုတ်ရဲ့လား ဆရာရယ်။ ဆရာတစ်ယောက်ပြောတာ ရှိသေးတယ် ဆရာရဲ့။

ဒေါက်တာနီး ဘာလဲကွ။ မင်းသိတာက ...။

မောင်အတွာ ဒီလို ဆရာရဲ့။ လူတွေဟာ မွေးကင်းစအခြေအနေနဲ့ အသက်ကြီးလို့ အိုမင်းရင့်ရော်တဲ့ အခြေအနေက အတူတူဖြစ်သွားတယ်တဲ့။

ဒေါက်တာနီး ဘယ်လို ဆိုလိုချင်တာလဲကွ။

မောင်အတွာ ဒါကြောင့် တချို့သွားတွေက စိုက်လို့ခက်ခဲနေတာကိုး။ နဂို သွားကို နဂိုအတိုင်း ပြန်ထည့်လို့ ဘာလို့မရတာလဲ၊ မစဉ်းစားဖိုဘူးလား။

ဒေါက်တာနီး နောက်ကျတော့ ပြောင်းလဲခြင်းတွေကို ခံစားရတာပေါ့။ နောက်ပြီး ရှိသေးတယ်။ ခံတွင်းကင်ဆာ ရှိ၊ မရှိ ကြိုတင်စစ်ဆေးမှု ခံယူသင့်တာပေါ့။

မောင်အတွာ ကုလို့ ရလို့လား။

ဒေါက်တာနီး ခံတွင်းကင်ဆာက ကြိုသာသိခဲ့ရင် ကြိုပြီးကုဖို့ မခက်ခဲပါဘူး။ နာမှာကြောက်လို့ နောက်ကျတာပေါ့ကွာ။ အဲဒါကို ကြိုသိပြီး ကြိုလုပ်ခဲ့ရင် ခံစားရတဲ့ နာတာတွေ မရှိဘူးပေါ့။

မောင်အတွာ နာမှာကြောက်လို့ နောက်ကျဆိုတာ သိပ်မှန်တာပဲ ဆရာရယ်။

မောင်အတွ မွေးခါစမှာလည်း သွားမရှိဘူး။ ဆံပင်မရှိဘူး။ စကားမပြောတတ်ဘူး။ အဲဒီလိုပဲလေ။ အသက်တွေ တအားကြီးလာရင်လည်း သွားက မရှိတော့ဘူး။ ဆံပင်တွေ ကျွတ်လာတယ်။ စကားပြောရင်လည်း ကလေးတွေလို ပြောချင်တာပြောလာတယ်။ အံသွားကလည်း မရှိတော့ဘူးလေ။ ဒါတွေက သဘာဝတရားက ပေးလာတာပဲ။ ပြုပြင်ရန်ခိုင်သေးလို့လား။

ဒေါက်တာနီး အေး ...၊ ရနိုင်လို့ ပြောတာပေါ့ကွာ။ သဘာဝတရားကြီးကို အန်တုနိုင်ဖို့ ပညာရှင်တွေက အမြဲ လေ့လာနေတာကိုး။ မင်းကို မေးမယ်ကွာ။ လူတွေ သွားနုတ်လိုက်ရတဲ့ ရည်ရွယ်ချက်က ဘာလဲကွ။

မောင်အတွ သွားကိုက်လို့၊ သွားနာလို့ပဲ နုတ်ကြတာပေါ့။

ဒေါက်တာနီး အေး ...၊ သွားကိုက်လို့ သွားနုတ်တယ်ဆိုပေမဲ့ အသက်ကြီးတဲ့သူတွေကျတော့ သွားနာလို့ မဟုတ်ဘူးကွ။

မောင်အတွ ဒါဆို ဘာဖြစ်လို့လဲ ဆရာ။

ဒေါက်တာနီး အသက်ကြီးတဲ့သူတွေက သွားတွေဟာ ဆရာဝန်တောင် မလိုဘူး။ သဘာဝအတိုင်းပဲ။ အလိုအလျောက် ကျွတ်ကုန်ကြတယ်။ တချို့က အယူတောင်ရှိကြတယ်။ သွားကျွတ်ရင် ကံမကောင်းဘူးပေါ့။

မောင်အတွ ဟုတ်တယ်လေ ဆရာ။ ဒါကြောင့် အသက်ကြီးရင် သွားမကောင်းတော့လို့ သွားမရှိတာ သဘာဝလေ။ ဆရာက ဘာပြောချင်သေးလို့လဲ။



ဒေါက်တာနီး အေး ... ငါပြောချင်တာက အသက်ကြီးလို့ သွားကျွတ်တာရဲ့အစက သွားကိုထောက်ပံ့နေတဲ့ သွားဖုံးနဲ့ မေးရိုးတွေ မကောင်းလို့ပဲလေ။

မောင်အတွ အဲဒီတော့ ဆရာ ဘာလုပ်မှာလဲ။

ဒေါက်တာနီး သွားဖုံးနဲ့ မေးရိုးတွေက သွားကို ထောက်ပံ့ပေးတာဆိုတော့ ဒီအချက်အလက်တွေ ကောင်းအောင် လုပ်ရမယ်။ အသက်ကြီးလာရင် ဒီအချက်တွေက အားနည်းလာတယ်။ ဒါကြောင့် ရောဂါရလာတယ်။ ပြီးတော့ သွားကျွတ်တယ်ပေါ့ကွာ။

မောင်အတွ ဟုတ်ပြီ ဆရာ။ ဆရာဆိုလိုချင်တာက သွားဖုံးနဲ့ မေးရိုးကို ရောဂါမရှိအောင် လုပ်ပေးရမယ်ပေါ့၊ ဟုတ်လား။

ဒေါက်တာနီး အေးပေါ့။ ဒီတော့ သွားဖုံးနဲ့ မေးရိုးတွေ ကောင်းအောင် သွားတိုက်တဲ့ နည်းစနစ်ကို ပုံမှန်ထက်ပိုပြီး စနစ်မှန်လုပ်ရမယ်။ ဓလေ့တစ်ခု ကျင့်သုံးရမယ်။ အမှုမဲ့ အမှတ်မဲ့ မနေရဘူးလေ။

မောင်အတွ သွားတိုက်တာပဲ လေ့ကျင့်ရဦးမလား။

ဒေါက်တာနီး ဒါပေါ့ကွာ။ သွားတိုက်တာက အရေးမကြီးဘူးဆိုပြီး အချိန်မှန်၊ စနစ်မှန် မတိုက်ကြတာဟာ သွားနဲ့ သွားဖုံးပျက်စီးချခြင်းရဲ့ အဓိကအကြောင်းတရားပဲ။ ဒီလိုဖြစ်ရတာလည်း သွားအပေါ် တန်ဖိုးထားတာ နည်းလို့ပဲ။

မောင်အတွ ဒါဆိုရင် သွားတိုက်တာဟာ လူအိုပေမဲ့ သွားမအိုဘူး ပြောချင်တာပေါ့။

ဒေါက်တာနီး အေးပေါ့ကွာ။ သွားကလည်း 'သင်ကောင်းလျှင် ကျန်ုပ်မဆိုး' ပါတဲ့။ သွားအပေါ်ကောင်းရင် သွားကလည်း ကောင်းနေမှာ။

သွားကျဲလေး

မောင်အတွာ ဆရာ ...၊ ကျွန်တော်လေ တချို့လူတွေကိုကြည့်ရင် သတိထားမိတာ ရှိတယ်။ ရှေ့သွားလေးတွေ ကျဲနေတာ တွေ့တော့ ကျွန်တော့်မျက်စိထဲမှာ ဘာလိုနေမှန်း မသိဘူး။

ဒေါက်တာနိုး ဟုတ်တာပေါ့ကွာ။ မင်းမြင်သလို လူတိုင်းရဲ့ရင်ထဲမှာ ခံစားရတဲ့ မြင်ကွင်းတစ်ခုလို့ ဆိုရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ ကွက်လပ်ကို လူတွေ မမြင်ချင်ကြဘူး။ သွားနှစ်ချောင်းကြားက ကွက်လပ်ဆိုတာ သွားကျဲနေလို့ ပေါ်နေတာလေ။ ကွက်လပ်ကို ဖြည့်ပေးရင် ညီညာမှုဆိုတဲ့ အဓိပ္ပာယ်ဖော်ကျူးတယ်။ ညီညာခြင်းဟာ စွမ်းအားကို ဖြစ်စေနိုင်သလို အလှအပကို ဖြစ်စေတာပေါ့။ ကွက်လပ်ရဲ့ အဓိပ္ပာယ်ဟာ ဟာနေတာပါပဲ။ ရင်ထဲမှာ ဟာနေခြင်းဆိုတာ လိုနေခြင်းပဲကွ။

မောင်အတွာ ဆရာလည်း လိုတာထက် ညွှန်းနေသလိုပဲ။ ဘာတွေ လိုနေရတာလဲ။

ဒေါက်တာနိုး ကွက်လပ်ဆိုတာက တစ်နည်းပြောရရင်တော့ မပြည့်တာပဲကွာ။ အကွက်တွေ တန်းစီချထားတဲ့အခါ တစ်ခုလိုနေရင် အဲဒီအကွက်တွေက လိုနေသလို ဖြစ်လာတာပဲလေ။ မညီညာခဲ့ရင်လည်း ကွက်လပ်ပဲပေါ့။ လက်နှစ်ချောင်းရှိနေတာ တစ်ချောင်းမရှိတော့ရင် ကွက်လပ်တစ်ခုပဲ။ ဟာနေတာ မြင်နေရတယ်။ လိုအပ်တာ ဖော်ညွှန်းနေတာပဲ။

မောင်အတွာ ဆရာကလည်း သွားအကြောင်းကနေ ဘယ်ရောက်ကုန်ပြီလဲ။ ကျွန်တော်က သွားကျဲတာကို ပြောတာလေ။

ဒေါက်တာနိုး အေး ... ငါကလည်း သွားကျဲတာကို နှိုင်းယှဉ်ပြတာပဲ။ ရှေ့သွားတည့်တည့်မှာ ကျဲကျဲလေးဖြစ်နေတော့ မျက်နှာမှာ အပေါက်ကြီး တွေ့နေရသလိုပဲ။ ဒီတော့ ကြည့်ရှုသူတွေရဲ့ မျက်လုံးကို နှိုင်းယှဉ်တာပေါ့။ ဒါတောင် တချို့က အယူတွေ ရှိနေကြသေးတယ်။

မောင်အတွာ သွားကျဲတာနဲ့ ဘာအယူပေါ်လာရတာလဲ။

ဒေါက်တာနိုး သွားကျဲတဲ့သူတွေမှာ တချို့က စျေးရောင်းတဲ့သူဖြစ်ရင် စျေးရောင်းမကောင်းဘူးတဲ့။ အလုပ်တစ်ခုခု လုပ်တော့မယ်ဆိုရင် တချို့ကျတော့လည်း ကံမကောင်းဘူးတဲ့။ တချို့ကျတော့လည်း အိမ်ထောင်ရေး ကံမကောင်းဘူးတဲ့။ အမျိုးမျိုးပဲ ယုံကြည်နေကြတယ်။ ဒီတော့ ဟာနေတာကို နိမိတ်ယူတာပဲလေ။ ပြည့်သွားရင် ဒီအဓိပ္ပာယ် မရှိတော့ဘူး၊ ပြည့်စုံပြီပေါ့။

မောင်အတွာ ဆရာပြောတဲ့ ပြည့်သွားရင် ဆိုတာကကော ...။ ဘာလုပ်မှ ပြည့်မှာလဲ။

ဒေါက်တာနိုး ကျဲနေလို့ဆိုတာ သွားတစ်ချောင်းနဲ့တစ်ချောင်း ထိမနေတာပဲလေ။ ထိအောင် လုပ်ရမှာပေါ့။ ဒီလိုကျဲတာကို ရိုးရိုးလေး စဉ်းစားကြည့်ကွာ။ ကျဲနေရင် ရွှေ့လိုက်မယ်။ ဒါဆိုလည်း ထိသွားတာပဲလေ။ နောက်ပြီး သေးနေတာကို ကြီးအောင် လုပ်လိုက်မယ်။ ဒါလည်း ထိတာပဲ မဟုတ်လား။ နောက်ပြီး ကျဲနေတဲ့အထဲ တစ်ခုအစားထိုးမယ်ကွာ။ ဒါလည်း ထိသွားတာပဲ မဟုတ်လား။

မောင်အတွာ ဆရာပြောတော့ ဟိုလိုလုပ်လိုက်ပါ၊ ဒီလိုလုပ်လိုက်ပါနဲ့ လွယ်လွယ်လေးပါလား။

ဒေါက်တာနိုး လွယ်တာတော့ မဟုတ်ဘူးပေါ့။ နားလည်ရလွယ်အောင် ပြောတာပေါ့။ သွားသေးနေတာကို ရောင်ခြည်နဲ့ သွားကို ကြီးအောင်

သွားမလှူသူ မဖတ်ရ

မောင်အတွာ ဆရာရေ ...၊ လူတွေက မလုပ်နဲ့ဆိုမှ လုပ်ချင်ကြတယ်။ လုပ်ပါ ဆိုတာကျတော့ မလုပ်ချင်ကြဘူးနော်။ ဘယ်လို ဖြစ်တာလဲ။

ဒေါက်တာနီး စိတ်ပိုင်းဆိုင်ရာ တံ့ပြန်မှုပဲပေါ့ကွာ။ အဲဒီလိုမလုပ်နဲ့၊ မစားနဲ့၊ မဖတ်နဲ့၊ မသောက်နဲ့ဆိုမှ လုပ်ရတာ အရသာရှိတာကိုး။ ဒါကြောင့် တချို့ကပြောတယ်။ ခိုးစားတဲ့အသီးက ပိုချိုတယ်တဲ့။ လိုရာကို ဆွဲပြောတာပါ။ နည်းနည်းစားရလေ၊ ပိုပြီး စားချင်လာလေ၊ ပိုပြီး ရဖို့မရှိလေ၊ အာသာမပြေလေပဲကွာ။ ကဲ ... ကြိုက်သလောက်စား၊ ကြိုက်သလောက်သောက် ဆိုတော့ ဗိုက်ဝသွားတော့ ဆက်ပြီး မစားသောက်နိုင်တော့ဘူးပေါ့ကွာ။

မောင်အတွာ ဟုတ်တယ် ဆရာရေ ...။ ဒါကြောင့်ပေါ့။ 'ဆေးလိပ် မသောက်ရ'ဆို ပိုပြီးသောက်ကောင်း ဆိုပဲ။ 'မြက်ခင်းပေါ်မနင်းရ'ဆိုမှ မြက်ခင်းပေါ်ရွေးပြီး နင်းကြတယ်။

ဒေါက်တာနီး ဒါကြောင့် ငါကလည်း မလုပ်ချင်တာတွေ လုပ်ချင်လာအောင်လို့ 'သွားမလှူသူ မဖတ်ရ'လို့ ဆိုတာပေါ့။ ဒီလိုဆိုတော့ လှတဲ့သူကော၊ မလှတဲ့သူကော ဖတ်ချင်ကြတာပဲလေ။ သွားဆိုတာ ကြောက်စရာမဟုတ်ဘူးလို့ ယူဆပြီး ပေါ့နေကြတဲ့သူအတွက် လေးသွားတာပေါ့ကွာ။

မောင်အတွာ ဆရာက ဘာပြောချင်တာလဲ။

ဒေါက်တာနီး သွားလှတဲ့သူတွေက ပြောစရာမရှိပေမဲ့ သွားမလှတဲ့သူတွေအတွက်ကျ ပြောစရာရှိတယ်။

မောင်အတွာ သွားမလှတော့ ဘာဖြစ်သလဲ ဆရာရယ်။ သွားဆိုတာ အစာစားဖို့ပဲဟာ။ မသေခင်မှာ စားလို့ကောင်း၊ သောက်လို့ကောင်းရင် ပြီးတာပဲလို့ သတ်မှတ်ကြတာပဲ။

ဒေါက်တာနီး မင်းပြောတာတော့ မှန်တာပေါ့။ ဝါးလို့ရ၊ စားလို့ရရင် ပြီးတာပဲလေ။ သွားညီနေတာဟာ သွားလှတာ၊ သွားလှတဲ့သူတွေ

လုပ်လိုက်။ စေ့သွားမယ်ပေါ့။ ဒါက နောက်တစ်မျိုးပြောတာပဲ။ ကျဲနေတာကပြုပြင်လို့ရတယ်ဆိုတာမျိုး ပြောတာလေ။

မောင်အတွာ ဒါဆို သွားကျဲတာ ကိစ္စမရှိဘူးပေါ့။ သွားကျဲတော့ ဘာဖြစ်နိုင်သလဲ။

ဒေါက်တာနီး ထွေထွေထူးထူးတော့ မရှိပါဘူး။ သွားကျဲတော့ စကားပြောရင် လေထွက်တာပဲပေါ့။ နောက်ပြီး မလှဘူးပေါ့။ ကမ္ဘာကျော်တွေဖြစ်တဲ့ မက်ဒေါနား(Madona)နဲ့ အယ်လ်တန်ဂျွန်(Elton John)တို့က သွားကျဲတဲ့သူတွေပဲလေ။

ဒေါက်တာနီး ဆရာကလည်း ပေါက်တီးပေါက်ရာ။ သူတို့ ကြားသွားပါဦးမယ်။

မောင်အတွာ ဘယ်လိုပဲဖြစ်ဖြစ် သွားကျဲရင် မပြည့်စုံတာတော့ မပြည့်စုံဘူးပေါ့။

ကွန်ပျူတာနှင့် သွားဆရာဝန်

မောင်အတွာ ဆရာ ... ခေတ်တွေကတော့ တအားပြောင်း၊ တအားမြန်ပဲ။ လျှပ်တစ်ပြက်အတွင်းမှာကို ပြောင်းလဲနေတယ်။ တရားကျတယ် ဆိုတဲ့စကားက ဒီလို ပြောင်းလဲခြင်းတွေများလာမှ သိသာတယ် ဆရာ။ ကျွန်တော်မေးချင်တာက ကွန်ပျူတာက သွားဆရာဝန်တွေအတွက် ဘယ်လို အသုံးဝင်သလဲဆိုတာ ဆရာသိရင် ပြောပြပေးပါလား။

ဒေါက်တာနီး ကွန်ပျူတာဆိုတာက အစီအစဉ်တကျ အသုံးဝင်တဲ့စက်ပါ။ ကွန်ပျူတာထဲမှာ အချက်အလက်တွေ ထည့်မယ်။ ပြီးရင် သိုလှောင်ထားမယ်။ အဲ ... နောက်တစ်ခုက ကိုယ်လိုချင်တဲ့၊ လုပ်ချင်တဲ့ အကြောင်းအရာတွေကို ခွဲခြမ်းစိတ်ဖြာ သုံးသပ် ပုံဖော်ပေးပြီးမှ အဲဒီအချက်အလက်တွေကို ပြန်လည်ထုတ်ယူတာပါပဲ။ လွယ်အောင်ပြောရရင်တော့ သွင်း၊ သိမ်း၊ ထုတ်ပေါ့။ ကွန်ပျူတာတွေက ဒီလို အစီအစဉ်ချပေးနိုင်တော့ သက်ဆိုင်ရာ လုပ်ငန်းတိုင်းမှာ အသုံးချနိုင်သလောက် အသုံးဝင်နေတာပဲလေ။ သွားဘက်ဆိုင်ရာကဏ္ဍအနေနဲ့ ကွန်ပျူတာနဲ့ လုပ်ဆောင်ပေးနိုင်တာတွေ ရှိပါတယ်။

မောင်အတွာ ဘာတွေလုပ်လို့ရပြီး ဘယ်သူတွေမှာ အသုံးဝင်တာလဲ ဆရာ။

ဒေါက်တာနီး ကွန်ပျူတာက ဆရာဝန်အတွက် အသုံးဝင်တာတင် မကပါဘူး။ လူနာအတွက်လည်း အသုံးဝင်ပါတယ်။ ပိုပြီး အဆင့်မြင့်မြင့်လေး ဖန်တီးယူမယ်ဆိုရင် သုတေသနပြုလုပ်ချင်သူအတွက် ပိုပြီးတိကျတဲ့ အဖြေတွေကို ရရှိစေနိုင်တယ်။

မောင်အတွာ ဒါဆို ဆရာတို့ သွားဆရာဝန်တွေမှာလည်း ကွန်ပျူတာသုံးတဲ့ နည်းပညာ ရှိတာပေါ့နော်။

ဟာ သွားညှီနေတဲ့သူတွေ။ ဒီလို ဆက်စပ်မှုရှိပြီးတော့ သွားလှတဲ့သူတွေရဲ့ နောက်ကွယ်မှာ သွားကျန်းမာရေး ကောင်းမွန်တာပဲကွ။

မောင်အတွာ ဘာလဲ ဆရာ။ သွားလှရင် သွားကျန်းမာရေး ကောင်းမွန်တယ်လို့ ပြောတာလား။ သွားလှတာနဲ့ပဲ သွားက ကောင်းတယ်လို့ ပြောနိုင်လို့လား။

ဒေါက်တာနီး ဒါပေါ့ကွ။ သွားလှတဲ့သူက သွားညှီတယ်။ သွားညှီတဲ့သူတွေက သွားပိုးစားရောဂါတွေ၊ အစာညှပ်တဲ့ ပြဿနာတွေ မရှိဘူး။ ဒီတော့ သွားရောဂါမရှိနိုင်ဘူး။ ခံတွင်းသန့်စင်မှု နည်းလွန်းနေရင်တော့ သွားက ပိုးစားနိုင်တာပေါ့။ သွားညှီတဲ့သူဟာ သွားကောင်းဖို့အတွက် အထောက်အကူ ပြုတာပဲလေ။

မောင်အတွာ သဘောပေါက်ပြီ ဆရာ။ သွားလှရင် သွားညှီမယ်။ သွားညှီရင် သွားရောဂါဖြစ်ဖို့အတွက် အခွင့်အရေးနည်းပါးမယ်ပေါ့။ ဟုတ်ပြီလား။

ဒေါက်တာနီး ဒါပေါ့ကွာ။ မင်းက တံတောင်ပြရင် ချိုင်းမွေးမြင်တဲ့လူပဲ။

မောင်အတွာ ဟာ ... လုပ်ပြန်ပြီ။ တစ်ထွာပြလို့ တစ်တောင်မြင်တာပါ။

ဒေါက်တာနီး အေးပါကွာ။ ဒီလိုပဲပေါ့။ ပြောရင် ချက်ချင်းနာလည်တာပေါ့။ အေး ...၊ သွားမလှတဲ့သူတွေက မွေးရာပါပဲ။ လှစရာ မလိုပါဘူး။ မလှလည်း စားလို့ရတာပဲဆိုတဲ့ အတွေးအခေါ်တွေ ဖျောက်သင့်ပြီကွာ။

မောင်အတွာ ဆရာ ...၊ လှတာမက်ရင် ညစာခက်တယ်ဆို။

ဒေါက်တာနီး အေး ...၊ ဒါက အရင်တုန်းက ထမင်းတောင်မချက်ဘဲ အလှပြင်နေတော့ ညစာခက်တယ် ပြောတာကို။ နောက်တစ်မျိုးက လိုတာထက်ပိုပြီး အလှကုန်ပစ္စည်းတွေ ဝယ်သုံးတော့ အိမ်တွင်းစီးပွားရေး ဘတ်ဂျက်ထိခိုက်တာကို။ ဒါကြောင့် ပြောတာပေါ့။ တကယ်တော့ ဒီခေတ်၊ ဒီအချိန်မှာ အလှကြောင့် ညစာ နှစ်ထပ်စားရတာတွေ အများကြီးပါ။

မောင်အတွာ ဘာလဲ ...၊ နှစ်ထပ်စားရတယ်ဆိုတာ။

ဒေါက်တာနီး ပိုလျှံတာကို ပြောတာပါ။ အလှမက်လို့ ညစာမခက်ဘဲ ပိုတောင်ပိုလျှံသေးတယ်လေ။ ဒါကြောင့် သွားမလှတဲ့သူတွေက မဖတ်ဖြစ်ဘဲနေမှာ ကြောက်လို့ 'သွားမလှသူ မဖတ်ရ'လို့ ရေးတာပေါ့။ ဒါမှ သွားမလှတဲ့သူတွေက ဘာကြောင့် မလှရတာ၊ ဘာလုပ်မှရမယ်ဆိုတာ စဉ်းစားလာမှာပေါ့။

မောင်အတွာ ဟုတ်တာပေါ့ ဆရာရယ်။ လူတွေက သွယ်ဝိုက်ပြောမှ တဲ့(ဒဲ့) သိတာကိုး။

ဒေါက်တာနီး ရှိတာပေါ့ကွာ။ ဒီလို သုံးဖို့အတွက် ကွန်ပျူတာ ကိရိယာ (hardware)တွေ၊ မြင်ရတဲ့ အသုံးချ အစီအစဉ်ချမှတ်ချက် (software)တွေ လိုအပ်တယ်။ ဒါတွေက မပေါများသေးတော့ တွင်တွင် ကျယ်ကျယ် မသုံးနိုင်သေးတာပေါ့။

မောင်အတ ဒါဆို ရိုးရိုးကွန်ပျူတာတစ်လုံး ရှိရုံနဲ့ သုံးလို့မရသေးဘူးလား။

ဒေါက်တာနီး ရပါတယ်။ တချို့ အသုံးချစရာတွေမှာဆိုရင် သီးသန့်ဟာ့ဒ်ဝဲ (hardware)လိုပါတယ်။ ဥပမာဆိုပါစို့။ ခံတွင်းထဲမှာရှိတဲ့ အစိတ်အပိုင်းကို မြင်ရဖို့နဲ့ မှတ်တမ်းယူဖို့အတွက် ခံတွင်းကြည့်ကိရိယာ (oral camera) လိုတယ်။ ဒါက ဟာ့ဒ်ဝဲပေါ့။ ဒီလိုကိရိယာတွေက သီးသန့် ဝယ်နေရတယ်လေ။ ပြီးတော့မှ ဆော့ဖ်ဝဲ(software)နဲ့ မှတ်တမ်းယူနိုင်တယ်။ မင်းပြောတဲ့ ရိုးရိုးကွန်ပျူတာနဲ့ လုပ်လို့ရနိုင်တာက သွားဘက်ဆိုင်ရာ အသုံး ပြုမှုအနေနဲ့ လူနာမှတ်တမ်း အချက်အလက်တွေ၊ ရုပ်ပုံ၊ ဗီဒီယိုတွေ၊ လူနာ နဲ့ ဆရာဝန် ငွေစာရင်းရှင်းတမ်းတွေ၊ သွားတုပညာရှင်ရဲ့ အချက်အလက်တွေ၊ ငွေရှင်းတမ်းတွေ၊ လူနာအတွက် ညွှန်ကြားလွှာတွေကို ထည့်သွင်း(သိမ်းထား) ထုတ်ယူပေးနိုင်တာပဲလေ။ ဒါတွေက ရိုးရိုးကွန်ပျူတာနဲ့ လုပ်လို့ရနိုင်တာပေါ့။ လိုနေတာက ပရိုဂရမ်မာနဲ့ ဆရာဝန်ရဲ့ကြား လိုအပ်ချက်ကို ဖြည့်ဆီးထားမှု ပဲ။ ပရိုဂရမ်မာဟာ သူ့အပိုင်းပဲ သူသိတယ်။ သွားဆရာဝန်ကလည်း သွား



အကြောင်းပဲ သိတာကိုး။ ဒီလို နှစ်ဦးမျှတ နားလည်ပြီး ရေးဆွဲထားတဲ့ ဆော့ဖ်ဝဲကို အသုံးချပေးရင် သွားဆရာဝန်အတွက် ကွန်ပျူတာဟာ လုံးဝ အသုံးဝင်သွားတာပေါ့။

မောင်အတ ဒါဆိုရင် ဘယ်လို ထူးထူးခြားခြား အသုံးပြုနိုင်သလဲ ဆရာ။

ဒေါက်တာနီး လူနာတစ်ယောက်က လွန်ခဲ့တဲ့ ငါးနှစ်က ပြသထားတယ် ဆိုပါစို့။ အဲဒီလိုအချိန်မှာ ဆရာဝန်ဆိုတာ လူပေါင်းစုံ ဆက်ဆံ ရတော့ လူကို မမှတ်မိသလို ရောဂါနဲ့ အခြေအနေကိုလည်း မမှတ်မိဘူးလေ။ တကယ်လို့သာ ကွန်ပျူတာနဲ့ မှတ်တမ်းယူထားခဲ့ရင် ပြန်ပြီး ခွဲခြမ်းစိတ်ဖြာ (analysis) လုပ်နိုင်တာပေါ့။ အရင်က အခြေအနေ၊ ကုသပြီးအခြေအနေကို သိလာတယ်လေ။ ဒါ့အပြင် ခံတွင်းကင်ဆာ ဆိုပါစို့။ ပြောသာနေတယ်။ မမြင်ရရင် မကြောက်ဘူးလေ။ မြင်ရဖို့အတွက် ကွန်ပျူတာထဲ သိမ်းထားပြီး ပြသပေးဖို့ လိုနေတာပဲ။ ဒီတော့ ကွန်ပျူတာဟာ အသုံးဝင်တာပေါ့။ ဒါတောင် တချို့က သွားဆရာဝန်နဲ့ ကွန်ပျူတာ မဆိုင်ဘဲနဲ့ ဘာလို့သုံးနေရတာလဲလို့ ပြောကြတယ်။

မောင်အတ ဒါကတော့ သူတို့ မသိလို့နေမှာပေါ့။

ဒေါက်တာနီး အေး ...၊ ကွန်ပျူတာနဲ့ရေးမယ်၊ ပြောမယ်ဆိုရင် မကုန်နိုင် ဘူး။ ဒါတောင် အိုင်တီနည်းပညာ မပါသေးဘူး။

မောင်အတ ကွန်ပျူတာ၊ ကွန်ပျူတာနဲ့ ပြန်မာတွေကော သုံးကြလို့လား။

ဒေါက်တာနီး သုံးတာပေါ့။ တစ်ခုပဲ ရှိတယ်။ မျိုးဆက် ဟနေတာလေးပေါ့။ နောက်မျိုးဆက်က ကွန်ပျူတာ မရှိမဖြစ်ထဲမှာကို ပါနေပြီလေ။ အရင်မျိုးဆက်တွေကတော့ ကွန်ပျူတာကို သီးသန့်လေ့လာစရာလို့ပဲ တချို့က ထင်နေတုန်းပဲလေ။ ဘာပဲပြောပြော ကွန်ပျူတာဟာ လူနာတွေအတွက်ပါ အသုံးဝင်ပါတယ်။

မောင်အတ လူနာနဲ့ ဘာဆိုင်လို့လဲ ဆရာ။

ဒေါက်တာနီး တချို့ အချက်အလက်တွေ၊ အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာ တွေကို လူနာက ဂရုတစိုက် မသိမ်းဆည်းခဲ့ရင် မှတ်တမ်း ပျောက်မှာပေါ့။ အဲဒီလိုအချိန်မှာ ပြန်လည်ထုတ်ယူနိုင်ဖို့ ကွန်ပျူတာရှိရင် လူနာတွေအတွက် အလွန်အကျိုးရှိပါတယ်။

မောင်အတ ဒါဆို သဘောပေါက်ပြီ ဆရာ။ ကွန်ပျူတာက မမြင်ရတဲ့ အဖြစ်တွေ ရှိနေလို့ အထင်ကြီးစရာပဲနော်။

ဒေါက်တာနီး အေးပေါ့ကွာ။

သွားက ဆွေးတာလား၊ ပိုးစားတာလား

ဒေါက်တာနိုး(Dr. Know)နှင့် နွေဦးတို့သည် ဗိုလ်ချုပ်စျေးမှအပြန် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် လူကူးမျဉ်းကျားမှ ဖြတ်ကူးနေပါသည်။ ရာသီဥတုမှာလည်း နွေရာသီဖြစ်၍ ခြစ်ခြစ်တောက်ပူနေပြီး ကတ္တရာလမ်းမကြီးသည် မျက်စိတစ်ဆုံးတွင် ရောင်ပြန်များဟပ်၍ ရေပြင်ကြီးလို မြင်တွေ့ရပါသည်။ ထိုအချိန်တွင် နွေဦးက ဒေါက်တာနိုးကို လက်ညှိုးထိုး၍ စကား စပြောပါသည်။

'ကိုကြီး၊ ဟိုမှာ လူတွေ ...၊ ၂၉ လမ်းထိပ်မှာ ဝိုင်းအုံနေတာပဲ။ ခဏလောက် သွားကြည့်ရအောင်'

ဒေါက်တာနိုးကလည်း မဆိုင်းမတွပင် ပြန်ဖြေပါသည်။

'အေး ...၊ ကောင်းတာပေါ့။ ဘာလဲ မသိဘူး။ ကြည့်ရတာပေါ့။ စျေးချိုတဲ့ပစ္စည်းတွေ ရောင်းတာဆိုရင်လည်း ဝယ်သွားတာပေါ့'

ဒေါက်တာနိုးနှင့် နွေဦးတို့ လူအုံနေသော နေရာအရောက် ခြေဖျား ထောက်ပြီး လှမ်းကြည့်လိုက်ပါသည်။ အလယ်တွင် အမျိုးသားတစ်ယောက်က ပါးစပ်က တတွတ်တွတ်နှင့် ရွတ်ဆိုပြီး အဒေါ်ကြီးတစ်ယောက်အား ပါးစပ်ထဲမှရေကို ထွေးခိုင်းပြီး မှန်ဘီလူးနှင့် ပြပါသည်။ ပြီးလျှင် ဝိုင်းကြည့်နေသော လူတွေကို တစ်ယောက်စီ ပြသပေးပါသည်။

'ကြည့်ပါ၊ ကြည့်ပါ။ သွားပိုးစားကောင်တွေဟာ ရေထဲမှာလှုပ်ရှားတာ မြင်ရပါလိမ့်မယ်။ ဒီအဒေါ်ကြီးပါးစပ်ထဲက သွားပိုးစားကောင်တွေဟာ ကျွန်တော်တို့ရဲ့ ရိုးရာဆေးရည်နဲ့ ပလုတ်ကျင်းတဲ့အခါမှာ ထွက်ကျလာတာပါ။ ဒါဆို သွားပိုးမစားတော့ပါဘူး။ ချက်ချင်း သွားပိုးစားကောင်တွေ ပါးစပ်ထဲက ကျလာတာ တွေ့ရပါလိမ့်မယ်။ မယုံကြည်တဲ့သူကိုပဲ ဖိတ်ခေါ်ပါတယ်။ ဘယ်သူမဆို ပါးစပ်ထဲမှာ သွားပိုးကောင်တွေရှိနေရင် ကျွန်တော့်ဆေးရည်နဲ့ ဟောဒီ

လို ပလုတ်ကျင်းပြီး ထွေးချတာနဲ့ အကောင်တွေကို မြင်ရပါမယ်။ စျေးလည်း မများပါဘူး။ ဒုက္ခလည်း မပေးပါဘူး။ စမ်းကြည့်ပါ။ သုံးကြည့်ပါ။ တစ်ပုလင်းမှ ၂၀၀ ကျပ်တည်းပါ။ လက်ဖက်ရည်တစ်ခွက်ဖိုးပဲ ရှိပါတယ်'

နွေဦးက ဒေါက်တာနိုးကို မေးငေါ့ပြပါသည်။ 'ကိုကြီး၊ ဟုတ်လား' ဟူသော မျက်လုံးနှင့် မေးခွန်းထုတ်သည့်အမူအရာ ပြနေသည်။ ဒေါက်တာနိုးမှာ သွားဆရာဝန်ဖြစ်၍ မြင်ကွင်းအဖြစ်အပျက်ကို သဘောပေါက်မိသည်။ စီးပွားရေးလှည့်ကွက်ကို ပြုံးမိသည်။ 'မဟုတ်ပါဘူး' ဆိုပြီး ဒီလူအုပ်ကြီးထဲကို စူပါမင်းလိုလည်း ဝင်ရောက်မဖြေရှင်းရဲပါ။ သို့နှင့် နွေဦးကို လက်ကုတ်ပြီး ဝိုင်းထဲမှ ထွက်လာခဲ့ရပါသည်။ အပြန်တွင် နွေဦးက စတင်မေးပါတော့သည်။

'ကိုကြီး၊ သွားပိုးစားကောင်တွေက အကြီးကြီးပဲနော်။ ကိုကြီး တွေ့လား'

ထိုအခါ ဒေါက်တာနိုးက မကျေမနပ်ဟန်နှင့် ...

'ဟဲ့ ...၊ ဘယ်ကလာ ပိုးစားရမှာလဲ။ သွားပိုးစားကောင်တွေက ဒီလောက် အကောင်ကြီးကြီးတွေ ဘယ်လိုလုပ်ပြီး ပါးစပ်ထဲမှာ မွားနေနိုင်မလဲ။ စဉ်းစားကြည့်ပါဦး။ ပါးစပ်ထဲသာ ဒီလိုအကောင်တွေရှိနေရင် ယားကိုကို နဲ့ ပါးစပ်ထဲမှာ လျှောက်သွားနေတာ သိမှာပေါ့'

'ဒါဆို သွားပိုးစားတာ မရှိဘူးပေါ့၊ ဟုတ်လား'

'သွားပိုးတော့ မရှိဘူးပေါ့ဟာ။ အခေါ်အဝေါ်တော့ ရှိတာပေါ့'

'ကိုကြီးဟာလည်း ရှုပ်ကုန်ပါပြီ။ သွားပိုးတော့ မရှိဘူး။ အခေါ်အဝေါ်တော့ ရှိတယ်တဲ့။ ဘယ်လိုလဲ'



'ဒီလို သွားပိုးကောင်တော့ မရှိပါဘူး။ သွားကိုလည်း ပိုးမစားပါဘူး။ စားတဲ့ အစားအစာတွေနဲ့ ဘက်တီးရီးယားတို့ပေါင်းပြီး အချဉ်ဖောက်တဲ့အခါ သွားမျက်နှာပြင်တွေ ဆွေးသွားတယ်။ ဒီလို သွားဆွေးတာကို သွားပိုးစား ပေါက်လို့ ခေါ်တာပါ။ ကြာလာတော့လည်း ဒီအခေါ်အဝေါ်ကြောင့် သွားပိုး စားတာလို့ ပြောလာကြ၊ ထင်လာကြတာပဲ'

'ဒါဆိုရင် နွေဦးတို့ပါးစပ်ထဲက သွားပေါက်တာဟာ ပိုးစားလို့ဖြစ်တာ မဟုတ်ဘူးပေါ့။ ဒါများ ဘာလို့ လူသိထင်ရှား မြို့လယ်ခေါင်ကြီးမှာ ပြသနေ ရသေးလဲ'

'မသိတဲ့လူတွေကို ယုံအောင်ပြတာပေါ့။ ဒီလိုလုပ်လို့ ရခဲ့ရင် သွား ဆရာဝန်ဆိုတာ ရှိမှာမဟုတ်တော့ဘူး။ သွားပေါက်ထဲကို ဘက်တီးရီးယား ဝင်သွားပြီးမှ ရောဂါပိုးဝင်ပြီး ပြည်တည်တာ၊ ရောင်တာ၊ နာတာတွေ ဖြစ် လာတာလေ။ ဒါတောင် ဘက်တီးရီးယား မဝင်ခင်မှာတော့ သွားကို မာမာ တွေထိရင်လည်း နာတာ၊ ကျဉ်တာတွေ ရှိတာပဲ'

'ဩော် ... ဒါကြောင့်ကိုး။ နွေဦးက သွားပိုးစားဆိုတာ ရှိတယ်လို့ မှတ်နေတာ။ ခုမှပဲ သိတော့တယ်'

'အေးပေါ့။ နွေဦး သိသွားပြီဆိုရင် မသိတဲ့လူတွေကိုလည်း သွားပိုးစား ဆိုတာ မရှိဘူး။ သွားဆွေးတာပဲရှိတယ်လို့ ပြောပြလိုက်ဦးလေ'

'ဟုတ် ...'



ဒေါက်တာမိုလာ

သွားတစ်ချောင်း၏တန်ဖိုး

မောင်အတာ နဲ့ ဒေါက်တာနီး ဆွေးနွေးခန်းများ

ဒေါက်တာမိုလာ သွားတစ်ချောင်း၏တန်ဖိုး

ဒေါက်တာမိုလာ

သွားတစ်ချောင်း၏တန်ဖိုး

မောင်အတာ နဲ့ ဒေါက်တာနီး ဆွေးနွေးခန်းများ